# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်၊ ၂၀၀၇ ခုနှစ်၊ ဩဂုတ် ၂၇ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၆)၊ အမှတ် (၃၂၆)


## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ကျောက်မဲမြို့နယ် မိုင်းလုံကျေးရွာ လူမှုရေးအသင်းအဖွဲ့ဝင်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။
(သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ဆင်းရှေလီ အထူးအထွက်တိုးစပါး၊ ဆီထွက်သီးနှံစိုက်ခင်းများနှင့် မိုးကုတ်-မိုင်းလုံ-ကျောက်မဲလမ်းပိုင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ်၂၅ ရက် နံနက် ၈ နာရီက မိုးကုတ်-မိုင်းလုံ-ကျောက်မဲကားလမ်းဘေးဝဲ၊ယာရှိ ဖြစ်ထွန်းအောင်မြင်နေသည့် ဆင်းရှေလီ အထူးအထွက်တိုးစပါးစိုက်ခင်းများ၊ ဆီထွက်သီးနှံ မြေပဲ၊ ပြောင်း၊ လက်ဖက်၊ သစ်တောစိုက်ခင်းများနှင့် မိုးကုတ်-မိုင်းလုံ-ကျောက်မဲလမ်းပိုင်း အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ကျောက်မဲမြို့နယ် မိုင်းလုံကျေးရွာသို့ ရောက်ရှိသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် မိုးကုတ်-မိုင်းလုံ-ကျောက်မဲ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးဝင်းနိုင်၊ ကျောက်မဲခရိုင် အင်ဂျင်နီယာမှူး ဦးခင်မောင်ဦးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ မှာကြားညွှန်ကြား ဆောင်ရွက်ပေးပြီး လူမှုရေးအသင်းအဖွဲ့ဝင်များအား လက်ဆောင်ပစ္စည်းများပေးအပ်သည်။ *စာမျက်နှာ ၃ ကော်လံ ၁* ■

## မြန်မာ့အလင်း ဆောင်းပါး အညွှန်း

### ယနေ့ကမ္ဘာနှင့် လောင်စာဆီ ဈေးနှုန်းပြဿနာ

ဒီနေ့ကမ္ဘာတစ်ဝန်းမှာ ဖြစ်နေတဲ့ လောင်စာဆီဈေးနှုန်းပြဿနာရဲ့ ထိုးနှက် ရိုက်ခတ်မှု ဂယက်ကြောင့် ကျွန်တော်တို့နိုင်ငံမှာလဲ လောင်စာဆီဈေးနှုန်း မလွှဲမရှောင်သာ တိုးမြှင့်လိုက်ရတာကို နားလည်နိုင်ကြမယ်လို့ ထင်ပါတယ်။ အရှုံးကြီးကနေ အရှုံးလေးဖြစ်လာအောင် ဆောင်ရွက်လိုက်ရလို့ နိုင်ငံ့ဘဏ္ဍာငွေ စိုက်ထုတ်ကုန်ကျခံထားရတဲ့ပမာဏ နည်းလာရင် အခြားသော နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေမှာ ပိုပြီးအသုံးချလာနိုင်မှာကိုလဲ အပြုသဘောနဲ့ တွေးဆကြည့်မြင်လာနိုင်ကြလိမ့်မယ်လို့ မျှော်လင့်မိပါတယ်။

ကျော်စွာမျိုးထက်၏ ဆောင်းပါး (စာ ၈ နှင့် ၉ )တွင် ဖတ်ရှုနိုင်ပါသည်။

## နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

## အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဩဂုတ် ၂၇ ရက်)

# အထွက်နှုန်းကောင်း ဆင်းရွှေလီစပါး တိုးချဲ့စိုက်ပျိုး

နိုင်ငံတော်က ပြည်တွင်းဆန်စားသုံးမှု ဖူလုံရေးအတွက် စပါးစိုက်ဧကများတိုးချဲ့စေလျက် တစ်ဧက အထွက်နှုန်းကောင်း ရရှိရန် ပံ့ပိုးဖြည့်ဆည်းပေးနေသည်။

စပါးသီးနှံကို မိုးစပါး၁၇သန်း၊ နွေစပါး သုံးသန်း စုစုပေါင်း စိုက်ဧက သန်း၂၀ စိုက်ပျိုးစေလျက် တစ်နှစ်လျှင် တင်းသန်းပေါင်း၁၅၀၀ထွက်ရှိရေး မျှော်မှန်းဆောင်ရွက်လျက် ရှိသည်။

စပါးတစ်ဧကတင်း၁၀၀ ထွက်ရှိရေးသည် ပန်းတိုင်ရည်မှန်းချက်ဖြစ်သည်။ ယင်းရည်မှန်းချက် ပြည့်မီရန်မှာ စိုက်စနစ်မှန်ကန်ပြီး သတ်မှတ်စွမ်းအားစုများ အပြည့်အဝအသုံးပြုရန် လိုအပ်မည်ဖြစ်သည်။ အရေးအကြီးဆုံးမှာ အထွက်နှုန်းကောင်းစပါးမျိုးကို ပြောင်းလဲစိုက်ပျိုးသွားရန် ဖြစ်သည်။

ဆင်းရွှေလီစပ်မျိုးစပါးသည် တစ်ဧကအထွက်နှုန်းကောင်းသော စပါးမျိုးဖြစ်သည်။ ပျမ်းမျှ တစ်ဧကလျှင် တင်း၂၀၀ထွက်ရှိပြီး ဆန်အရည်အသွေးကောင်းသည်။ တောင်သူများအနေဖြင့် တစ်ဧက အထွက်နှုန်းကောင်းရရှိစေရန် ပြောင်းလဲစိုက်ပျိုးသင့်သော စပါးမျိုးဖြစ်သည်။

ဆင်းရွှေလီစပါးမျိုးကို မိုးစပါးနှင့်နွေစပါးအဖြစ် စိုက်ပျိုးနိုင်ပြီး စိုက်ရက်သက်တမ်းမှာ ရက်ပေါင်း၁၁၀ခန့် ရှိသည်။

ယခုအခါ ဆင်းရွှေလီစပါးမျိုးကို ပြည်နယ်နှင့်တိုင်းဒေသအချို့၌ အထူးအထွက်တိုး စံပြကွက်များအဖြစ် ထူထောင်စိုက်ပျိုးလျက်ရှိသည်။ ဆင်းရွှေလီစပါးမျိုးသည် မိုးများသော ဒေသများသာမက မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသများ၌ပါ စိုက်ပျိုးနိုင်သော စပါးမျိုးလည်း ဖြစ်သည်။

သို့ဖြစ်ရာ တောင်သူလယ်သမားများအနေဖြင့် စိုက်ပျိုးရေးဝန်ထမ်းများနှင့် ပူးပေါင်းလျက် အထွက်နှုန်းကောင်းသည့် ဆင်းရွှေလီစပါးမျိုးကို တိုးချဲ့စိုက်ပျိုးသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ဦးအောင်ဌေး - ဒေါ်စန်းစန်းလွင် မိသားစုက အလှူငွေကျပ်တစ်သိန်းကို ပြင်သစ်နိုင်ငံ သာသနာပြု ဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ကျွန်းနံ့သာ အရှင်နန္ဒသိရီထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

## မြဝတီ ရုပ်မြင်သံကြား

၂၇-၈-၂၀၀၇
(တနင်္လာနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေး တေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ အမျိုးသားရေး တေးကဗျာ
၄:၂၅ ၄။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄:၅၀ ၅။ မျိုးချစ်တပ်မတော်
၅:၁၀ ၆။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၃၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၉။ နိုင်ငံတကာသတင်း
၆:၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆:၃၅ ၁၁။ လျှပ်တစ်ပြက်
၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
**ပဲပေါင်မုန့်**
(အပိုင်း-၂၆)
ဇာတ်သိမ်းပိုင်း
၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ မိုးလေဝသသတင်း
၁၅။ အမျိုးသားရေးတေးကဗျာ
၁၆။ မေးမြန်းစူးစမ်း
၁၇။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
**သိုင်းလောက မုန်တိုင်း**
**(ဒုတိယတွဲ)**
(အပိုင်း-၂၈)

# အရန်သားဖွားဆရာမ သင်တန်းဆင်းပွဲကျင်းပ တိုင်းမှူးဗိုလ်ချုပ်လှဌေးဝင်း အမှာစကားပြောကြား အရန်သားဖွားဆရာမသုံး ကစ်ပုံးများပေးအပ်

**ရန်ကုန် ဩဂုတ် ၂၆**

ရန်ကုန်တိုင်း ကျန်းမာရေး ကော်မတီနှင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း ဆောင်ရွက်သော အရန်သားဖွားဆရာမသင်တန်း တတိယအကြိမ်သင်တန်းဆင်းပွဲကို ယမန်နေ့ မွန်းလွဲ ၁နာရီက ရန်ကုန်တိုင်း လမ်းမတော်မြို့နယ်ရှိ သူနာပြုတက္ကသိုလ်ခန်းမ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

အစီအစဉ်အရ ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက အမှာစကား ပြောကြားသည်။

**ပေးအပ်**

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်လှဌေးဝင်းနှင့်ဇနီး ရန်ကုန်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ တို့က ကျန်းမာရေးဦးစီးဌာနမှ ပေးအပ်သော အရန်သားဖွားဆရာမသုံး ကစ်ပုံးများကို မြို့နယ် ၁၄မြို့နယ်မှ သင်တန်းဆင်း အရန်သားဖွားဆရာမများအား ပေးအပ်ရာ သင်တန်းသူ ကိုယ်စားလှယ်များက လက်ခံကြသည်။ **(အပေါ်ပုံ)**

**ကြည့်ရှုအားပေး**

ထို့နောက် ရန်ကုန်တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာလှမြင့်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး သင်တန်းသူ မသဇင်ဦးက ကျေးဇူးတင်စကားပြောကြားကာ တိုင်းမှူး၊ ဇနီးနှင့်အဖွဲ့ဝင်များသည် အရန်သားဖွားဆရာမသုံး ကစ်ပုံးအတွင်း ပါဝင်သော ပစ္စည်းများ ခင်းကျင်း ပြသထားမှုကို ကြည့်ရှုအားပေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**တက်ရောက်**

အဆိုပါသင်တန်းသို့ ရန်ကုန်တိုင်းအတွင်း မြို့နယ် ၁၄မြို့နယ်မှ အရန်သားဖွားဆရာမ သင်တန်းသူ ၁၄၉ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ခြောက်လကြာမြင့်သည်။ ယခုသင်တန်းဆင်းခြင်းမှာ တတိယအကြိမ်ဖြစ်၍ သင်တန်းသူ ၃၃၁ဦး တက်ရောက်အောင်မြင်ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၂၇-၈-၂၀၀၇
(တနင်္လာနေ့)

၇:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅ **အနှိုင်းမဲ့မီးတရားတော် (အပိုင်း-၂) ဆရာတော် အရှင်ဆန္ဒာဓိက**
၈:၀၅ ကြည်စွအယူခန္ဓာ့အလှူ ဓမ္မနှင့်လှူ
၈:၃၀ တေးဂီတအစီအစဉ်
၈:၄၀ သဘာဝကပေးတဲ့ အကျိုးအာနိသင်
၈:၅၀ တေးဂီတအစီအစဉ်
၈:၅၅ မြေပြင်ပေါ်တွင်လူသည် သာသနာ့ဗိမာန်တည်
၉:၁၅ ပြည်တွင်းသတင်းအကျဉ်း
၉:၂၅ သိမ်းဆည်းထားဝစဉ် မညှိုးပန်းအသွင်
၉:၄၀ တေးဂီတအစီအစဉ်
၉:၄၅ ဘိုင်းဒါးတံတား
၉:၅၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (အမျိုးသမီး သားဥကင်ဆာနှင့် ပတ်သက်သော ကျန်းမာရေး အမေးအဖြေများ) (ဧည့်သည်တော်-သူသူဟံသာ)
၁၀:၃၀ မိုးလေဝသခန့်မှန်းချက်
၁၀:၃၅ လောင်စာစွမ်းအင်အတွက် အားထားရမည့် ခြံစည်းရိုး ကြက်ဆူပင်များ
၁၀:၅၀ တေးဂီတအစီအစဉ်
၁၀:၅၅ အလျော်အစား (ဇင်ဝိုင်း၊ ငွေစင်သွန်း၊ ခင်သန်းနွယ်) (ဒါရိုက်တာ-ကျော်ဇောလင်း)
၁၁:၀၅ ပြည်တွင်းသတင်းအကျဉ်း
၁၁:၁၅ MRTV-4 စာအုပ်စင်ကဏ္ဍ Angel (နတ်မိမယ်)ဂျာနယ် တာဝန်ခံအယ်ဒီတာ ညိုသစ်ငယ်နှင့် တွေ့ဆုံခြင်း
၁၁:၄၀ တေးဂီတအစီအစဉ်
၁၁:၄၅ သုဒဿနတောင်ပေါ်မှ လေးဆူ ဓာတ်ပျော် **"ပြည်ရွှေဆံတော်"**
၁၁:၅၅ နိုင်ငံတကာသတင်းအကျဉ်း
၁၂:၀၀ အာဆီယံအမျိုးသမီးဘောလုံး ပြိုင်ပွဲဝင်မည့် အိမ်ရှင်မြန်မာ အသင်းနှင့် တွေ့ဆုံခြင်း
၁၂:၁၀ တေးဂီတအစီအစဉ်
၁၂:၂၅ အရသာတစ်မူထူးခြား ကိုရီးယား အစားအစာများ (ရှေညိုထမင်းလိပ်၊ ပဲခေါက်ဆွဲ)
၁၂:၃၅ တေးဂီတအစီအစဉ်
၁၂:၄၀ ထူးထူးခြားခြား ရာသီဥတုဖြစ်စဉ်များ
၁:၀၀ MRTV-4 အပိတ် Logo

**အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

■ ရှေ့ဖုံးမှ

အဆိုပါ ကျောက်မဲ-မိုင်းလုံ-မိုးကုတ်လမ်းသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နှင့် မန္တလေးတိုင်း မိုးကုတ်မြို့တို့သို့ ဆက်သွယ်ထားသောလမ်းဖြစ်ပြီး ကျောက်မဲမှ မိုးကုတ်အထိ ၇၆ မိုင်ကွာဝေးသည်။

**လက်ဆောင်ပစ္စည်း**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် ကျောက်မဲမြို့နယ် ပန်စံကျေးရွာသို့ သွားရောက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ကျေးရွာရှိ လူမှုရေးအသင်းအဖွဲ့များအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် မိုးကုတ်-မိုင်းလုံ-ကျောက်မဲ ကားလမ်းဘေး ဝဲယာ၌ လေ့ကားထစ်စနစ်ဖြင့် စိုက်ပျိုးထားသည့် စပါးစိုက်ခင်းများ၊ ဆီထွက်သီးနှံ၊ ပဲပုပ်၊ လက်ဖက်နှင့် ပြောင်းစိုက်ခင်းများကို မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ကျောက်မဲခရိုင် ပန်ကွမ်ကျေးရွာသို့ ရောက်ရှိရာ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ကျေးရွာရှိ လူမှုရေးအသင်းအဖွဲ့ဝင်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် မိုးကုတ်-မိုင်းလုံ-ကျောက်မဲ ကားလမ်းဘေးဝဲယာ၌ ဖြစ်ထွန်းအောင်မြင်နေသည့် လက်ဖက်စိုက်ခင်းနှင့် ကားလမ်းပိုင်းအခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေး၍ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ ကျောက်မဲမြို့သို့ရောက်ရှိသည်။ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ကျောက်မဲ-လားရှိုး ကားလမ်းတစ်လျှောက် လမ်းဘေးဝဲယာ၌ ဖြစ်ထွန်းအောင်မြင်နေသည့် ဆင်းရွှေလီ စပါးစိုက်ခင်းများ၊ ကြံ၊ လက်ဖက်၊ ပြောင်းနှင့် မြေပဲစိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာလာရာ လားရှိုးမြို့သို့ ရောက်ရှိသည်။ **(သတင်းစဉ်)**

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဦးဝိစာရလမ်းရှိ အမျိုးသား ကြီးပွားတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက်ရုံးသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။**

(သတင်းစဉ်)

# အမျိုးသားကြီးပွားတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက်ရုံးသစ်ဖွင့်ပွဲ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၆

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဦးဝိစာရလမ်း အမှတ် ၂၂၄ ရှိ အမျိုးသားကြီးပွားတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက် (National Prosperity Public Company Limited)ရုံးသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။**

**တက်ရောက်**

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ အမျိုးသားကြီးပွားတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် အမျိုးသားကြီးပွားတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးစိုးထွန်းရှိန်တို့က အမျိုးသားကြီးပွားတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက် ရုံးသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမျိုးသားကြီးပွားတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ ဝန်ကြီးနှင့် မြို့တော်ဝန်တို့က ကမ္ပည်းမော်ကွန်းအား နံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် အဆောက်အအုံအတွင်း၌ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များအား ဥက္ကဋ္ဌ ဦးစိုးထွန်းရှိန်က ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ရုံးသစ်အဆောက်အအုံကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

**ခရစ်ယာန်ဘာသာဝင် အမျိုးသားညီလာခံကိုယ်စားလှယ်များ ကြည့်မြင်တိုင် စမ်းချောင်း ကရင်နှစ်ခြင်းအသင်းတော်၌ ဝတ်ပြုဆုတောင်းကြစဉ်။**

(သတင်းစဉ်)

# ဆံတော်ရှင်ကျိုက်ခေါက်စေတီ၊ ရွှေတိဂုံစေတီတော်မြတ်ကြီးတို့အား အမျိုးသားညီလာခံကိုယ်စားလှယ်များ သွားရောက်ဖူးမြော်ကြည်ညို ခရစ်ယာန်ဘာသာဝင် ညီလာခံကိုယ်စားလှယ်များ ဝတ်ပြုဆုတောင်း

**ရန်ကုန် ဩဂုတ် ၂၆**

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံသို့ တက်ရောက်နေကြသော အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၏ စီစဉ်မှုဖြင့် အမျိုးသားညီလာခံ နားရက်ဖြစ်သည့် ယမန်နေ့ (စနေနေ့) နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ရှိ သမိုင်းဝင်ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်သို့ ရောက်ရှိကြရာ စေတီတော်ရင်ပြင်ရှိ ကြေးသွန်းမဟာမြတ်မုနိတန်ဆောင်း၌ စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်စိုး(ငြိမ်း)က ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် စေတီတော်သမိုင်းအကျဉ်းကို ရှင်းလင်းပြောကြားသည်။

**ဖူးမြော်ကြည်ညို**

ယင်းနောက် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်အတွက် စုပေါင်းလှူဒါန်းငွေများကို စေတီတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌထံပေးအပ်လှူဒါန်းကြပြီး စေတီတော်အား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ထို့အတူ အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီမှ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ရောက်ရှိကြပြီး ရှေးဦးစွာ စေတီတော်အထက်ပစ္စယာ၌ ကိန်းဝပ်စံပယ်တော်မူသည့် ပတ္တမြားမျက်ရှင်ရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြသည်။

**ကောင်းမှုကုသိုလ်ပြုလုပ်**

ထို့နောက် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး ဗုဒ္ဓရုပ်ပွားဆင်းတုတော်မြတ်များအား ပန်း၊ ရေချမ်း၊ အလင်းတိုင်နှင့် အမွှေးနံ့သာတိုင်များ ဆက်ကပ်လှူဒါန်းပူဇော်ခြင်း၊ ဂြိုဟ်တိုင်ရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ရေသပ္ပာယ်ခြင်း၊ စေတီတော်မြတ်ကြီးအတွက် အလှူငွေများထည့်ဝင်လှူဒါန်းခြင်း စသည့် ကောင်းမှုကုသိုလ်များပြုလုပ်ကြသည်။

အလားတူ ခရစ်ယာန်ဘာသာဝင် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံနားရက်ဖြစ်သည့် ယနေ့(တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကြည့်မြင်တိုင် စမ်းချောင်း ကရင်နှစ်ခြင်းအသင်းတော်သို့ သွားရောက်ဝတ်ပြုဆုတောင်းကြသည်။ **(သတင်းစဉ်)**

# ကျိုက်ထီးရိုး မဟာစည် ၁၀ ရက် တရားစခန်း

**ရန်ကုန် ဩဂုတ် ၂၆**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျိုက်ထီးရိုး မဟာစည်သာသနာ့ရိပ်သာ တတိယအကြိမ် ၁၀ ရက် တရားစခန်းပွဲကို ဝါခေါင်လပြည့်ကျော် ၈ ရက်မှ တော်သလင်းလဆန်း ၃ ရက် (စက်တင်ဘာ ၅ ရက်မှ ၁၄ ရက်)အထိ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ သာသနဓဇ ဓမ္မာစရိယ ဘဒ္ဒန္တ ဝိစာရိန္ဒ မဟာစည်နာယက သာယာကုန်းဆရာတော် ဦးစီး၍ မဟာသတိပဋ္ဌာန် ဝိပဿနာ အလုပ်ပေးတရားတော်ကို ဟောကြားပြသမည်ဖြစ်သည်။

**စာရင်းပေးသွင်းနိုင်**

တရားစခန်းဝင်လိုသော ယောဂီများ စက်တင်ဘာ ၃ ရက် နောက်ဆုံးထား၍ ဖုန်း-၀၉-၅၁၆၆၇၉၃ (ရန်ကုန်)နှင့် ၀၅၇-၆၀၁၀၀(ကျိုက်ထို) တို့သို့ စာရင်းပေးသွင်းနိုင်ပြီး စက်တင်ဘာ ၄ ရက် ညနေ ၅ နာရီတွင် ကျိုက်ထီးရိုး မဟာစည်သာသနာ့ရိပ်သာသို့ လာရောက်ရန်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

# ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၃၃)ဖြန့်ချိ

**ရန်ကုန် ဩဂုတ် ၂၆**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၃၃)တွင် 'လျှို့ဝှက်သောနှင်း' နိုင်ငံတကာ ရုပ်မြင်သံကြားလိုင်းမှ ကမ္ဘာတစ်ဝန်းလုံးသို့ ပျံ့နှံ့ အာဆီယံ အနှစ်(၄၀)ပြည့်အထိမ်းအမှတ်အဖြစ် အင်ဒိုနီးရှား ရုပ်သံလိုင်းမှ ထုတ်လွှင့်ခဲ့၊ ရန်ကုန်မြို့တွင်းပြေး ခရီးသည်တင် ယာဉ်လိုင်းအချို့ ကားခလျှော့ချ၊ ပြည်တွင်းလေယာဉ် လက်မှတ်နှုန်းများ ပြောင်းလဲသတ်မှတ်ရန် ညှိနှိုင်းနေ၊ ဂျပန်ဘာသာစကားပြိုင်ပွဲ ထူးချွန်စွာအောင်မြင်ခဲ့သူ ဂျပန်နိုင်ငံသို့ လေ့လာရေးခရီးသွားရပြီ၊ မြန်မာနိုင်ငံမှတင်ပို့နေသော ကုန်ပစ္စည်းကိုးမျိုးကို ထိုင်းက အခွန်ကင်းလွတ်ခွင့်ပြု၊ ဈေးနှုန်းချိုသာစွာ စီးနိုင်ရန် အောင်မင်္ဂလာ အဝေးပြေးဂိတ်တွင် ကိုယ်ထူကိုယ်ထ တက္ကစီဂိတ်တစ်ခု ဖွင့်လှစ်ပြေးဆွဲ၊ 'မမော်ချင်နေ...ပျော်ချင်လှသည်' ယနေ့ ရန်ကုန်လူနေမှုဘဝနှင့်ပတ်သက်၍ မျက်မှောက်ရေးရာသုံးသပ်ချက် သတင်းဆောင်းပါး စသည့် ပြည်တွင်းရေးရာသတင်းများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

**ဖြန့်ချိ**

'အဲရစ်ဆင်-ဘီယန်ချီ-မန်စီးတီး ဘယ်လောက်အထိ အတွဲညီကြမလဲ' အားကစားဆောင်းပါးနှင့်အတူ ချစ်မွေးခွေး ပင်လယ်လှိုင်းစီးပြိုင်ပွဲ ဒုတိယအကြိမ်ကျင်းပ၊ ကမ္ဘာတစ်ပတ် ရက်ရှစ်ဆယ် အပေါ့ဆုံးလေယာဉ်ဖြင့် အိန္ဒိယလေယာဉ်မှူးများ စံချိန်တင်၊ လေအေးစက်ဂျာကင် ဂျပန်ကုမ္ပဏီတီထွင်၊ ဒီဗွီဒီခာတ်ပြားအနံ့ခံပါရဂူ ခွေးနှစ်ကောင် မလေးရှားက ဂုဏ်ပြုဘွဲ့တံဆိပ်ချီးမြှင့်၊ အေ့စ်ဝေဒနာရှင်များအတွက် လိုအပ်နေသော ရန်ပုံငွေကိုရီးယားမင်းသား ကင်မ်ဟေးဆန်က ရှာဖွေပေးခဲ့၊ တံတားပြို၍ သေဆုံးမှုအတွက် ကြီးလေးသောအပြစ်ဒဏ်ပေးရန် တရုတ်သမ္မတ အမိန့်ချမှတ် စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက် ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media Houseက မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

**(သတင်းစဉ်)**

# စာပေလောကသားများ တိုင်းပြည်၏တာဝန်ကို စာပေကဏ္ဍဖြင့် ထမ်းဆောင်နေ အသင်းအဖွဲ့လိုက် စုစည်းညီညွတ်စွာ ဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုများရရှိ

## ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များလောက ဖွံ့ဖြိုးတိုးတက်ရေး အကြံပြုဆွေးနွေး

ရန်ကုန် ဩဂုတ် ၂၆

**ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့် စာပေစိစစ်ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှုဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့နံနက်ဇနာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း (Myanmar Printers and Publishers Association, MPPA)မှ ဥက္ကဋ္ဌနှင့် အမှုဆောင်များအားတွေ့ဆုံ၍ စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပုံနှိပ်လောက ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။** (အပေါ်ပုံ)

### တက်ရောက်

တွေ့ဆုံပွဲသို့ ပုံနှိပ်သူများ၊ ထုတ်ဝေသူများ၊ မှတ်ပုံတင်နှင့် စာပေစိစစ်ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှုဗဟိုအဖွဲ့ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် အကြံပေးပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် အသင်းဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပုံနှိပ်သူများ၊ ထုတ်ဝေသူများ၊ မှတ်ပုံတင်နှင့်စာပေစိစစ်ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှုဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းကို ၁၉၉၀ပြည့်နှစ် ဒီဇင်ဘာ ၁၇ရက်တွင် မြန်မာနိုင်ငံ ကုန်သည်များ အက်ဥပဒေအရ ဖွဲ့စည်းပေးခဲ့ကြောင်း၊ ယခုဆိုလျှင် သက်တမ်းအားဖြင့် ၁၆ နှစ်ကျော်ရှိပြီဖြစ်ကြောင်း၊ လုပ်ငန်းတစ်ခုကို တစ်ဦးတည်း၊ တစ်ယောက်တည်း ဆောင်ရွက်သည်ထက် အသင်းအဖွဲ့အလိုက် စုစုစည်းစည်း ညီညွတ်ဆောင်ရွက်ခြင်းက ခွန်အားဖြစ်စေသကဲ့သို့ အောင်မြင်မှုလည်းရရှိစေကြောင်း၊ မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်းသည် လူမှုရေးလုပ်ငန်း၊ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် တက်ကြွစွာဆောင်ရွက်နေရသည်ကို တွေ့ရှိရသဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ စာပေလောကသားများသည် မိမိတို့ဝါသနာပါရာ စာပေဖြင့် အသက်မွေးဝမ်းကျောင်းပြုနေခြင်းဖြစ်သကဲ့သို့ တစ်ဖက်ကလည်း တိုင်းပြည်၏တာဝန်ကို စာပေကဏ္ဍဖြင့် တစ်ထောင့်တစ်နေရာမှ ထမ်းဆောင်နေခြင်းဖြစ်ပါကြောင်း၊ ယနေ့တွေ့ဆုံရသည်မှာ ရည်ရွယ်ချက် နှစ်ချက်ရှိကြောင်း၊ ပထမတစ်ချက်မှာ မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း၏ အခြေအနေကို သိရှိပြီး ကူညီပံ့ပိုးသင့်သည်များကို ကူညီပံ့ပိုးသွားရန်၊ ဒုတိယအချက်မှာ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုညှိနှိုင်း၊ တိုင်ပင်ဆွေးနွေးသွားကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမောင်မောင်က အသင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးတင့်ဆွေက အသင်း၏တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသော အမှုဆောင်များက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ဖြည့်စွက်ညှိနှိုင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

## ✱ ကျောဖုံးမှ

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စေတနာရှင်အလှူရှင်များ၊ ဝတ်အသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ တောင်ဥက္ကလာပမြို့နယ် ငွေကြာယံပရိယတ္တိစာသင်တိုက် နာယကအဖွဲ့ဝင် စာချဆရာတော် ဓမ္မာစရိယ၊ ဒီဃဘာဏက ဘဒ္ဒန္တဓမ္မဒိန္နထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

### ဆက်ကပ်လှူဒါန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ငွေကြာယံပရိယတ္တိစာသင်တိုက် နာယကအဖွဲ့ဝင် စာချဆရာတော် ဓမ္မာစရိယ ဒီဃဘာဏက ဘဒ္ဒန္တဓမ္မဒိန္နထံ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ ဒုတိယမြို့တော်ဝန်နှင့် တပ်မတော် အရာရှိကြီးများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီနှင့် ပဲတို့ကို တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများကိုယ်စား တပ်မတော် (ကြည်း၊ ရေ၊ လေ)အရာရှိကြီးသုံးဦးတို့က ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ စန္ဒီပရဆေးမိသားစု၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် တောင်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အာရှကြီးပွားတိုးတက်ရေးကုမ္ပဏီ၊ ထွန်းရွှေဝါတိုင်းရင်းဆေးတိုက်၊ စူပါကော်ဖီမစ်၊ ဂေါ်ဇီလာခြင်နိုင်ဆေးခွေနှင့် ဦးမောင်ကောင်း (၈)ရပ်ကွက်တို့က ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

### ဆွမ်းပဒေသာပင်

ယင်းနောက် စေတနာရှင် အလှူရှင်များက ဆွမ်းပဒေသာပင်အတွက် အလှူတော်ငွေများကို ပေးအပ်လှူဒါန်းကြရာ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုနှင့် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် ၁၉၀၀၀၀စီ၊ တောင်ဥက္ကလာပ စက်မှုဇုန်(၁) (၈)ရပ်ကွက်ကငွေကျပ် ၁၂သိန်း၊ တောင်ဥက္ကလာပမြို့နယ် ပြည်သူများက ငွေကျပ် ၁၀သိန်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် မော်တော်ယာဉ်ထုတ်လုပ်ရေးက ငွေကျပ်လေးသိန်း၊ (ဦးသိန်းမောင်)-ဒေါ်ပါးပါး (စန္ဒီပရဆေး မိသားစု)က ငွေကျပ်၃၀၇၀၀၀၊ ဦးတင်လတ် (သဘော်ဆေးစက်ရုံ၊ ၈ ရပ်ကွက်)၊ ဦးခင်ဇော်-ဒေါ်ခင်ဆွေဦး (ကျားကိုးကောင် မော်တော်ယာဉ်ထုတ်လုပ်ရေး)၊ သီဟသုဓမ္မမဏိဇောတဓရ ဦးတင်ဝင်း-ဒေါ်စန်းစန်းဝင်း (မြန်မာပြည်သားဟော့ KNကုမ္ပဏီ)၊ ဒေါက်တာမောင်မောင်ဦး (အာရှအိပ်စ်ပရက်ကုမ္ပဏီ)နှင့်သီရိသုဓမ္မမဏိဇောတဓရ ဦးစိုးဟန်လင်း-ဒေါ်နန္ဒာအောင်တို့က ငွေကျပ်သုံးသိန်းစီ၊ တောင်ဥက္ကလာပမြို့နယ်ပညာရေး မိသားစုက ငွေကျပ် ၂၁၀၀၀၀၊ ဦးဗိုလ်ဆိုင်(တက်နေကုမ္ပဏီ)၊ တောင်ဥက္ကလာပမြို့နယ် ဆီကုန်သည်များအသင်း၊ ဦးမြင့်ဆန်း (ဇလမ်း၊ ၁၀ရပ်ကွက်)နှင့် ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန်(ဆန်းမြန်မာကုမ္ပဏီ)တို့က ငွေကျပ်နှစ်သိန်းစီ၊ သီဟသုဓမ္မ မဏိဇောတဓရဦးတင်အောင်-သီရိသုဓမ္မသင်္ဂီ ဒေါ်လှလှနွယ် (ဝင်းရတနာ ခရီးသွားလုပ်ငန်း)၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းနှင့် ဦးသိုင်းဝင်း-ဒေါ်ဌေးဌေးညွန့်(BTBကုမ္ပဏီ)တို့က ငွေကျပ် ၁၅၀၀၀၀စီ၊ သီရိသုဓမ္မသင်္ဂီ ဒေါ်မြသိန်း၊ (သား) ဦးရန်ရှင်း မိသားစု (United Winners International Co.,Ltd.) က ငွေကျပ် ၁၁၀၀၀၀၊ ဦးမောင်မောင်ဦး (မင်္ဂလာရွှေအုပ် တိုင်းရင်းဆေး)၊ ဦးမျိုးလွင် (စိုးညီအစ်ကိုကားထုတ်လုပ်ရေး)၊ ဦးစန်းမြင့်(သရဖူပလတ်စတစ်လုပ်ငန်း)၊ ဦးစိန်မင်း(စိန်ပဒေသာ ဒန်အိုးစက်)၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးစံငြိမ်း (၉ရပ်ကွက်)၊ ဦးလှမြင့်(သစ်လုပ်ငန်း၊ ၇ရပ်ကွက်)၊ Frand ပန်းယမ်နှင့် စိန်ရတနာ တည်းခိုခန်းများ၊ မြို့နယ် ဆန်ကုန်သည်များအသင်း၊ ဦးကိုကိုနိုင် (၁၀ရပ်ကွက်)၊ ဥက္ကလာပစေတီတော် ဂေါပကအဖွဲ့၊ သာသနာဟိတမွှာရုံ (၁၁ရပ်ကွက်) ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ (ထွန်းရွှေဝါဆေးတိုက်)၊ ဒေါ်လှလှ (လမ်းမတော်၊ သီရိသုဓမ္မသင်္ဂီ ဒေါ်ခင်နန်းမွန်နှင့်သုဓမ္မသင်္ဂီ ဒေါ်နုနုငယ်တို့က ငွေကျပ်တစ်သိန်းစီ အပါအဝင် ဆွမ်းပဒေသာပင် အလှူငွေ စုစုပေါင်းငွေကျပ် ၇၆၅၇၀၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးဗိုလ်ချုပ်လှဌေးဝင်း၊ ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါနှင့် တပ်မတော် အရာရှိကြီးများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် ငွေကြာယံပရိယတ္တိစာသင်တိုက်နာယကအဖွဲ့ဝင် စာချဆရာတော် ဓမ္မာစရိယ၊ ဒီဃဘာဏက ဘဒ္ဒန္တဓမ္မဒိန္နထံမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်အဖွဲ့ဝင်များ၊ ပရိသတ်များ က အနုမောဒနာတရားနာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တောင်ဥက္ကလာပမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်များသို့ ယနေ့လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၂၆၂အိတ်နှင့် ၉ပြည်၊ ဆီ ၁၀၆၇ပိဿာနှင့် ၁၀ကျပ်သား၊ အိုင်အိုဒင်းဆား ၁၇၇၁ပိဿာ၊ သွားတိုက်ဆားဘူး ၃၅၄ ဘူး၊ ပဲ ၃၅၄ပိဿာနှင့် ၂၀ကျပ်သား၊ တိုင်းရင်းဆေးမျိုးစုံ ၁၀၁၂ဘူး၊ ကြာဆံ၄၈ထုပ်၊ စူပါကော်ဖီမစ် ၂၄၅ပါကင်၊ ဂေါ်ဇီလာခြင်ဆေးခွေ အထုပ် ၄၀၀နှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေကျပ် ၇၆၅၇၀၀၀ဖြစ်သည်။

### လှိုင်မြို့နယ်

အလားတူ ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၁၃ တိုက်နှင့် သီလရှင်စာသင်တိုက် နှစ်တိုက်သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ညနေ ၃ နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမှတ်(၁၃) ရပ်ကွက်ရှိ ပဏ္ဍိတာရာမစာသင်တိုက်၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဆရာတော် သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ရှေးဦးစွာ နိုင်ငံတော်ဩဝါဒါစရိယ ပဏ္ဍိတာရာမစာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက နိုင်ငံတော် ဩဝါဒါစရိယ ပဏ္ဍိတာရာမစာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတထံ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

### ဆွမ်းဆန်တော်လှူဒါန်း

ထို့နောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီနှင့်ပဲတို့ကို တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများကိုယ်စား တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိကြီးသုံးဦးတို့က ဆရာတော်နှင့် သီလရှင်ဆရာကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ သာသနာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာ ဦးစီးဌာန၊ မြန်မာ့ဆားနှင့် အဏ္ဏဝါ ဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ လှိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ စန္ဒီပရဆေးမိသားစု၊ အိုကေ ပဲမျိုးစုံရောင်းဝယ်ရေး၊ အာရှကြီးပွားတိုးတက်ရေးထုတ်ကုန်သွင်းကုန်လီမိတက်နှင့် GYI စက်မှုလုပ်ငန်းတို့က ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

### အလှူငွေများလက်ခံ

ယင်းနောက် ဆွမ်းပဒေသာပင် အတွက်အလှူရှင်များဖြစ်ကြသော တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုနှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် ၁၅၀၀၀၀ စီ၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် လှိုင်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်နှစ်သိန်း၊ (ဒေါက်တာချန်တိတ်)-ဒေါ်ခင်ဖွား မိသားစု(သံလွင်လမ်း၊ ကမာရွတ်)က ငွေကျပ် သိန်း ၅၀၊ ဒေါက်တာခင်သက်မော်နှင့် မောင်၊ ဒေါက်တာမြင့်စင်းတို့က ငွေကျပ်သိန်း ၂၀၊ ဦးစိုးအောင် မိသားစုက ငွေကျပ်ခြောက်သိန်း၊ သုဓမ္မမဏိဇောတဓရ ဦးဇေယျသူရမွန်-ဒေါ်ခိုင်ခိုင်မြင့် (Gunkul Engineering and Fresh Air Conditioners Co., Ltd.)နှင့် ဒေါက်တာဝင်းမြင့်-သီဟသုဓမ္မသင်္ဂီ ဒေါ်ခိုင်ခိုင်ဦး (လှိုင်ရတနာမွန်အိမ်ရာ၊ ၁၂ရပ်ကွက်)တို့က ငွေကျပ် ငါးသိန်းစီ၊ လှိုင်မြို့နယ်အတွင်းရှိ စက်ရုံအလုပ်ရုံနှင့် ဌာနဆိုင်ရာများ၊ ဈေးများက ငွေကျပ် ၄၆၂၆၀၀၀၊ (ဦးသိန်းမောင်)-ဒေါ်ပါးပါး (စန္ဒီ ပရဆေးမိသားစု)က ငွေကျပ် ၃၀၇၀၀၀၊ ဦးချောင်-ဒေါ်ရွှေစင်(Gold Uni Jewellery Co., Ltd.)၊ Super Coffee Mix ဦးထွန်းမြင့်-ဒေါ်စန်းစန်းဦး၊ (ဘုတ်ဆုံမ ငရုတ်သီးမှုန့်)နှင့် လှိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်သုံးသိန်းစီ၊ လှိုင်မြို့နယ်အတွင်းရှိ စားသောက်ဆိုင်များက ငွေကျပ်၂၀၈၀၀၀၊ ဦးရဲအောင်-ဒေါ်လဲ့လဲ့ဝင်း (သီရိကုဋေကြွယ် ကြက်ဆူစိုက်ပျိုးရေး ကုမ္ပဏီလီမိတက်)က ငွေကျပ် ၂၀၆၀၀၀၊ သီရိသုဓမ္မမဏိဇောတဓရ ဦးတင်ဝင်း-သီရိသုဓမ္မသင်္ဂီ ဒေါ်စန်းဝင်း (မြန်မာပြည်သားဟော့ KNကုမ္ပဏီ)၊ သီရိသုဓမ္မမဏိဇောတဓရ ဦးစိုးသိန်း- သီရိသုဓမ္မသင်္ဂီ ဒေါ်ခင်ချိုအုန်း၊ (ဒုတိယညွှန်ကြားရေးမှူး-ရှေ့နေချုပ်ရုံး)၊ Mr. Y.K ကင်း၊ ဦးမောင်မောင်ဦး(ဂရိတ်ဝေါလ်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)တို့က ငွေကျပ်နှစ်သိန်းစီ၊ သီဟသုဓမ္မ မဏိဇောတဓရ ဦးတင်အောင်-သီရိသုဓမ္မသင်္ဂီ ဒေါ်လှလှနွယ်(ဝင်းရတနာခရီးသွားလုပ်ငန်း)၊ သီရိသုဓမ္မမဏိဇောတဓရ ဦးသိုင်းဝင်း-သီရိသုဓမ္မသင်္ဂီ ဒေါ်ဌေးဌေးညွန့်(BTB ကုမ္ပဏီ)၊ ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန် (ဆန်းမြန်မာကုမ္ပဏီလီမိတက်)၊ မြန်မာနိုင်ငံ ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင် အသင်းတို့က ငွေကျပ် ၁၅၀၀၀၀ စီ၊ ဒေါ်သန်းနု (ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့၊ အမျိုးသမီးငယ်ရွယ် အဖွဲ့ခွဲတာဝန်ခံ)ကငွေ ကျပ် ၁၁၀၀၀၀၊ ဦးစောသူသူအောင် - မစ္စစ်မာစီသော် (ဒေဝီအောင် အေဂျင်စီဝန်ဆောင်မှု လီမိတက်)၊ အဂ္ဂမဟာ သီဟသုဓမ္မ မဏိဇောတိဓရဦးသန်းနိုင် -အဂ္ဂမဟာ သီရိသုဓမ္မသင်္ဂီ ဒေါ်ကြည်ကြည်ဆွေ (သမ္မတသင်္ကန်းတိုက်)၊ လှိုင်မြို့နယ် အတွင်းရှိ ဆီကုန်သည်များ၊ ဒေါ်လှလှ (လမ်းမတော်)၊ ဦးထွန်းရွှေ- ဒေါ်သင်းသင်းဆွေ(ထွန်းရွှေဝါ ကုမ္ပဏီလီမိတက်)၊ ဦးကျော်ကျော်ဦး (ကောင်းကင်ဦး ကုမ္ပဏီ)နှင့် ဦးစိုးမိုး (ကောင်းအေးချမ်း ကုမ္ပဏီ)တို့က ငွေကျပ် တစ်သိန်းစီ အပါအဝင် အလှူရှင်များက ဆွမ်းဆန်တော် အလှူငွေ စုစုပေါင်းကျပ် ၁၄၆၅၄၂၀၀ကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီး မောင်ပါနှင့် တပ်မတော်အရာရှိကြီးများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်ဩဝါဒါစရိယ ပဏ္ဍိတာရာမ စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များ၊ ပရိသတ်များက ရေစက်ချအနုမောဒနာတရားနာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက်ရေစက်သွန်းချအမျှပေးဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှိုင်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်များနှင့်သီလရှင်စာသင်တိုက်များသို့ယနေ့လှူဒါန်းသည့်လှူဒါန်းမှု အစုစုမှာ ဆွမ်းဆန်တော် ၂၁၄အိတ် ၃ပြည်၊ ဆီ ၇၄၇ပိဿာ ၅၀ကျပ်သား၊ အိုင်အိုဒင်းဆား ၁၂၂၅ ပိဿာ၊ ပဲ ၂၄၅ ပိဿာ၊ ဆေးမျိုးစုံဘူး ၂၀၈၀ နှင့် သွားတိုက်ဆား ၂၄၅ ဘူး၊ ဆပ်ပြာ ၄၃၂တုံး၊ ငရုတ်သီးမှုန့်အထုပ် ၉၀၀နှင့် ဆွမ်းပဒေသာပင် အလှူတော် ငွေကျပ် ၁၄၆၅၄၂၀၀ဖြစ်သည်။ **(သတင်းစဉ်)**

# သွေးလွန်တုပ်ကွေးကာကွယ်ရေး ဖုံး၊ သွန်၊ လဲ၊ စစ်ဆောင်ရွက်မှုနှင့် မန္တလေးမြို့ပေါ် သန့်ရှင်းရေး စုပေါင်းဆောင်ရွက်နေမှုများ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၆

**မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် ဩဂုတ်၄ရက် နံနက်ရနာရီက သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်မှုအခြေအနေနှင့် မန္တလေးမြို့ပေါ်ရှိ ဈေးချိုတော်၊ ဘူတာကြီး၊ ရတနာပုံဈေး၊ အထွေထွေရောဂါကု ဆေးရုံကြီးနှင့် ဗဟိုအမျိုးသမီးဆေးရုံကြီးဝန်းကျင်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးအားပေးသည်။**

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်သည် မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များ၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်သန်းနှင့်အဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၈၁လမ်း၊ ၂၉ x ၃၀လမ်းကြားရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၈)ရဲစခန်းသို့ ရောက်ရှိရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့်အဖွဲ့ဝင်များ၊ မန္တလေးတိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ထွဋ်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

## လက်တွေ့သရုပ်ပြ

ထို့နောက် တိုင်းမှူး၊ ဇနီးနှင့်အဖွဲ့သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၈) ရဲစခန်းဝင်းအတွင်းရှိ အိမ်ထောင်သည်လိုင်းခန်းများ၌ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားစေနိုင်သော ခြင်များ၊ ပိုးလောက်လမ်းများ ရှင်သန်ပေါက်ပွားနိုင်ခြင်းမရှိစေရန် ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လက်တွေ့သရုပ်ပြ ဆောင်ရွက်ကြသည်။

ဆက်လက်၍ ရဲစခန်းအတွင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး ဆောင်ရွက်ထားမှုများနှင့် မိသားစုဝင်ငွေ တိုးတက်ရေးအတွက် ဝါရှာကြိတ်စက်၊ ပုလင်းဖုံးခွံကြိတ်စက်နှင့် စက္ကူအိတ်ခွံ ပြုလုပ်သည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ စခန်းမှူးရဲအုပ်အုန်းဟန်ဦးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြည်လွင်တို့က လိုက်လံ ရှင်းလင်းတင်ပြပြီး တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ထွဋ်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

## ဈေးချိုတော်

ထို့နောက် တိုင်းမှူး၊ ဇနီးနှင့်အဖွဲ့သည် ချမ်းအေးသာစံမြို့နယ် ၈၄လမ်း၊ ၂၆ x၂၇လမ်းကြားရှိ ဈေးချိုတော်သို့ရောက်ရှိကြပြီး ဈေးချိုတော်ဆိုင်ခန်းများ ပတ်ဝန်းကျင်နှင့် ပြင်ပတွင် ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းရေးအတွက် မြောင်းများအတွင်း ရွံ့ညွှန်များဆယ်ယူပြီး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ **(အပေါ်ပုံ)** မြို့တော်ဝန်၊ ဈေးချိုတော် ဈေးအကျိုးတော်ဆောင် ကော်မတီမှ ဦးခင်မောင်သန်းနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက ဆယ်ယူပြီး အမှိုက်များ စနစ်တကျစွန့်ပစ်ရေး၊ မြောင်းများအတွင်း ရွံ့ညွှန်များ မရှိစေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းကြရေး၊ ယခင်ကရှိပြီးဖြစ်သည့် (Under Ground) ရေနုတ်မြောင်းများကို ပြန်လည်ရှင်းလင်းရေး၊ ရေနုတ်မြောင်းနှင့် ဆုံရာနေရာသည် ထောင့်ချိုး မဖြစ်စေဘဲ ကွေ့ဝိုက်သည့် (Curve) ဖြစ်အောင် ဆောင်ရွက်ရေးမှာကြားသည်။

## မန္တလေးဘူတာကြီး

ထို့နောက် တိုင်းမှူး၊ ဇနီးနှင့်အဖွဲ့သည် ၇၈လမ်း၊ လမ်း ၃၀ရှိ ဘူတာကြီးသို့ ရောက်ရှိပြီး စင်္ကြံအမှတ်(၁)နှင့် ဘူတာကြီးဝန်းကျင် သန့်ရှင်းရေးဆောင်ရွက်နေမှုများ၊ အများပြည်သူသုံးအိမ်သာများနှင့် စစ်ဘက်ပို့ဆောင်ရေးဌာနတို့ကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့မီးရထားမှ တိုင်း(၃)မန်နေဂျာ ဦးမောင်တွမ်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

## အဆင့်မြင့်ရတနာပုံဈေး

ဆက်လက်၍ တိုင်းမှူး၊ ဇနီးနှင့်အဖွဲ့သည် ချမ်းအေးသာစံမြို့နယ် အဆင့်မြင့်ရတနာပုံဈေးသို့ရောက်ရှိကြပြီး နယ်မြေခံတပ်ရင်းများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့များ၊ အခြားလူမှုရေးအသင်းအဖွဲ့များနှင့် ဈေးသူဈေးသားများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာနမှူး ဦးလှမြင့်ဆွေက ရှင်းလင်းတင်ပြရာ တိုင်းမှူးက အမှိုက်များစနစ်တကျစွန့်ပစ်ရေး၊ ဘိလပ်မြေဖျော်သည့် ကိစ္စများကို ကတ္တရာလမ်းပေါ်တွင် ဆောင်ရွက်ခွင့်မပြုရေး၊ မြောင်းအတွင်းမှ ရွံ့များဆယ်ယူရာတွင် လက်အိတ်များ တပ်ဆင်ပေးရေး၊ ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်ပွားစေရေးအတွက် သန့်ရှင်းရေးနှင့်ညီညွတ်သော အစားအစာများကို တည်ခင်းရောင်းချရေးအတွက် တာဝန်ရှိသူများက ကြပ်မတ်ကြရေး မှာကြားသည်။

## မန္တလေးအထွေထွေရောဂါကုဆေးရုံ

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ချမ်းအေးသာစံမြို့နယ် လမ်း၃၀၊ ၇၄x၇၇ လမ်းကြားရှိ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးဝင်းနှင့် တာဝန်ရှိသူများ၊ သူနာပြုဆရာမကြီးများက ကြိုဆိုကြပြီး ဆေးရုံကြီးဝင်းအတွင်း နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များမှ အင်အားစုစုပေါင်း ၆၄၅ဦးဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများနှင့် ဆေးကုသဆောင်များအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

## ဗဟိုအမျိုးသမီးဆေးရုံ

ဆက်လက်၍ တိုင်းမှူး၊ ဇနီးနှင့်အဖွဲ့သည် လမ်း ၃၀၊ ၆၉x၇၀လမ်းကြားရှိ ဗဟိုအမျိုးသမီးဆေးရုံကြီးသို့ ရောက်ရှိကြပြီး ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များမှ စုစုပေါင်းအင်အား ၆၈၅ဦးဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးသောင်းတင်ထွန်းနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကာ သင်ကြားရေးဆိုင်ရာ ပါမောက္ခများ၊ ဌာနမှူးများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်ကာ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

**ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) ဗိုလ်မင်းရောင်လမ်းနေ မိခင်ဒေါ်ယဉ်မေ(တောင်ငူ)အား ရည်စူး၍ ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဝင် ဒေါက်တာဒေါ်မေဝင်းအောင်ခင်ထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

# ဘဏ်လုပ်ငန်းကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်များ လစဉ်တွေ့ဆုံ ယခင်အတွေ့အကြုံများအပေါ် အခြေခံပြီး တက်ညီလက်ညီဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၆

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ (၉၂)ကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ်များကြီးကြပ်ရေးကော်မတီနာယက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်း တက်ရောက်၍ အမှာစကားပြောကြားသည်။** (အပေါ်ပုံ)

အဆိုပါ အစည်းအဝေးသို့ ဘဏ်များကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌဦးသန်းညိန်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ နိုင်ငံတော်ပိုင်ဘဏ်နှင့်ပုဂ္ဂလိကဘဏ်များမှဥက္ကဋ္ဌများ၊ အုပ်ချုပ်မှုဒါရိုက်တာများနှင့် အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

## အမှာစကားပြောကြား

ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားရာတွင် ဘဏ်လုပ်ငန်းကဏ္ဍရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဆွေးနွေးညှိနှိုင်းရန် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်များအား လစဉ်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ ဘဏ်များအားလုံးသည် ယခင်အတွေ့အကြုံများအပေါ် အခြေခံပြီး ဘဏ်လုပ်ငန်းစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌတို့က ဘဏ်လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးပြောကြားကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံဘဏ်များအသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များက တင်ပြရန်ရှိသည်များကို ရှင်းလင်းတင်ပြကြသည်။

## ကြိုးပမ်းဆောင်ရွက်

ထို့နောက် ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပပြီးစီးခဲ့သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် လုပ်ငန်းစဉ်များ လိုက်နာဆောင်ရွက်ရန်တို့ကို လက်တွေ့အကောင်အထည် ဖော်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ ဘဏ်များသည်လည်း ဝန်ကြီးဌာနနှင့်လက်တွဲပြီး နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် ပိုမိုမြင့်မားစေရန်အတွက် အင်တိုက်အားတိုက် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ဘဏ်လုပ်ငန်းကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပြည်သူတို့၏အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်မြင့်မားလာစေသကဲ့သို့ လုပ်ငန်းရှင်များ၏ အကျိုးစီးပွားသည်လည်း ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်သဖြင့် သတ်မှတ်ထားသည့် ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများအတိုင်း မျှတစွာ ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသွားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

27-8 (05) 1 8/27/07, 2:24 AM

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတသံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော တောင်ဘက်စောင်း တန်းတော်ကြီး တည်ဆောက်ရန်အတွက် သဃ်န်းကျွန်းမြို့နယ် ၁၆/၃ ရပ်ကွက် အမှတ် ၄၃၇နေ နှစ်ဖက်သော ဘိုးဘွားမိဘများနှင့် ခင်ပွန်း ဦးလှအားရည်စူး၍ ဒေါ်ညွန့်ခင်၊ သားသမီး၊ မြေးတစ်စုတို့က ငွေကျပ်နှစ်သိန်းကို လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင် ဦးအုန်းကြိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်စဉ်။ (က-ပ)

မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ပဌမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၂၇ရက်က မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သက်နိုင်ဝင်းနှင့် ဇနီး ဒေါ်မြင့်မြင့်စိုးတို့က ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (၁၆၈)

# ရာသီဥတုဖောက်ပြန်မှုကြောင့် ကြုံတွေ့ရသည့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ရေးဆွဲထားသည့် စီမံချက်များအတိုင်း အချိန်ကိုက်လုပ်ဆောင် လူမှုရေးအသင်းဝင်များနှင့်အတူ ညီညီညွတ်ညွတ် လက်တွဲဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၆

**ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်သည် အတွင်းရေးမှူး ဦးကျော်စန်း၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ်၆ရက် နံနက်၆နာရီခွဲက ပုသိမ်-ကံကုန်း-မြင်းကဆိပ်-မြောင်းမြ-လပွတ္တာကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာပြီး လမ်း၊ တံတားများ အခြေအနေ၊ လမ်းတစ်လျှောက်ကျေးရွာများ၏ မိုးစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။**

**ရှင်းလင်းတင်ပြ**

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် လပွတ္တာမြို့ ရွှေနဒီခန်းမ၌ ကျင်းပသော လေဘေးသင့်အိမ်ထောင်စုများအား ကယ်ဆယ်ရေးပစ္စည်းနှင့် အလှူငွေ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး အလှူငွေများ ပေးအပ်သည်။ အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ၊ အလှူရှင်များ၊ လူမှုရေးအသင်းဝင်များနှင့် လေဘေးသင့် အိမ်ထောင်စုဝင်များ တက်ရောက်ကြပြီး မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဦးက မြို့နယ်အတွင်း လေဆင်နှာမောင်း တိုက်ခတ်ခံရမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ဝိုင်းဝန်းဆောင်ရွက်**

ထို့နောက် တိုင်းမှူးက မိမိတို့တိုင်းသည် နှစ်စဉ် သဘာဝဘေးအန္တရာယ်ကို အနည်းအများ ကြုံတွေ့ရလေ့ရှိရာ ပျက်စီးဆုံးရှုံးမှု နည်းပါးစေရန် ကြိုတင်ကာကွယ်ရေးအစီအမံများကို ဒေသခံများနှင့်အတူ ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ရာသီဥတုဖောက်ပြန်မှုကြောင့် ကြုံတွေ့ရသည့် သဘာဝဘေး အန္တရာယ်များအတွက် မိုးရာသီကာလတွင် အထူးသတိဝီရိယထားကာ ဖြစ်လာပါက လုပ်သင့်လုပ်ထိုက်သည်များကို တာဝန်ရှိသူများက ကြိုတင်ရေးဆွဲထား သော စီမံချက်များအတိုင်း အချိန်ကိုက်လုပ်ဆောင်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လူမှုရေးအသင်းဝင်များနှင့်အတူ ညီညီညွတ်ညွတ် လက်တွဲဆောင်ရွက်နိုင်ရန်အတွက် ဒေသခံများအနေဖြင့် အသိစိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင်ရန်လိုကြောင်း၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ပေးမှုအပေါ် ကာယကံရှင်များအနေဖြင့် လုံ့လဝီရိယစိုက်ထုတ်ရန်လိုကြောင်း၊ ၎င်းအပြင်နောက်ဆက်တွဲရောဂါများမဝင်ရောက်စေရန် ကျန်းမာရေး အသိရှိရှိဖြင့် ကြိုတင်ကာကွယ်တားဆီးပြီး ယခုရာသီ၌ဖြစ်ပွားနေသော သွေးလွန်တုပ်ကွေးရောဂါ တားဆီးရေးအတွက် ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ရေးနှင့် မြို့၊ ရွာ သန့်ရှင်းသာယာရေးအတွက် လုပ်သင့်လုပ်ထိုက်သည်များကို ဝိုင်းဝန်းဆောင်ရွက်သွားရန်လိုကြောင်း အကျယ်တဝင့်မှာကြားသည်။

**အလှူငွေပေးအပ်**

ကယ်ဆယ်ရေးပစ္စည်းများနှင့်အလှူငွေပေးအပ်ပွဲကို ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းငွေကျပ်သိန်း ၅၀ကို မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် လေဘေးကြောင့် သေဆုံးသည့် ကျောင်းသားနှစ်ဦးအတွက် တစ်ဦးလျှင် ကျပ်နှစ်သိန်းစီဖြင့် ၎င်းတို့၏ မိဘများသို့ ပေးအပ်သည်။ **(အပေါ်ပုံ)**

**ကယ်ဆယ်ရေးပစ္စည်းပေးအပ်**

ဆက်လက်၍ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်စန်းက ဆန်နှင့်ဆီများကို မြို့နယ်ဥက္ကဋ္ဌဦးမြင့်ဦးအားလည်းကောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ လှူဒါန်းသော ကယ်ဆယ်ရေးပစ္စည်းများကိုတိုင်းကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းကျန်းမာရေးဦးစီးမှူးဒေါက်တာဆွေဝင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ လှူဒါန်းသော ကယ်ဆယ်ရေးပစ္စည်းများကို တိုင်းဦးစီးမှူး ဦးညီညီနိုင်တို့က လေဘေးသင့် မိသားစုကိုယ်စားလှယ်များအားလည်းကောင်း ပေးအပ်သည်။

**တွေ့ဆုံအားပေး**

၎င်းနောက် တိုင်းမှူးသည် လပွတ္တာမြို့နယ်ဆေးရုံ လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိကာ ဆေးကုသမှုခံယူသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူးသည် လပွတ္တာမြို့နယ် ဆားကျင်းကျေးရွာ အလက၁ ကျင်းပသော လေဘေးသင့်အိမ်ထောင်စုများအား ကယ်ဆယ်ရေးပစ္စည်းနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

၎င်းနောက် ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းငွေကျပ် ၁၈ သိန်းကို ဆားကျင်းကျေးရွာဥက္ကဋ္ဌ ဦးမောင်ကျော်အားလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ လှူဒါန်းသော ကယ်ဆယ်ရေးပစ္စည်း ခြောက်မျိုးအား တိုင်းဦးစီးမှူး ဦးညီညီနိုင်နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ လှူဒါန်းသော အိမ်သုံးပစ္စည်း ၁၈မျိုးကို တိုင်းကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းကျန်းမာရေးဦးစီးမှူးဒေါက်တာဆွေဝင်းတို့က လေဘေးသင့် အိမ်ထောင်စုကိုယ်စားလှယ်များအား ပေးအပ်သည်။ **(သတင်းစဉ်)**

## ရန်ကုန်မြောက်ပိုင်းခရိုင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၆

ရန်ကုန်မြောက်ပိုင်းခရိုင် ၂၀၀၇ ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ်၂၄ရက် ညဇနာရီ၄၅မိနစ်က အင်းစိန်မြို့ ပင်မယန္တရား(တောင်)ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းနိုင်နှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အနုပညာရှင်များ တက်ရောက်ကြသည်။

**ဆုချီးမြှင့်**

ထို့နောက် ဆုပေးပွဲကိုကျင်းပရာ ခရိုင်ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များက ပြိုင်ပွဲတွင် ဘာသာရပ်အလိုက် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများအားလည်းကောင်း၊ ခရိုင်ဥက္ကဋ္ဌဦးသိန်းနိုင်က တံခွန်စိုက်ဆုရရှိသော လှိုင်သာယာမြို့နယ်ဥက္ကဋ္ဌ**(အောက်ပုံ)**အား လည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်သည်။ **(ခရိုင် ပြန်/ဆက်)**

## ရန်ကုန်နှင့်မန္တလေး အဝေးသင်တက္ကသိုလ် အနီးကပ်သင်တန်းနှင့် အတန်းတင်စာမေးပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၆

၂၀၀၇ခုပညာသင်နှစ် ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ အနီးကပ် ပို့ချသင်တန်းနှင့် အတန်းတင်စာမေးပွဲများကို ကျင်းပမည် ဖြစ်ကြောင်း သက်ဆိုင်ရာက ယမန်နေ့က ထုတ်ပြန်ကြေညာသည်။

**ပထမအသုတ်**

ပထမအသုတ်အဖြစ် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် သိပ္ပံအထူးပြုကျောင်းသားများအတွက် အတန်းတင် စာမေးပွဲကို အောက်တိုဘာ ၅ရက်မှ ၁၂ရက်အထိ ကျင်းပမည်ဖြစ်ပြီး တနင်္ဂနွေနေ့နှင့် အစိုးရရုံးပိတ်ရက်များတွင် စာမေးပွဲစစ်ဆေးခြင်း မပြုလုပ်ဟု သိရသည်။

**ဒုတိယအသုတ်**

ဒုတိယအသုတ်အဖြစ် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် ဝိဇ္ဇာအထူးပြုအားလုံး၊ ဥပဒေ၊ (မြန်မာစာ၊ မြန်မာမှု၊ ရသစာပေ၊ သမိုင်းနှင့် စီးပွားရေးမှအပ)နှင့် စတုတ္ထနှစ် ဥပဒေအထူးပြုကျောင်းသားများအတွက် အနီးကပ်ပို့ချ သင်တန်းများကို အောက်တိုဘာ ၁၆ရက်မှ၂၅ရက်အထိပြုလုပ်မည်ဖြစ်ပြီး တနင်္ဂနွေနေ့အပါအဝင် သင်တန်း ပို့ချခြင်း ပြုလုပ်မည် ဖြစ်သည်။

ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် ဝိဇ္ဇာအထူးပြု အားလုံး၊ ဥပဒေ၊ (မြန်မာစာ၊ မြန်မာမှု၊ ရသစာပေ၊ သမိုင်းနှင့် စီးပွားရေးမှအပ)နှင့် စတုတ္ထနှစ် ဥပဒေအထူးပြု ကျောင်းသားများအတွက် အတန်းတင် စာမေးပွဲကို အောက်တိုဘာ၃၀ရက်မှ နိုဝင်ဘာ ၆ ရက်အထိကျင်းပမည်ဖြစ်ပြီး တနင်္ဂနွေနေ့နှင့် အစိုးရ ရုံးပိတ်ရက်များတွင် စာမေးပွဲ စစ်ဆေးခြင်း ပြုလုပ်မည် မဟုတ်ဟု သိရသည်။

**တတိယအသုတ်**

တတိယအသုတ်အဖြစ် ပထမနှစ်၊ ဒုတိယနှစ် စီးပွားရေးအထူးပြု အားလုံး၏ အထောက်အကူပြု ဘာသာရပ်များ၊ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် မြန်မာစာ၊ မြန်မာမှု၊ ရသစာပေ၊ သမိုင်းနှင့် တတိယနှစ် စီးပွားရေး အထူးပြု အားလုံးတို့အတွက် အနီးကပ်ပို့ချသင်တန်းများကို နိုဝင်ဘာ ၉ရက်မှ ၁၈ရက်အထိ ပြုလုပ်မည်ဖြစ်ပြီး တနင်္ဂနွေ အပါအဝင် သင်တန်းပို့ချခြင်း ပြုလုပ်မည်ဖြစ်သည်။ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် မြန်မာစာ၊ မြန်မာမှု၊ ရသစာပေ၊ သမိုင်းနှင့် စီးပွားရေး အထူးပြုအားလုံးတို့အတွက်အတန်းတင် စာမေးပွဲကို နိုဝင်ဘာ၂၂ရက်မှ ၃၀ရက်အထိ ကျင်းပမည်ဖြစ်ပြီး တနင်္ဂနွေနေ့နှင့် အစိုးရရုံးပိတ်ရက်များတွင် စာမေးပွဲ စစ်ဆေးခြင်း မပြုလုပ်ဟု သိရသည်။

ပထမနှစ်နှင့် ဒုတိယနှစ် စီးပွားရေး အထူးပြုများအတွက် စီးပွားရေးဘာသာရပ်မှအပ ကျန်အထောက်အကူပြုဘာသာရပ်များအတွက် အနီးကပ်သင်တန်းပို့ချမည် ဖြစ်သည်။

တတိယနှစ် စီးပွားရေးအထူးပြုများအတွက် ဘာသာရပ်များအားလုံး (စီးပွားရေးဘာသာရပ်များအပါအဝင်) အနီးကပ်သင်တန်းပို့ချမည်ဖြစ်သည်။ ပထမနှစ်၊ ဒုတိယနှစ် စီးပွားရေး အထူးပြုနှင့် စီးပွားရေးပေါင်းစပ် ဘာသာရပ် ကျောင်းသားများအတွက် စီးပွားရေးဘာသာရပ်များကို အီလက်ထရွန်နစ် သင်ယူမှုဌာနများတွင် လေ့လာနိုင်ရန် စီစဉ်ထားပြီး ဖြစ်သဖြင့် အနီးကပ်သင်တန်းများတွင် ထပ်မံပို့ချတော့မည်မဟုတ်ဟု သိရသည်။

**ထုတ်ပြန်မည်**

အသေးစိတ် အချိန်ဇယားကို ရန်ကုန် အဝေးသင်တက္ကသိုလ်နှင့် ဌာနခွဲအသီးသီးတို့တွင် ဆက်လက်ထုတ်ပြန်ပေးမည် ဖြစ်သည်။ **(သတင်းစဉ်)**

# စွမ်းအားမြင့် အေဝမ်းမီးဖိုသုံးစွဲခြင်းဖြင့် ထင်းလောင်စာသုံးစွဲမှုလျှော့နည်းသက်သာ

## နိုင်ငံပိုင်သစ်တောများ တစ်ဖက်တစ်လမ်းမှ ကာကွယ်ထိန်းသိမ်းရာရောက်

ကွင်းဆင်းလေ့လာရေးသားသူ – သန်းသန်းနုနှင့်တင်မာဝင်း
ဓာတ်ပုံမှတ်တမ်း – တင်စိုး (မြန်မာ့အလင်း)

**ရန်ကုန် ဩဂုတ် ၂၆**

နိုင်ငံတော်သည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစဉ်(၅)ရပ်ဖြင့် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံလူဦးရေ၏ ၇၀ရာခိုင်နှုန်းသည် ကျေးလက်နေ ပြည်သူများဖြစ်ပေရာ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး အဖြစ် ထုတ်ကုန်တိုးအောင် ဆောင်ရွက်လျက်ရှိပေရာ ရေတာရှည်မြို့နယ် သာဂရကျေးရွာရှိလက်မှုလုပ်ငန်းဖြစ်သည့် စွမ်းအားမြင့် အေဝမ်းမီးဖိုထုတ်လုပ်သည့် လုပ်ငန်းရှင် ဦးဇော်ထွန်းထံသို့မကြာမီက မြန်မာ့အလင်းသတင်းအဖွဲ့ သွားရောက်လေ့လာခဲ့သည်။

မြေထည်ဖြင့်မီးဖိုပြုလုပ်နေသည်ကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

### ကျယ်ကျယ်ပြန့်ပြန့်

သမားရိုးကျဖိုခံလောက် မီးဖိုများအစား စွမ်းအားမြင့် အေဝမ်းမီးဖိုများကို ကျယ်ကျယ်ပြန့်ပြန့် အစားထိုးအသုံးပြုလျက် ရှိပေသည်။ ထင်းလောင်စာ ကုန်ကျမှုကို သိသာစွာ လျှော့ချနိုင်ပေသည်။ ယခင်သုံးစွဲနေကျ သာမန် ထင်းလောင်စာများအပြင် ထင်းချောင်းငယ်များ၊ လယ်ယာ စွန့်ပစ်လောင်စာများ၊ အမှိုက်သရိုက်များ၊ ထင်းမီးသွေးနှင့် အစားထိုးလောင်စာတောင့်များဖြင့်လည်း လွယ်ကူသက်သာစွာ ချက်ပြုတ်နိုင်သဖြင့် ထင်းလောင်စာသုံးစွဲမှုကို လျှော့နည်းသက်သာစေလျက် သုံးစွဲသူတိုင်း ငွေကုန်သက်သာမည်ဖြစ်ပေသည်။

**ငှင်းမီးဖိုသည် လေဆွဲအားကောင်း၍ အပူရှိန်ပြင်းသဖြင့် ချက်ပြုတ်ရာတွင် တစ်နာရီချက်ရမည့်အစား ၄၅မိနစ်သာချက်ရသဖြင့် အချိန်ကုန်သက်သာခြင်း၊ ထင်းအကုန်အကျ သက်သာသောကြောင့် နိုင်ငံတော်၏ သစ်တော ပြုန်းတီးမှုများကို တစ်ဖက် တစ်လမ်းက ဝိုင်းဝန်း ကူညီထိန်းသိမ်းရာ ရောက်ပေသည်။**

### ရွာလုံးကျွတ်

သာဂရကျေးရွာမှ ထုတ်လုပ်သည့် အေဝမ်းမီးဖိုကို ရွာလုံးကျွတ် အသုံးပြုသည့် စံပြကျေးရွာမှာ အင်ကြင်းကုန်းကျေးရွာပင် ဖြစ်လေသည်။ဖြန့်ဖြူးမှုအရောင်းဈေးကွက်မှာ တောင်ငူ၊ ရေတာရှည်၊ ဆွာမြို့များအထိ တွင်တွင်ကျယ်ကျယ် အသုံးပြုလျက်ရှိသည်။

## ကျေးရွာတစ်ရွာ၊ ကုန်ထုတ်လုပ်ငန်းတစ်ခု နိုင်ငံအကျိုးပြု

ယင်းမီးဖို သုံးစွဲသဖြင့် လူမှုကျန်းမာရေးရှုထောင့်မှ ကြည့်ပါက မီးခိုးထွက်ရှိမှု နည်းပါးအောင် စီမံဖန်တီးထားသဖြင့် ကျန်းမာရေးထိခိုက်မှုကို ကာကွယ်တားဆီးနိုင်ခြင်း၊ မီးဖိုချောင်အတွင်း သန့်ရှင်းခြင်းနှင့် ချက်ပြုတ်ရာတွင် လျင်မြန်လွယ်ကူသဖြင့် စရိတ်အကုန်အကျသက်သာလာစေမည် ဖြစ်သည်။ အချိန်ကို ပိုမိုအကျိုးရှိစွာ အသုံးချနိုင်ခြင်းကြောင့် ကျန်းမာရေးနှင့် လူမှုဖွံ့ဖြိုးရေး အခြေအနေများကို အထောက်အကူဖြစ်စေသည်။

### မီးဘေးကာကွယ်

မီးဘေးအန္တရာယ် အနေဖြင့် မီးပြန့်လွင့်မှုနှင့်မီးပွားအထွက်နည်းပါးသွားသဖြင့် မီးဘေးကာကွယ်တားဆီးမှုကို အထောက်အကူပြုပေသည်။

ထို့အပြင် သစ်တော ပြုန်းတီးမှုလျော့ပါးစေရေးကို အထောက်အကူပြုပေသည်။ ထင်းသုံးစွဲမှု လျော့နည်း သက်သာလာသည်နှင့်အမျှ ထင်းလောင်စာအတွက် သစ်တောများ ခုတ်ထွင်မှုမှာ သိသိသာသာ လျော့ပါးသွားစေနိုင်၍ နိုင်ငံပိုင်သစ်တောများကို တစ်ဖက်တစ်လမ်းမှ ကာကွယ်ထိန်းသိမ်းပေးရာရောက်သည့်အပြင် သစ်တောများ ပြုန်းတီးမှုကို ကာကွယ်နိုင်သဖြင့် အကျိုးဆက်အားဖြင့် ရာသီဥတုဖောက်ပြန်မှု၊ မြေဆီလွှာတိုက်စားမှု၊ ရေလွှမ်းမှုစသည့် သဘာဝဘေးအန္တရာယ်များ ကျရောက်မှုကို နည်းပါးစေပါသည်။ သို့ဖြစ်ရာ ရာသီဥတု ကောင်းမွန်လာသည်နှင့်အမျှ ကောက်ပဲသီးနှံများ အထွက်တိုးလာမည်ဖြစ်ရာ ကျေးလက်ဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ခြင်း၏ ရလဒ်ကောင်းများ ခံစားရမည် ဖြစ်ပေသည်။

ရွံ့မြေများကို စက်ကိရိယာဖြင့် ဤသို့ နယ်ရသည်။ (မြန်မာ့အလင်း)

ပြုလုပ်ပြီးသော မီးဖိုများကို ဤသို့ အချောသပ်ရသည်။ (မြန်မာ့အလင်း)

### အကျိုးရလဒ်

စွမ်းအားမြင့် အေဝမ်းမီးဖို သုံးစွဲခြင်းဖြင့် အကျိုးရလဒ်ကောင်းများ ရရှိမည်ဖြစ်သည်။ သုံးစွဲရာတွင် မီးဖိုသည် မြေထည်ပစ္စည်းဖြစ်သဖြင့် ရုတ်တရက် မီးလန့်ကွဲမှု မဖြစ်စေရန် အသုံးပြုမည့် လောင်စာကို အနည်းငယ်လျှော့ရပါမည်။ ထင်းလောင်စာ သုံးစွဲမှု လျှော့နည်းသက်သာစေရန် ရည်ရွယ်ချက်ဖြင့် ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း လေ့လာ သိရှိခဲ့ရပေသည်။

### သတိပြု

ယင်းမီးဖိုသုံးစွဲရာတွင် ဂရုပြုရန်မှာ မီးငြိမ်းသတ်လိုသော် မီးဖိုပေါ်သို့ရေလောင်း၍မငြိမ်းသတ်ရန်၊ လောင်စာကိုသာ ဖယ်ရှား၍ ငြိမ်းသတ်ရန်၊ ချက်ပြုတ်စဉ် ဆီပူများ၊ ထမင်းအိုး၊ ဟင်းအိုးများ ဆူ၍ မီးဖိုသစ်ကို မီးကျင့်ပေးရပါမည်။ စတင်မီးမွှေးရာ၌ မီးတောက်ကို တဖြည်းဖြည်းပျိုးယူပါ။ (ရုတ်ခြည်း မီးပြင်းမထိုးပါနှင့်) တဖြည်းဖြည်း မီးအပူရှိန် ရလာပြီးမှသာ စတင်ချက်ပြုတ်ပါ။ ချက်ပြုတ်စဉ် မီးခိုးများ အူထွက်ခြင်းသည် အသုံးပြုလောင်စာနှင့် လေ(အောက်ဆီဂျင်) အချိုးမမှန်ကန်သောကြောင့် ထင်းဝေမကျစေရန်နှင့် မီးဖိုပေါ်တွင် အိုးတင်၍ မီးစွဲနေသော မီးဖိုကိုရွှေ့ပြောင်း သယ်ဆောင်ခြင်း မပြုရန်တို့ကို သတိပြုရမည် ဖြစ်ပါသည်။

သို့ဖြစ်ရာ သာဂရကျေးရွာ ရေတာရှည်မြို့ရှိ စွမ်းအားမြင့်အေဝမ်းမီးဖိုလုပ်ငန်းအား ကွင်းဆင်းမေးမြန်းလေ့လာရေးသားလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**

**မီးဖိုသည် လေဆွဲအားကောင်း၍ အပူရှိန် ပြင်းသဖြင့် ချက်ပြုတ်ရာတွင် တစ်နာရီ ချက်ရမည့်အစား ၄၅မိနစ်သာ ချက်ရသဖြင့် အချိန်ကုန် သက်သာ။**

**ထင်း အကုန်အကျသက်သာသောကြောင့် သစ်တော ပြုန်းတီးမှုများကို တစ်ဖက်တစ်လမ်းက ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းရာရောက်။**



**ရေတာရှည်မြို့ သာဂရကျေးရွာမှ ထုတ်လုပ်သော စွမ်းအားမြင့် အေဝမ်းမီးဖိုများ။** (မြန်မာ့အလင်း)

**မြေထည်ဖြင့်ပြုလုပ်ထားသောမီးဖိုများ အစီအရီ။** (မြန်မာ့အလင်း)

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိ ရေနံထွက်ပစ္စည်း အသုံးပြုမှုဟာ ပြည်တွင်းထုတ်လုပ်မှုနဲ့ မလုံလောက်တဲ့ အတွက် နိုင်ငံတော်အစိုးရက ပြည်ပမှ ဈေးကြီးပေး ပြီး မှာယူတင်သွင်း ဖြည့်ဆည်းပေးလျက်ရှိပါတယ်။ လောင်စာဆီလိုအပ်ချက်ကို ပြည်တွင်းမှာ လုံလောက် စွာ တိုးချဲ့ထုတ်လုပ်ပေးနိုင်ဖို့ နိုင်ငံတော်အနေနဲ့ ဘက်ပေါင်းစုံကနေ အထူးကြိုးပမ်း ဆောင်ရွက်လျက် ရှိပါတယ်။

လောင်စာဆီကို ပုဂ္ဂလိက ကဏ္ဍကိုသာ ဖွင့်ပေး လိုက်ရင် ပုဂ္ဂလိကက ဈေးကွက်စီးပွားရေးစနစ်ရဲ့ သဘောအရ အရှုံးခံမှာမဟုတ်တဲ့အတွက် လောင်စာဆီ ဈေးနှုန်းဟာ ကမ္ဘာ့ဈေးကွက်၊ ကမ္ဘာ့ဈေးနှုန်းနဲ့အညီ ခုထက်တောင်မြင့်တက်သွားနိုင်ပါတယ်။ဒါကိုသိထားတဲ့ နိုင်ငံတော်အစိုးရဟာ ပြည်တွင်းမှာပြည်သူလူထု အဆင် ပြေအောင် နှစ်ပေါင်းများစွာ အရှုံးခံပြီး လောင်စာဆီ ကို တာဝန်ယူ ဖြန့်ဖြူးရောင်းချပေးခဲ့ပါတယ်။

ဒီနေရာမှာ အလျဉ်းသင့်လို့ ပြောချင်တာက ကျွန်တော်တို့နိုင်ငံအပေါ် အနောက်နိုင်ငံကြီးတချို့ရဲ့ လွဲမှားတဲ့ စီးပွားရေး ပိတ်ပင်တားဆီးမှုကြောင့် ရေနံရှာဖွေထုတ်လုပ်ရေးကဏ္ဍမှာလဲ အတော်အတန် ထိခိုက်လာရပါတယ်။ ဒါကြောင့်လဲ နိုင်ငံတော်အစိုးရ က ပြည်ပမှ လောင်စာဆီ ပိုမိုတင်သွင်းနေရတာဖြစ် ပါတယ်။

# ယနေ့ကမ္ဘာနှင့် လောင်စာဆီ

ဒီရက်ပိုင်းအတွင်း ကျွန်တော်တို့နိုင်ငံမှာ လောင်စာဆီဈေးနှုန်းတွေ မြင့်တက်သွားတာနဲ့ပတ်သက်ပြီး အခွင့်ကောင်းစောင့်နေတဲ့ တချို့သော ဝိသမ လောဘသား စီးပွားရေးသမားတွေရဲ့ တရားလွန် ကိုယ်ကျိုးရှာမှုတွေကြောင့် ကုန်ဈေးနှုန်းတချို့ တက်သင့်တာထက် ပိုတက်လာခဲ့ရပါတယ်။ အကွက်ကောင်း ချောင်းနေတဲ့ တချို့သော ဆန့်ကျင်ဘက်အုပ်စုတွေကလဲ နိုင်ငံရေးအမြတ်ထုတ်ပြီး နိုင်ငံတော်အစိုးရကို အကြည်ညိုပျက်အောင် နည်းမျိုးစုံနဲ့ ကြိုးပမ်းနေကြပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ၁၅-၈-၂၀၀၇ရက်ကစပြီး သက်ဆိုင်ရာက ဓာတ်ဆီ၊ ဒီဇယ်ဆီနဲ့ သဘာဝဓာတ်ငွေ့ ဈေးနှုန်းတွေကို မလွှဲမရှောင်သာ တိုးမြှင့်ခဲ့ရပါတယ်။ တကယ်တမ်းပြောရရင် ကုန်စည်သယ်ယူပို့ဆောင်ရေး၊ လမ်းပန်းဆက်သွယ်ရေးနဲ့ စက်မှုကုန်ထုတ်လုပ်မှုတွေရဲ့ အခြေခံဖြစ်တဲ့ လောင်စာဆီဈေးနှုန်း မြင့်တက်ရင် အခြေခံစားကုန်တွေ အပါအဝင် အထွေထွေကုန်ပစ္စည်းတွေရဲ့ ကုန်ဈေးနှုန်း မြင့်တက်လာနိုင်တာကို နိုင်ငံတော်အစိုးရအနေနဲ့မသိလို့ မဟုတ်ပါဘူး။ ရေရှည် အများကြီး အရှုံးခံရောင်းပေးနေခဲ့ရလို့ မတတ်သာတဲ့အဆုံးမှာ အရှုံးကြီးကနေ အရှုံးနည်းနည်းဖြစ်အောင် မလွှဲမရှောင်သာ တိုးမြှင့်လိုက်ရတာပဲဖြစ်ပါတယ်။

## မျှမျှတတ စဉ်းစားဝေဖန်

တကယ်တော့ ကျွန်တော်တို့နိုင်ငံမှာ ပြောင်းလဲကျင့်သုံးနေတဲ့ စီးပွားရေး စနစ်ရဲ့သဘာဝနဲ့ ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေတွေကို ဂဃနဏ သိထားရင် ဒီကိစ္စကို မျှမျှတတ စဉ်းစားဝေဖန်သုံးသပ်နိုင်ကြမှာဖြစ်ပါတယ်။

အားလုံးသိပြီးဖြစ်ကြတဲ့အတိုင်း ကျွန်တော်တို့နိုင်ငံမှာ ဆိုရှယ်လစ် စီးပွားရေးစနစ်ကနေ ဈေးကွက်စီးပွားရေးစနစ်ကို ပြည်သူအများရဲ့ ဆန္ဒနဲ့အညီ ကူးပြောင်းဖော်ဆောင်လာခဲ့ပါတယ်။ ဈေးကွက်စီးပွားရေးစနစ်ရဲ့ တရားကိုယ် သဘောက ဈေးနှုန်းကိုထိန်းချုပ်ဖို့ မလွယ်ပါဘူး။ အစစအရာရာ စီးပွားရေး ဆန်ဆန်တွေးတောပြီး အမြတ်အစွန်းကို ရှေးရှုကြပါတယ်။ ဒီနေရာမှာ မြတ်ချင် တိုင်းမြတ်အောင် ဈေးတင်ချင်တိုင်း တင်လိုတော့ မရပါဘူး။ အဲဒီလို တင်ချင်တိုင်းတင်လို့မရအောင် အဓိကထိန်းညှိပေးထားတာကလဲ ဘယ်လူ ပုဂ္ဂိုလ်၊ ဘယ်အဖွဲ့အစည်းမှ မဟုတ်ပါဘူး၊ ကုန်ပစ္စည်းထုတ်လုပ်ထောက်ပံ့နိုင်မှု (Supply) နဲ့ လူထုရဲ့ဈေးကွက်မှာ လိုအပ်တဲ့သုံးစွဲမှုပမာဏ (Demand) ပဲ ဖြစ်ပါတယ်။

**လွယ်လွယ်ပြောရရင် ကုန်ပစ္စည်းရဲ့ Demand များပြီး Supply နည်းရင် ဈေးတက်ပါတယ်။ Supply တွေကများပြီး Demand က နည်းနေရင် ဈေးကျပါတယ်။ ပြီးတော့ ကမ္ဘာ့နိုင်ငံအနှံ့ အပြန်အလှန် ရောင်းဝယ် ဖြန့်ဖြူးနေကြရတဲ့ လောင်စာဆီလို ကုန်ပစ္စည်းတွေဟာ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ဈေးကွက်ဆက်စပ်နေတတ်ကြပါတယ်။ နိုင်ငံတစ်နိုင်ငံမှာရှိတဲ့ လောင်စာဆီ ဈေးနှုန်းဟာ ကမ္ဘာ့ဈေးကွက်က အဲဒီဈေးနှုန်းနဲ့ တစ်နည်းတစ်ဖုံ ဆက်စပ်နေ တတ်ပါတယ်။**

## ပြည်သူလူထုအဆင်ပြေအောင်

ဆိုလိုတဲ့ သဘောကတော့ **လောင်စာဆီကို ပုဂ္ဂလိကကဏ္ဍကိုသာ ဖွင့်ပေးလိုက်ရင် ပုဂ္ဂလိကက ဈေးကွက်စီးပွားရေးစနစ်ရဲ့သဘောအရ အရှုံးခံမှာ မဟုတ်တဲ့အတွက် လောင်စာဆီဈေးနှုန်းဟာ ကမ္ဘာ့ဈေးကွက်၊ ကမ္ဘာ့ဈေးနှုန်းနဲ့ အညီ ခုထက်တောင် မြင့်တက်သွားနိုင်ပါတယ်။ ဒါကိုသိထားတဲ့ နိုင်ငံတော် အစိုးရဟာ ပြည်တွင်းမှာ ပြည်သူလူထုအဆင်ပြေအောင် နှစ်ပေါင်းများစွာ အရှုံးခံပြီး လောင်စာဆီကို တာဝန်ယူ ဖြန့်ဖြူးရောင်းချပေးခဲ့ပါတယ်။** အဲဒီလို သာမက နိုင်ငံတော်က ပြည်သူလူထုရဲ့ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေးစတဲ့ ကဏ္ဍမျိုးစုံမှာ နိုင်ငံတော်ဘဏ္ဍာ ကနေ ငွေကြေးပမာဏ အများအပြား စိုက်ထုတ်ကျခံ သုံးစွဲလာခဲ့တာ နှစ်ပေါင်းများစွာကြာခဲ့ပါပြီ။

ယနေ့ကမ္ဘာမှာ လောင်စာဆီဈေးကွက်ပြဿနာဟာ ရှေ့တန်းရောက် လာပါတယ်။ နိုင်ငံတိုင်းလိုလိုမှာ လောင်စာဆီ လုံလောက်အောင်၊ လောင်စာဆီ ဈေးနှုန်းပိုမတက်လာအောင် နည်းမျိုးစုံနဲ့ ကြိုးစားနေကြရပါတယ်။

## ကမ္ဘာ့ရေနံအကျပ်အတည်း

၂၀ရာစုနောက်ပိုင်းမှာ ကမ္ဘာ့စီးပွားရေးအကျပ်အတည်းတွေ ဖြစ်ပေါ်လာ ခဲ့တဲ့အခြေအနေကို ဆန်းစစ်ကြည့်ရင် ကမ္ဘာ့ရေနံ အကျပ်အတည်းတွေနဲ့ ဆက်စပ်ခဲ့တာတွေ့ရပါတယ်။ ၁၉၇၃ခုနှစ်မှာ ပထမရေနံအကျပ်အတည်း စတင် ကြုံတွေ့ခဲ့ရပြီး၊ ၁၉၇၉ခုနှစ်မှာ ဒုတိယ ရေနံအကျပ်အတည်း၊ ၁၉၉၀ပြည့်နှစ်မှာ တတိယ ရေနံအကျပ်အတည်း၊ အမေရိကန်က အီရတ်ကို ဝင်မတိုက်မီနဲ့ စစ်ပြီးစကာလ ၂၀၀၃ခုနှစ် ဧပြီလ မတိုင်မီကာလမှာ စတုတ္ထ ရေနံအကျပ် အတည်းနဲ့ ရင်ဆိုင်ခဲ့ကြရပါတယ်။ ၂၀၀၃ခုနှစ် ဧပြီလ နောက်ပိုင်းက စလို့ ပဥ္စမ ကမ္ဘာ့ရေနံအကျပ်အတည်းနဲ့ ရင်ဆိုင်ခဲ့ရပြီးနောက် ဝယ်လိုအားနဲ့ ရောင်း လိုအား များစွာကွာဟပြီး Demand ကို Supply က လိုက်မမီတဲ့အတွက် ကမ္ဘာ့ရေနံဈေးနှုန်းတွေဟာ မိုးထိအောင် လေဟာနယ်ထောင်တက်ခဲ့ပါတယ်။

၁၉၇၂ခုနှစ်မှာ ကမ္ဘာ့ဈေးနှုန်းက ရေနံတစ်စည်ကို ပျမ်းမျှ အမေရိကန် ဒေါ်လာ ၂၀ ဒေါ်လာတောင် မပေးခဲ့ရပေမယ့် ၁၉၇၃ခုနှစ်မှာ ၂၀ဒသမ၈၃

ဒေါ်လာဖြစ်လာခဲ့ပါတယ်။ ၂၀၀၃ခုနှစ်မှာ ၃၁ဒေါ်လာနဲ့ ၂၀၀၄ခုနှ
စပြီး တစ်စည်ကို ဒေါ်လာ၄၀၊ ဒေါ်လာ၅၀၊ ဒေါ်လာ၆၀ ဆိုပြီး တ
မြင့်တက်လာခဲ့တာ ၂၀၀၅ခုနှစ် ဩဂုတ်လကုန်မှာ ဒေါ်လာ ၇၀ထ
တယ်။ ခုဆိုရင် လက်ရှိ ကမ္ဘာ့ရေနံပေါက်ဈေးဟာ တစ်စည်ကို
ဒေါ်လာကျော်ကျော် ရှိပါတယ်။

**ခုလို ကမ္ဘာ့ရေနံဈေးနှုန်း မြင့်တက်လာရခြင်း ပထမအ**
**ကတော့ ကမ္ဘာ့ရေနံဝယ်လိုအား (Demand) ဟာ ၂၀၀၃ခုနှစ်**
**အရှိန်အဟုန်နဲ့ တိုးမြင့်လာခဲ့ပါတယ်။ ဒုတိယအကြောင်းအ**
**ရေနံထုတ်လုပ်မှု (Supply) ကလဲ တိုးမြင့်လာတဲ့ ဝယ်လိုအားကို**
**ဖြည့်စွမ်းပေးနိုင်ခြင်း မရှိလို့ပါဘဲ။** ခုဆိုရင် ကမ္ဘာပေါ်မှာ
ထုတ်လုပ်မှုဟာ အမြင့်ဆုံးအဆင့် အထွတ်အထိပ် (Peak Level)
ဖြစ်ပြီး ရှေ့လာမယ့်ငါးနှစ်၊ ဆယ်နှစ်အတွင်းမှာ ထုတ်လုပ်မှု တ
ကျဆင်းသွားဖွယ်ရာ ရှိတယ်လို့ ကျွမ်းကျင်တဲ့ပညာရှင်တွေက သုံး
ပါတယ်။

## ကမ္ဘာ့ရေနံပမာဏ

၂၀၀၄ခုနှစ်အကုန်မှာ သေချာတဲ့ ကမ္ဘာ့ရေနံပမာဏဟာ
၁၁၈၉ဘီလျံလောက်သာရှိနေပြီး လက်ရှိနှုန်းထားအတိုင်း ဆက်
နေမယ်ဆိုရင် နောက်ထပ် နှစ် ၄၀လောက်သာ ထုတ်ယူအသုံးပြ
ဖြစ်ပါတယ်။ အဲဒီလိုမဟုတ်ဘဲ ခုထက်ပိုပြီး ကမ္ဘာပေါ်မှာ တစ်န
ရေနံစည် ၄၄ဘီလျံလောက် သုံးမယ်ဆိုရင် နောက်ထပ်၂၅နှစ်လော
ထုတ်ယူအသုံးပြုနိုင်တော့မှာ ဖြစ်ပါတယ်။

ဒါကြောင့်လဲ ကမ္ဘာ့နိုင်ငံအသီးသီးဟာ ရေနံအပြင် သဘာ
ကျောက်မီးသွေးတွေကို ထပ်မံရှာဖွေနေကြရပါတယ်။ ရေနံ၊ သဘာ
ကျောက်မီးသွေးတွေဟာ အကန့်အသတ်မရှိ သုံးစွဲနိုင်တဲ့ စွမ်းအင်
အချိန်ကာလ အပိုင်းအခြားတစ်ခုမှာ ကုန်ခန်းသွားမယ့် စွမ်းအင်
ပါတယ် (All Fossil Fuels are Finite)။ လက်ရှိ ကမ္ဘာ
အဲဒီစွမ်းအင်တွေကို တိရစ္ဆာန်၊ သစ်ပင်စတဲ့ ရုပ်ဖြစ်ကြွင်းကျ
နှစ်သန်းပေါင်း ရာထောင်ချီအောင်ကြာပြီးမှ ခုလိုရလာတာဖြ
အဲဒီသယံဇာတတွေ ကုန်သွားရင် မကြာမီအချိန်ကာလအတွင်း
အသစ်များအဖြစ် ထပ်မံဖြစ်ပေါ်မလာနိုင်ပါဘူး။

**ဒါကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးမှာ ရေအားလျှပ်စစ်၊ လေ**
**နေစွမ်းအင်၊ ဒီရေစွမ်းအင်၊ ဟိုက်ဒရိုဂျင်စွမ်းအင်နဲ့ ခြံစည်းရိုးက**
**ပြောင်း၊ ပဲပိစပ်၊ ပီလောပီနံစတာတွေကရတဲ့ ဇီဝစွမ်းအင်တွေ**
**လေ့လာသုတေသနပြုပြီး ထုတ်ယူ သုံးစွဲနေကြပြီဖြစ်ပါတယ်။**
**တွေကတော့ အကန့်အသတ်မရှိ အစဉ်အမြဲထုတ်ယူသုံးစွဲသွားနိုင်**
**တွေဖြစ်ပြီး Renewable Energy လို့ ခေါ်ဝေါ်လေ့ရှိကြပါတ**

## အလားအလာရှိတဲ့ ရေနံသတ္တုသိုက်ပမာဏ

မြန်မာနိုင်ငံရဲ့ ကုန်းပေါ် (On-shore)နဲ့ ကမ်းလွန် (O
ဒေသများမှာ ထုတ်လုပ်ရန်ကျန်ရှိနေသေးတဲ့ သေချာတဲ့ ရေန
ပမာဏစည်ပေါင်း ၁၄၂၉ သန်းနဲ့ အလားအလာရှိတဲ့ ရေနံသတ္တုသ
စည်ပေါင်း ၁၇၇၁ သန်းရှိပြီး နှစ်မျိုးပေါင်းဟာ ရေနံစည် သန်း
လောက် ရှိနိုင်မယ်လို့ ကျွမ်းကျင်သူပညာရှင်တွေက ခန့်မှန်းထား

လက်ရှိ မြန်မာနိုင်ငံအနေနဲ့ နှစ်စဉ် ထုတ်ယူအသုံးပြု
ပမာဏဟာ ရေနံစည် ၇ ဒသမ ၅သန်းခန့်ဖြစ်လို့ ဒီပမာဏအ
နောင်နှစ်ပေါင်း ၁၉၀ကျော်အထိ ထုတ်ယူသုံးစွဲနိုင်မယ်လို့ ခန့်မှန
မြန်မာနိုင်ငံရဲ့ ရေနံချက်စက်ရုံများမှ နှစ်စဉ် ဓာတ်ဆီနဲ့ ဒီဇ
သန်းပေါင်း၁၇၀ကျော် ထုတ်လုပ်ပြီး ပြည်တွင်းမှာ ဖြန့်ဖြူးရောင်း
ရှိကြောင်း သိရပါတယ်။

## ဘက်ပေါင်းစုံက အထူးကြိုးပမ်းဆောင်ရွက်

ဒါပေမယ့် **ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိရေနံထွက်ပစ္စည်**
**ဟာ ပြည်တွင်းထုတ်လုပ်မှုနဲ့ မလုံလောက်တဲ့အတွက် နိုင်ငံတေ**
**ပြည်ပမှ ဈေးကြီးပေးပြီး မှာယူတင်သွင်း ဖြည့်ဆည်းပေးလျ**
**လောင်စာဆီလိုအပ်ချက်ကို ပြည်တွင်းမှာ လုံလောက်စွာ တိုးချဲ့ထ**
**နိုင်ဖို့ နိုင်ငံတော်အနေနဲ့ ဘက်ပေါင်းစုံကနေ အထူးကြိုးပမ်း ဆော**
**ရှိပါတယ်။** အဲဒီလို တိုးချဲ့ထုတ်လုပ်နိုင်ဖို့ ရင်းနှီးမြှုပ်နှံမှု ငွေကြ
အမြား လိုအပ်တဲ့အတွက် ပြည်ပရေနံကုမ္ပဏီများနဲ့လဲ ဖက်စပ်
ရှာဖွေရေးလုပ်ငန်းတွေလဲ ဆောင်ရွက်နေပါတယ်။

**ဒီနေရာမှာ အလျဉ်းသင့်လို့ ပြောချင်တာက ကျွန်တော်တို**
**အနောက်နိုင်ငံကြီးတချို့ရဲ့ လွဲမှားတဲ့ စီးပွားရေးပိတ်ပင်တား**
**ရေနံရှာဖွေထုတ်လုပ်ရေးကဏ္ဍမှာလဲ အတော်အတန် ထိခိုက်လ**
**ဒါကြောင့်လဲ နိုင်ငံတော်အစိုးရက ပြည်ပမှ လောင်စာဆီ ပ**
**နေရတာဖြစ်ပါတယ်။**

# လောင်စာဆီဈေးနှုန်းပြဿနာ

ာခဲ့ပါတယ်။ ၂၀၀၃ခုနှစ်မှာ ၃၁ဒေါ်လာနဲ့ ၂၀၀၄ခုနှစ် မေလက ည်ကို ဒေါ်လာ၄၀၊ ဒေါ်လာ၅၀၊ ဒေါ်လာ၆၀ ဆိုပြီး တဖြည်းဖြည်း ခဲ့တာ ၂၀၀၅ခုနှစ် ဩဂုတ်လကုန်မှာ ဒေါ်လာ ၇၀ထိရောက်ခဲ့ပါ ရင် လက်ရှိ ကမ္ဘာ့ရေနံပေါက်ဈေးဟာ တစ်စည်ကို ပျမ်းမျှ ၇၁ ်ကျော် ရှိပါတယ်။

**ကမ္ဘာ့ရေနံဈေးနှုန်း မြင့်တက်လာရခြင်း ပထမအကြောင်းရင်း ္ဘာ့ရေနံဝယ်လိုအား (Demand) ဟာ ၂၀၀၃ခုနှစ် နောက်ပိုင်းမှာ နဲ့ တိုးမြင့်လာခဲ့ပါတယ်။ ဒုတိယအကြောင်းအရင်းကတော့ ပ်မှု (Supply) ကလဲ တိုးမြင့်လာတဲ့ ဝယ်လိုအားကို အပြည့်အဝ နိုင်ခြင်း မရှိလို့ပါဘဲ။** ခုဆိုရင် ကမ္ဘာပေါ်မှာ ရေနံစွမ်းအင် ာ အမြင့်ဆုံးအဆင့် အထွတ်အထိပ် (Peak Level) ရောက်နေပြီ ဟာမယ့်ငါးနှစ်၊ ဆယ်နှစ်အတွင်းမှာ ထုတ်လုပ်မှု တဖြည်းဖြည်း ဖွယ်ရာ ရှိတယ်လို့ ကျွမ်းကျင်တဲ့ပညာရှင်တွေက သုံးသပ်ထားကြ

## ကမ္ဘာ့ရေနံပမာဏ

၄ခုနှစ်အကုန်မှာ သေချာတဲ့ ကမ္ဘာ့ရေနံပမာဏဟာ စည်ပေါင်း လောက်သာရှိနေပြီး လက်ရှိနှုန်းထားအတိုင်း ဆက်လက်အသုံးပြု နောက်ထပ် နှစ် ၄၀လောက်သာ ထုတ်ယူအသုံးပြုနိုင်တော့မှာ အဲဒီလိုမဟုတ်ဘဲ ခုထက်ပိုပြီး ကမ္ဘာပေါ်မှာ တစ်နှစ်ကို ပျမ်းမျှ ဘီလျံလောက် သုံးမယ်ဆိုရင် နောက်ထပ်၂၅နှစ်လောက်အထိသာ းပြုနိုင်တော့မှာ ဖြစ်ပါတယ်။

ကြောင့်လဲ ကမ္ဘာ့နိုင်ငံအသီးသီးဟာ ရေနံအပြင် သဘာဝဓာတ်ငွေ့နဲ့ သွားတွေကို ထပ်မံရှာဖွေနေကြရပါတယ်။ ရေနံ၊ သဘာဝဓာတ်ငွေ့နဲ့ သွားတွေဟာ အကန့်အသတ်မရှိ သုံးစွဲနိုင်တဲ့ စွမ်းအင်မျိုးမဟုတ်ဘဲ အပိုင်းအခြားတစ်ခုမှာ ကုန်ခန်းသွားမယ့် စွမ်းအင်တွေ ဖြစ်ကြ ll Fossil Fuels are Finite)။ လက်ရှိ ကမ္ဘာပေါ်မှာရှိတဲ့ ွတွေကို တိရစ္ဆာန်၊ သစ်ပင်စတဲ့ ရုပ်ဖြစ်ကြွင်းကျန်တွေကနေ င်း ရာထောင်ချီအောင်ကြာပြီးမှ ခုလိုရလာတာဖြစ်တဲ့အတွက် တတွေ ကုန်သွားရင် မကြာမီအချိန်ကာလအတွင်း သယံဇာတ ဖြစ် ထပ်မံဖြစ်ပေါ်မလာနိုင်ပါဘူး။

**ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးမှာ ရေအားလျှပ်စစ်၊ လေအားလျှပ်စစ်၊ ဒီရေစွမ်းအင်၊ ဟိုက်ဒရိုဂျင်စွမ်းအင်နဲ့ ခြံစည်းရိုးကြက်ဆူ၊ ကြံ၊ ိစပ်၊ ပီလောပီနံ့စတာတွေကရတဲ့ ဇီဝစွမ်းအင်တွေကို ရှာဖွေ တာသနပြုပြီး ထုတ်ယူ သုံးစွဲနေကြပြီဖြစ်ပါတယ်။ အဲ့ဒီစွမ်းအင် အကန့်အသတ်မရှိ အစဉ်အမြဲထုတ်ယူသုံးစွဲသွားနိုင်တဲ့ စွမ်းအင် Renewable Energy လို့ ခေါ်ဝေါ်လေ့ရှိကြပါတယ်။**

## အလားအလာရှိတဲ့ ရေနံသတ္တုသိုက်ပမာဏ

ာနိုင်ငံရဲ့ ကုန်းပေါ် (On-shore)နဲ့ ကမ်းလွန် (Off-shore) ထုတ်လုပ်ရန်ကျန်ရှိနေသေးတဲ့ သေချာတဲ့ ရေနံသတ္တုသိုက် ပေါင်း ၁၄၂၉ သန်းနဲ့ အလားအလာရှိတဲ့ ရေနံသတ္တုသိုက် ပမာဏ ၇၇၁ သန်းရှိပြီး နှစ်မျိုးပေါင်းဟာ ရေနံစည် သန်းပေါင်း ၃၂၀၀ င်မယ်လို့ ကျွမ်းကျင်သူပညာရှင်တွေက ခန့်မှန်းထားကြပါတယ်။ ်ရှိ မြန်မာနိုင်ငံအနေနဲ့ နှစ်စဉ် ထုတ်ယူအသုံးပြုနေတဲ့ ရေနံ ရေနံစည် ၇ ဒသမ ၅ သန်းခန့်ဖြစ်လို့ ဒီပမာဏအတိုင်းဆိုရင် င်း ၁၉၀ကျော်အထိ ထုတ်ယူသုံးစွဲနိုင်မယ်လို့ ခန့်မှန်းရပါတယ်။ ရေနံချက်စက်ရုံများမှ နှစ်စဉ် ဓာတ်ဆီနဲ့ ဒီဇယ်ဆီဂါလန် ၇၀ကျော် ထုတ်လုပ်ပြီး ပြည်တွင်းမှာ ဖြန့်ဖြူးရောင်းချပေးလျက် ိရပါတယ်။

## ဘက်ပေါင်းစုံက အထူးကြိုးပမ်းဆောင်ရွက်

မယ့် **ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိရေနံထွက်ပစ္စည်း အသုံးပြုမှု ွင်းထုတ်လုပ်မှုနဲ့ မလုံလောက်တဲ့အတွက် နိုင်ငံတော်အစိုးရက ျုးကြီးပေးပြီး မှာယူတင်သွင်း ဖြည့်ဆည်းပေးလျက်ရှိပါတယ်။ လိုအပ်ချက်ကို ပြည်တွင်းမှာ လုံလောက်စွာ တိုးချဲ့ထုတ်လုပ်ပေး တ်အနေနဲ့ ဘက်ပေါင်းစုံကနေ အထူးကြိုးပမ်း ဆောင်ရွက်လျက်** ခဲဒီလို တိုးချဲ့ထုတ်လုပ်နိုင်ဖို့ ရင်းနှီးမြှုပ်နှံမှု ငွေကြေးအမြောက် ပ်တဲ့အတွက် ပြည်ပရေနံကုမ္ပဏီများနဲ့လဲ ဖက်စပ်ရေနံတူးဖော် ်ငန်းတွေလဲ ဆောင်ရွက်နေပါတယ်။

**ရာမှာ အလျဉ်းသင့်လို့ ပြောချင်တာက ကျွန်တော်တို့နိုင်ငံအပေါ် င်ကြီးတချို့ရဲ့ လွဲမှားတဲ့ စီးပွားရေးပိတ်ပင်တားဆီးမှုကြောင့် တ်လုပ်ရေးကဏ္ဍမှာလဲ အတော်အတန် ထိခိုက်လာရပါတယ်။ နိုင်ငံတော်အစိုးရက ပြည်ပမှ လောင်စာဆီ ပိုမိုတင်သွင်း ါတယ်။**

## ကျော်စွာမျိုးထက်

**ကမ္ဘာအနှံ့မှာ လောင်စာဆီဈေးတက်နေတာဖြစ်လို့ နိုင်ငံအတော်များများဟာ ကမ္ဘာ့ဈေးကွက်နဲ့အညီ ပြည်တွင်းလောင်စာဆီဈေးနှုန်းတွေကို တိုးမြှင့်နေကြရပါတယ်။ ဥပမာအနေနဲ့ပြောရရင် ဖွံ့ဖြိုးတိုးတက်နေတဲ့ အိမ်နီးချင်း တရုတ်နိုင်ငံမှာ ၂၀၀၃ခုနှစ်ကစပြီး ယနေ့အထိ လေးနှစ်အတွင်း လောင်စာဆီ ဈေးနှုန်းကို ၁၂ကြိမ်တိုင်တိုင် တိုးမြှင့်ခဲ့ရကြောင်း သိရပါတယ်။**

ကျွန်တော်တို့ရဲ့ အိမ်နီးချင်း ထိုင်းနိုင်ငံမှာဆိုရင် ယခုနှစ် ဇူလိုင်လ အတွင်းက ဓာတ်ဆီတစ်ဂါလန်ကို ၁၃၆ဘတ် (၃ဒသမ၅ဒေါ်လာ)နဲ့ ဒီဇယ် တစ်ဂါလန်ကို ၁၁၈ဘတ် (၃ဒသမ ၁ဒေါ်လာ)လောက်ပေးရပါတယ်။

၂၅-၈-၂၀၀၇ရက်မှာ အင်္ဂလန်နိုင်ငံရဲ့ ဓာတ်ဆီပေါက်ဈေးက တစ်ဂါလန် ကို ၄ဒသမ၃ပေါင် (၈ဒသမ၃ဒေါ်လာ)နဲ့ ဒီဇယ်တစ်ဂါလန်ကို ၄ဒသမ၄ပေါင် (၈ဒသမ ၅ဒေါ်လာ)တောင် ရှိပါတယ်။ ပြင်သစ်နိုင်ငံမှာ ၂၁-၈-၂၀၀၇ရက်က ဓာတ်ဆီတစ်ဂါလန်ကို ၇ဒသမ၈ဒေါ်လာနဲ့ ဒီဇယ်တစ်ဂါလန်ကို ၆ဒသမ၇ ဒေါ်လာနှုန်း ဈေးရှိပါတယ်။ လောင်စာဆီ ဈေးသက်သာတယ်လို့ ထင်ကြတဲ့ အမေရိကန်မှာတောင် ၂၀-၈-၂၀၀၇ရက်က ဓာတ်ဆီတစ်ဂါလန်ကို ၃ဒသမ၃ ဒေါ်လာနဲ့ ဒီဇယ်တစ်ဂါလန်ကို ၃ဒသမ ၅ဒေါ်လာ ဈေးလောက်ဖြစ်နေပါတယ်။

ဒါဟာ နိုင်ငံအချို့ကိုသာ ကောက်နုတ်ဖော်ပြလိုက်ခြင်းဖြစ်ပါတယ်။ **အင်တာနက်မှာ ရှာဖွေကြည့်ရင် နိုင်ငံစုံက လောင်စာဆီဈေးနှုန်းအမျိုးမျိုးကို တွေ့နိုင်ပါတယ်။ အဲဒီဈေးနှုန်းတွေနဲ့ ယှဉ်ကြည့်တဲ့အခါ ကျွန်တော်တို့နိုင်ငံမှာ တက်လိုက်တဲ့လောင်စာဆီဈေးနှုန်းဟာ အဲဒီနိုင်ငံတွေအားလုံးရဲ့ ဈေးနှုန်းထက် သက်သာနေသေးတာကို တွေ့ရပါတယ်။ ပြီးတော့လဲ ကမ္ဘာ့ဈေးနှုန်းနဲ့ ယှဉ်ပြီးကြည့်ရင် နိုင်ငံတော်အစိုးရအနေနဲ့ ဒီနေ့အထိ အရှုံးခံပြီး ဓာတ်ဆီ၊ ဒီဇယ်ဆီတွေ ရောင်းချပေးနေသေးတာကို သိသာနိုင်ပါတယ်။**

## နေ့မအား၊ ညမနား အရှိန်အဟုန်ပြင်းစွာ

**ဒီလို နိုင်ငံတော်ဘဏ္ဍာငွေက စိုက်ထုတ် အရှုံးခံရောင်းပေးနေရုံသာမက ပြည်သူအများ လိုလားတောင့်တနေတဲ့ အနာဂတ်ဒီမိုကရေစီနိုင်ငံတော်အတွက် လိုအပ်တဲ့နိုင်ငံရေး၊လူမှုရေး၊စီးပွားရေးအခြေခံအဆောက်အအုံ (Infrastructure) တွေကို နေ့မအား၊ ညမနား အရှိန်အဟုန်ပြင်းစွာနဲ့ အကောင်အထည် ဖော်ပေးနေတာတွေကလဲ လယ်ပြင်မှာဆင်သွားသလို သိသာထင်ရှားလှပါတယ်။**

ကျွန်တော်တို့နိုင်ငံမှာ လမ်းပန်းဆက်သွယ်ရေးအတွက် နေရာအနှံ့ လမ်းတွေ၊ တံတားတွေ လက်ယှက်ထိုး ဖောက်လုပ်တည်ဆောက်ပေးထားသလို စိုက်ပျိုးရေးကဏ္ဍမှာ ဆည်မြောင်းတာတမံကြီးတွေကို ခုအခါမှာ လက်ညှိုးထိုး မလွဲ မြင်တွေ့နိုင်ပါတယ်။ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန် ကြီးတွေကို နိုင်ငံအနှံ့မှာ ထူထောင်ပေးထားသလို ပညာရေးနဲ့ပတ်သက်လို့ ဒေသအသီးသီးမှာ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ပြီး တက္ကသိုလ်ကြီးတွေ၊ ဒီဂရီ ကောလိပ်ကြီးတွေ အများအပြားပေါ်ထွန်းလာခဲ့ပါတယ်။ ကျန်းမာရေးကဏ္ဍ အနေနဲ့လဲ နယ်စပ်ဒေသများပါမကျန် နယ်ဆေးရုံကြီးတွေမှာ ယခင်က ရန်ကုန် နဲ့ မန္တလေးမြို့တွေမှာသာရှိတဲ့ ဆေးကုသပေးမှုများကို လူနာတွေအတွက် ဆောင်ရွက်ပေးနိုင်လာပါပြီ။

## အပြုသဘောနဲ့ တွေးဆကြည့်မြင်

ဒီတော့ **ဒီနေ့ကမ္ဘာတစ်ဝန်းမှာဖြစ်နေတဲ့ လောင်စာဆီဈေးနှုန်းပြဿနာ ရဲ့ ထိုးနှက်ရိုက်ခတ်မှု ဂယက်ကြောင့် ကျွန်တော်တို့နိုင်ငံမှာလဲ လောင်စာဆီ ဈေးနှုန်း မလွှဲမရှောင်သာ တိုးမြှင့်လိုက်ရတာကို နားလည်နိုင်ကြမယ်လို့ ထင်ပါတယ်။ အရှုံးကြီးကနေ အရှုံးလေးဖြစ်လာအောင် ဆောင်ရွက်လိုက်ရလို့ နိုင်ငံဘဏ္ဍာငွေ စိုက်ထုတ်ကုန်ကျခံထားရတဲ့ ပမာဏနည်းလာရင် အခြားသော နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေမှာ ပိုပြီး အသုံးချလာနိုင်မှာကိုလဲ အပြုသဘောနဲ့ တွေးဆကြည့်မြင်လာနိုင်ကြလိမ့်မယ်လို့ မျှော်လင့်မိပါတယ်။**

ဘယ်အရာမဆို အဆိုးနဲ့အကောင်း ဒွန်တွဲနေတတ်တာဖြစ်တဲ့အတွက် အဆိုးမြင်ဝါဒနဲ့သာ မျက်မှန်စိမ်းတပ်ပြီး ကြည့်မနေဘဲ နိုင်ငံတော်အစိုးရရဲ့ စေတနာတွေနဲ့ နိုင်ငံတော်ကြီး အမှန်တကယ် ဖွံ့ဖြိုးတိုးတက်လာတာတွေကို အရှိကိုအရှိအတိုင်း ရှုမြင်သုံးသပ်နိုင်ကြဖို့ လိုအပ်ပါတယ်။

ဒါ့ပြင် မလွှဲမရှောင်သာ လောင်စာဆီဈေးနှုန်း မြင့်တက်လာရတာကို ပြည်သူတွေအချင်းချင်း အခွင့်ကောင်းမယူမိကြဖို့လဲ အရေးကြီးပါတယ်။ လောင်စာဆီဈေးကြောင့် ပိုမိုကုန်ကျရတာက နည်းနည်း၊ မိမိဈေးတင်လိုက် တာက များများ မဖြစ်အောင်လဲ သတိပြုဖို့ လိုအပ်ပါတယ်။

ချုံပြီးပြောရရင်တော့ အပြုသဘောဆောင်တဲ့ ခံယူချက်နဲ့ နှိုင်းနှိုင်းချိန်ချိန် သုခမိန်ဆိုတဲ့စကားနဲ့အညီ ကြောင်းကျိုးဆက်စပ် ချင့်ချိန်သုံးသပ်တတ်ကြ မယ်ဆိုရင်၊ မျှမျှတတ စဉ်းစားဆင်ခြင်တတ်ကြမယ်ဆိုရင် နှစ်ဦးနှစ်ဖက် အဆင်ပြေပြီး တည်ငြိမ်အေးချမ်း သာယာလှပတဲ့ လောကကြီးသာဖြစ် နေမှာ သေချာပါတယ်ဆိုတဲ့အကြောင်း စေတနာကောင်းနဲ့ တင်ပြလိုက်ရပါ တယ်ခင်ဗျား။ ။

ကမ္ဘာအနှံ့မှာ လောင်စာဆီ ဈေးတက်နေတာ ဖြစ်လို့ နိုင်ငံအတော်များများဟာ ကမ္ဘာ့ဈေးကွက်နဲ့ အညီ ပြည်တွင်းလောင်စာဆီဈေးနှုန်းတွေကို တိုးမြှင့် နေကြရပါတယ်။ ဥပမာအနေနဲ့ ပြောရရင် ဖွံ့ဖြိုး တိုးတက်နေတဲ့ အိမ်နီးချင်း တရုတ်နိုင်ငံမှာ ၂၀၀၃ခုနှစ် ကစပြီး ယနေ့အထိ လေးနှစ်အတွင်း လောင်စာဆီ ဈေးနှုန်းကို ၁၂ ကြိမ်တိုင်တိုင် တိုးမြှင့်ခဲ့ရကြောင်း သိရပါတယ်။

အင်တာနက်မှာ ရှာဖွေကြည့်ရင် နိုင်ငံစုံက လောင်စာဆီ ဈေးနှုန်းအမျိုးမျိုးကို တွေ့နိုင်ပါတယ်။ အဲဒီဈေးနှုန်းတွေနဲ့ ယှဉ်ကြည့်တဲ့အခါ ကျွန်တော်တို့ နိုင်ငံမှာ တက်လိုက်တဲ့ လောင်စာဆီဈေးနှုန်းဟာ အဲဒီနိုင်ငံတွေ အားလုံးရဲ့ ဈေးနှုန်းထက် သက်သာ နေသေးတာကို တွေ့ရပါတယ်။ ပြီးတော့လဲ ကမ္ဘာ့ ဈေးနှုန်းနဲ့ ယှဉ်ပြီးကြည့်ရင် နိုင်ငံတော်အစိုးရအနေ နဲ့ ဒီနေ့အထိ အရှုံးခံပြီး ဓာတ်ဆီ၊ ဒီဇယ်ဆီတွေ ရောင်းချပေးနေသေးတာကို သိသာနိုင်ပါတယ်။

ဒီလို နိုင်ငံတော်ဘဏ္ဍာငွေက စိုက်ထုတ် အရှုံးခံ ရောင်းပေးနေရုံ သာမက ပြည်သူအများ လိုလား တောင့်တနေတဲ့ အနာဂတ် ဒီမိုကရေစီနိုင်ငံတော် အတွက် လိုအပ်တဲ့ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး အခြေခံအဆောက်အအုံ (Infrastructure) တွေကို နေ့မအား၊ ညမနား အရှိန်အဟုန်ပြင်းစွာနဲ့ အကောင်အထည်ဖော်ပေးနေတာတွေကလဲ လယ်ပြင် မှာ ဆင်သွားသလို သိသာထင်ရှားလှပါတယ်။

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းရှိ အပန်းဖြေစခန်း တစ်နေရာကို ဩဂုတ် ၂၄ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

# ဘာလီကျွန်းရှိ စားသောက်ဆိုင်များ၌ ကြက်၊ ဘဲများကို စားသောက်ဟင်းလျာများစာရင်းမှ ပယ်ဖျက်

ဂျကာတာ ဩဂုတ် ၂၆

**ပြီးခဲ့သည့် နှစ်ပတ်အတွင်း အင်ဒိုနီးရှားနိုင်ငံ အပန်းဖြေစခန်းတစ်ခုဖြစ်သော ဘာလီကျွန်း၌ ကြက်ငှက်တုပ်ကွေးရောဂါဖြင့် အမျိုးသမီးနှစ်ဦး သေဆုံးပြီးနောက် စားသောက်ဆိုင်အချို့တွင် စားသောက်ဟင်းလျာများစာရင်းမှ ကြက်၊ဘဲတို့ဖြင့် ပြုလုပ်ရသော ဟင်းလျာများကို ပယ်ဖျက်လိုက်ပြီ ဖြစ်ကြောင်း ပြောရေးဆိုခွင့် ရှိသူများက ဩဂုတ် ၂၄ရက်၌ ပြောကြားသည်။**

### ထိခိုက်နိုင်

အင်ဒိုနီးရှားနိုင်ငံအတွင်းတွင် ကြက်ငှက်တုပ်ကွေးရောဂါများ ဖြစ်ပွား၍ ၈၄ဦးသေဆုံးခဲ့ပြီး ယခုလအတွင်း ဘာလီကျွန်း၌ နှစ်ဦးသေဆုံးခဲ့သည်ဟု အာဏာပိုင်များက အတည်ပြု ပြောကြားပြီးနောက်ပိုင်း ဘာလီကျွန်းသို့ ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်မှုကို ထိခိုက်နိုင်ကြောင်း ရိုက်တာသတင်း၌ ဖော်ပြသည်။

### ကြိုတင်ကာကွယ်

စားသောက်ဆိုင်အချို့ရှိ စားသောက်ဟင်းလျာများစာရင်းမှ ကြက်၊ ဘဲဟင်းလျာများကို ဖယ်ရှားလိုက်ခြင်းမှာ ခရီးသွားဧည့်သည်များ၏ မှာကြားချက်များကို မဖြည့်ဆည်းနိုင်ရာရောက်သော်လည်း ကြက်ငှက်တုပ်ကွေးရောဂါမှ ကြိုတင်ကာကွယ်ရာရောက်ကြောင်း ဘာလီကျွန်းရှိ ဟိုတယ်နှင့် စားသောက်ဆိုင်အကြီးအကဲ ကော့ခ်အက်ဒ်ဟာနာက ပြောကြားသည်။

**အမ်အင်န်အေ၊ရိုက်တာ**

# ယခုနှစ်ပထမခြောက်လအတွင်း မီးလောင်မှု ၂၀၀၀ကျော် စင်ကာပူတွင် ဖြစ်ပွား

**စင်ကာပူ ဩဂုတ် ၂၆**

စင်ကာပူနိုင်ငံတွင် ယခုနှစ်ပထမနှစ်ဝက်တွင် မီးလောင်မှု စုစုပေါင်း ၂၂၇၃မှု ဖြစ်ပွားခဲ့ရာ ယခင်နှစ် အလားတူကာလကထက် ငါးရာခိုင်နှုန်း တိုးတက်မြင့်မားလာကြောင်း စင်ကာပူအာဏာပိုင်များက ဩဂုတ် ၂၃ ရက်၌ ပြောကြားသည်။

### စနစ်တကျဆောင်ရွက်

စင်ကာပူနိုင်ငံသားများအနေဖြင့် စနစ်တကျ အလေးထား ဆောင်ရွက်လျှင် မီးလောင်မှုအရေအတွက် လျော့ကျနိုင်မည်ဖြစ်ကြောင်း စင်ကာပူ မြို့ပြကာကွယ်ရေးတပ်ဖွဲ့ (အက်စ်စီဒီအက်ဖ်)က ပြောကြားသည်။

### ပိုမိုများပြား

ယခုနှစ် ပထမခြောက်လအတွင်း အရေးပေါ် မီးသတ်ယာဉ်ခေါ်ယူမှုမှာ ၅၃၈၈၆ ကြိမ်ရှိခဲ့ရာ ယခင်နှစ် အလားတူကာလကထက် ခေါ်ယူမှုပိုမိုများပြားခဲ့ကြောင်း အက်စ်စီဒီအက်ဖ်က ပြောကြားသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# ဂျာမနီ၌ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချမည်

ဘာလင် ဩဂုတ် ၂၆

**ဂျာမနီနိုင်ငံ၌ ၂၀၂၀ပြည့်နှစ်တွင် ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ထုတ်လွှတ်မှု ၃၆ ရာခိုင်နှုန်းလျှော့ချရန် ဂျာမနီနိုင်ငံ စီးပွားရေးလုပ်ငန်းဝန်ကြီးနှင့် သဘာဝပတ်ဝန်းကျင်ရေးရာဝန်ကြီးများ သဘောတူညီခဲ့ကြကြောင်း ဩဂုတ် ၂၃ ရက်က ဂျာမနီ မီဒီယာများက သတင်းထုတ်ပြန်သည်။**

### လျှော့ချမည်

ထို့အပြင် ဂျာမနီနိုင်ငံ အနေဖြင့် အနာဂတ်ကာလတွင်လည်း ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို ဆက်လက်လျှော့ချသွားမည်ဖြစ်ကြောင်း ဂျာမနီနိုင်ငံ သဘာဝပတ်ဝန်းကျင်ရေးရာဝန်ကြီး ခရိုင်မာဂါဘရီရယ်က ပြောကြားသည်။

### ခက်ခဲမည်

ဂျာမနီနိုင်ငံ စီးပွားရေးလုပ်ငန်းဝန်ကြီး မိုက်ကယ်ဂလို့စ်နှင့် သဘာဝပတ်ဝန်းကျင်ရေးရာဝန်ကြီးဆိုင်မာဂါဘရီရယ်တို့က ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချရန် သဘောတူထားသော်လည်း အကောင်အထည်ဖော်ရန် ခက်ခဲမည်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

ဥရောပသမဂ္ဂ ခေါင်းဆောင်များက ၁၉၉၀ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်အတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ၂၀ ရာခိုင်နှုန်း လျှော့ချရန် သဘောတူခဲ့သည်။

**အမ်အင်န်အေ၊ရိုက်တာ**

# အီရတ်၌ ကားဗုံးခွဲတိုက်ခိုက် ၄၂ဦး ဒဏ်ရာရ

**မိုဆူးလ်(အီရတ်) ဩဂုတ် ၂၆**

အီရတ်နိုင်ငံမြောက်ပိုင်း နိုင်ဗက်ချ်ပြည်နယ် မိုဆူးလ်မြို့အနီး အမေရိကန်ကင်းလှည့်ကားကို ပစ်မှတ်ထားသော ကားဗုံးခွဲတိုက်ခိုက်မှုတွင် ၄၂ဦး ဒဏ်ရာရခဲ့ကြောင်း ပြည်နယ်ရဲသတင်းရပ်ကွက်က ဩဂုတ် ၂၃ ရက်၌ ထုတ်ဖော်ပြောကြားသည်။

### ဒဏ်ရာရ

ယင်းဗုံးခွဲတိုက်ခိုက်မှုသည် ဩဂုတ် ၂၁ရက်က မိုဆူးလ်မြို့၏ အနောက်တောင်ဘက် ဂစ်ဖ်လာနီဒေသ၌ အမေရိကန်ကင်းလှည့်ကား ဖြတ်သန်းစဉ် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့ဝင် ငါးဦးအပါအဝင် ၄၂ဦး ဒဏ်ရာရခဲ့ကြောင်း ယင်းပြည်နယ် ရဲတပ်ဖွဲ့အကြီးအကဲ အဗ္ဗဒူလ်အယ်လ်ဂျူဘော်ရီက ဆင်ဟွာသို့ ပြောကြားသည်။

### ဆက်လက်ပြောကြား

ဒဏ်ရာရသူများတွင် အမျိုးသမီး ၁၅ဦးပါဝင်ကြောင်း၊ အခင်းဖြစ်ပွားရာဒေသကို ရဲတပ်ဖွဲ့ဝင်များက ချက်ချင်းပိတ်ဆို့လိုက်သည့်အတွက် အမေရိကန်တပ်ဖွဲ့ဝင်များ သေပျောက်မှု ရှိ၊ မရှိကိုမူ မသိရကြောင်း အဆိုပါသတင်း၌ ဆက်လက် ဖော်ပြသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# ဥရောပ၌ အမေရိကန်တို့ ဒုံးကျည်ကာကွယ်ရေးစနစ်ထားရှိမှု ရန်စခြင်းဖြစ်ကြောင်း ဩစတြီးယားဝန်ကြီးပြောကြား

**ဗီယင်နာ ဩဂုတ် ၂၆**

ဥရောပအရှေ့ပိုင်းတွင် ဒုံးကျည်ကာကွယ်ရေးစနစ်ထားရှိရန်အမေရိကန်တို့ စီစဉ်နေခြင်းသည် ရန်စခြင်းတစ်ရပ်ဖြစ်ကြောင်း ဩစတြီးယားကာကွယ်ရေးဝန်ကြီး နော်ဘတ်ဒါရာဘိုစ်က ပြောကြားလိုက်သည်။

### ရန်စခြင်းတစ်ရပ်ဖြစ်

အရှေ့ဥရောပတွင် ဒုံးကျည်ကာကွယ်ရေးစနစ် တပ်ဆင်ခြင်းသည် ရန်စခြင်းတစ်ရပ်အဖြစ် မိမိတို့ ရှုမြင်ကြောင်း ဩစတြီးယားနိုင်ငံထုတ် ဒိုင်းပရက်သတင်းစာနှင့် တွေ့ဆုံမေးမြန်းရာတွင် ဩစတြီးယားကာကွယ်ရေးဝန်ကြီး ဒါရာဘိုစ်က ပြောကြားသည်။

### မလိုအပ်

အမေရိကန်တို့ ယခုကဲ့သို့ဆောင်ရွက်ခြင်းမှာ မှားယွင်းသည်ဟု မိမိယူဆကြောင်း၊ ဥရောပ၌ ဒုံးပျံကာကွယ်ရေးစနစ်ထူထောင်ခြင်းမှာ မလိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

### ဆောင်ရွက်လျက်ရှိ

အီရန်နှင့် မြောက်ကိုရီးယားနိုင်ငံတို့မှ ဒုံးကျည်များကို ကာကွယ်ရန် အမေရိကန်တို့က ပိုလန်နှင့် ချက်သမ္မတနိုင်ငံတို့တွင် ဒုံးကျည်ကာကွယ်ရေးစနစ်များ တပ်ဆင်ဖြန့်ချထားရန် ဆောင်ရွက်လျက်ရှိသည်။

**အမ်အင်န်အေ၊ရိုက်တာ**

**အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေလျှံတက်သဖြင့် ရေလွှမ်းမှုများ ဖြစ်ပေါ်နေသည်ကို ဩဂုတ် ၂၄ ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

# ယူအေအီး၌ ဘိန်းဖြူ ၄ဒသမ၂ ကီလိုဖမ်းမိ

**အဘူဒါဘီ ဩဂုတ် ၂၆**

အာရပ်စော်ဘွားများ ပြည်ထောင်စု(ယူအေအီး)နိုင်ငံတွင် ပြည်ပမှ မှောင်ခိုတင်သွင်းလာသော ဘိန်းဖြူ ၄ဒသမ၂ကီလိုကို ဒူဘိုင်းမူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့က ဖမ်းဆီးရမိခဲ့ကြောင်း အီးမရိတ် သတင်းဌာနက ဩဂုတ် ၂၄ရက်၌ သတင်းထုတ်ပြန်သည်။

### ကြိုတင်သတင်းရ

အာဖရိကတိုက်သားနှစ်ဦးက ဘိန်းဖြူအမြောက်အမြားကို ပြည်ပမှယူအေအီးနိုင်ငံသို့ မှောင်ခိုတင်သွင်းလာကြောင်း ရဲတပ်ဖွဲ့က ကြိုတင်သတင်းရရှိခဲ့သည်။

ရဲတပ်ဖွဲ့က မူးယစ်ဆေးဝါး မှောင်ခိုတင်သွင်းလာသူများ ခိုအောင်းနိုင်သည့် သံသယဖြစ်ဖွယ်နေရာများကို ဝင်ရောက်စီးနင်းရာမှ ဘိန်းဖြူ ၄ဒသမ၂ကီလိုကို သိမ်းဆည်းရမိခဲ့ပြီး ယင်းနှင့် ဆက်နွှယ်သူနှစ်ဦးကို ဖမ်းဆီးခဲ့သည်။ ၎င်းတို့သည် စုံစမ်းစစ်ဆေးမှုများ ပြီးစီးပါက မူးယစ်ဆေးဝါးလက်ဝယ်ပိုင်ဆိုင်မှုဖြင့် ပြစ်ဒဏ်ကျခံရဖွယ်ရှိကြောင်း ဖော်ပြသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

● **ကျောဖုံးမှ**

အောင်စစ်မင်း (မျိုးဆက်သစ်)တို့ ယှဉ်ပြိုင်ထိုးသတ်ကြရာ အပြာထောင့်မှ စောသဲဝေ (သူရဲကောင်း)က ပထမအချီ ၁၂စက္ကန့်၌ အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။

ပွဲစဉ်(၁၄)အဖြစ် မိုးသီး (မြန်မာပြည်သား)နှင့် နေဇော် (ဒေါင်းမြန်မာ)တို့ ယှဉ်ပြိုင်ထိုးသတ်ကြရာ အနီထောင့်မှ သမ္မာရင့်ဝါရင့် မိုးသီး(မြန်မာပြည်သား)က ပထမအချီ ၁မိနစ်၃၅ စက္ကန့်၌ အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။

ပွဲစဉ်(၁၅)အဖြစ် စိုးမိုးဟိန်း(နှစ်ရှည် ဥယျာဉ်ခြံ)နှင့် မင်းထက်ကျော် (တောင်ကလေး)တို့ ယှဉ်ပြိုင်ထိုးသတ်ကြရာ အနီထောင့်မှ စိုးမိုးဟိန်း (နှစ်ရှည်ဥယျာဉ်ခြံ)က စတုတ္ထအချီ ၂မိနစ် ၃စက္ကန့်တွင် အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။

## ၄၈ကီလို လိုက်ဖလိုင်းဝိတ်တန်း

၄၈ကီလို လိုက်ဖလိုင်းဝိတ်တန်း အကြိုဗိုလ်လုပွဲစဉ်များကို စက်တင်ဘာ ၂ရက်တွင် ကျင်းပမည် ဖြစ်ရာ ဘိုင်ရထားသော စောကျွဲချို (ဘိလပ်မြေစက်ရုံ)နှင့် စောသဲဝေ (သူရဲကောင်း)၊ မိုးသီး(မြန်မာပြည်သား)နှင့် စိုးမိုးဟိန်း (နှစ်ရှည်ဥယျာဉ်ခြံ)တို့ ယှဉ်ပြိုင် ထိုးသတ်ကြရမည်ဖြစ်သည်။

## ဘင်တန်ဝိတ်တန်း

၅၄ကီလိုဘင်တန်ဝိတ်တန်း ကွာတားဖိုင်နယ်ပွဲစဉ် ပွဲစဉ်(၁၆)အဖြစ် အသည်းစွဲ (နှစ်ရှည်ဥယျာဉ်ခြံ)နှင့် ရွှေဖလား **(K.L.N)**တို့ ယှဉ်ပြိုင်ထိုးသတ်ကြသည်။ ငါးချီပြည့်သည်အထိ အနိုင်အရှုံးမပေါ်၍ ဒိုင်လူကြီးများက အမှတ်ပေးစနစ်ဖြင့် ဆုံးဖြတ်ရာ ဒိုင်လူကြီးငါးဦးအနက် ဒိုင်လူကြီးသုံးဦးက အနီထောင့်မှ အသည်းစွဲ(နှစ်ရှည်ဥယျာဉ်ခြံ)ကို အနိုင်ပေးလိုက်သည်။

ပွဲစဉ်(၁၇)အဖြစ် ထွန်းထွန်းဝင်း (ရွှေကျားမင်း)နှင့် ပါပူး (မြို့တော်စည်ပင်)တို့ယှဉ်ပြိုင်ထိုးသတ်ကြရာ အပြာထောင့်မှ ပါပူး(မြို့တော်စည်ပင်)က ဒုတိယအချီ ၂ မိနစ်၄၈စက္ကန့်၌ အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။

ပွဲစဉ်(၁၈)အဖြစ်စစ်သွေး(ဘိလပ်မြေစက်ရုံ)နှင့် ဒေါနအောင်(ရွှေလက်ရာ)တို့ ယှဉ်ပြိုင်ထိုးသတ်ကြရာ ငါးချီပြီးဆုံးသည်အထိ အနိုင်အရှုံး မပေါ်၍ ဒိုင်လူကြီးများက အမှတ်ပေးစနစ်ဖြင့် ဆုံးဖြတ်ခဲ့ရသည်။ အမှတ်ပေးဒိုင်လူကြီး ငါးဦးစလုံးက အနီထောင့်မှ စစ်သွေး (ဘိလပ်မြေစက်ရုံ)ကို အနိုင်ပေးလိုက်၍ အကြိုဗိုလ်လုပွဲသို့ တက်လှမ်းသွားသည်။

ပွဲစဉ် (၁၉)အဖြစ် သိုးကောင်း (မြန်မာပြည်သား)နှင့် ဝိုင်းဝိုင်း(တောင်ကလေးတို့) ယှဉ်ပြိုင်ထိုးသတ်ကြရာ ငါးချီ ပြီးဆုံးသည်အထိ အနိုင်အရှုံးမပေါ်၍ ဒိုင်လူကြီးများက အမှတ်ပေးစနစ်ဖြင့် ဆုံးဖြတ်ခဲ့ရသည်။ ထိုးလုံးထိုးကွက်နှင့်ထိချက်များအရ သိုးကောင်းနိုင်သင့်သည်ဟု ပရိသတ်များ ထင်မှတ်ထားသည့်အတိုင်း အမှတ်ပေးဒိုင်လူကြီး ငါးဦးစလုံးက သိုးကောင်း (မြန်မာပြည်သား)ကို အနိုင်ပေးလိုက်၍ အကြိုဗိုလ်လုပွဲသို့ တက်လှမ်းသွားသည်။

၅၄ကီလိုဘင်တန်ဝိတ်တန်း အကြိုဗိုလ်လုပွဲစဉ်များကို စက်တင်ဘာ၂ရက်တွင် ကျင်းပမည်ဖြစ်ရာ အသည်းစွဲ (နှစ်ရှည်ဥယျာဉ်ခြံ)နှင့် ပါပူး (မြို့တော်စည်ပင်)၊ စစ်သွေး (ဘိလပ်မြေစက်ရုံ)နှင့် သိုးကောင်း (မြန်မာပြည်သား)တို့ ယှဉ်ပြိုင် ထိုးသတ်ကြရမည်ဖြစ်သည်။

## ဖယ်သာဝိတ်တန်း

၅၇ကီလို ဖယ်သာဝိတ်တန်း ကွာတားဖိုင်နယ်ပွဲစဉ် ပွဲစဉ်(၂၀)အဖြစ် မိုက်ခဲ(တောင်ကလေး)နှင့် စွမ်းအားရှင် (နှစ်ရှည်ဥယျာဉ်ခြံ)တို့ ယှဉ်ပြိုင်ထိုးသတ်ကြသည်။ ၂၀၀၆ခုနှစ် ရွှေခါးပတ်ချန်ပီယံလုပွဲ၌ ပရိသတ်လက်ခုပ်သံရခဲ့သော မိုက်ခဲ၏ လက်သီးစွမ်းကို ကြည့်လိုသူများ မချင့်မရဲဖြစ်ခဲ့ရသည်။ သူတစ်ချက်ကိုယ်တစ်ချက် ပြိုင်တူနှက်နေရာမှ စွမ်းအားရှင်က မိုက်ခဲ၏ ဘယ်ခြေကို ရိုက်ဖြုတ်လိုက်ရာ မိုက်ခဲ ပြန်မထနိုင်ဘဲ အရှုံးပေးလိုက်ရသည်။

ပထမအချီ ၂၈စက္ကန့်၌ အနီထောင့်မှ စွမ်းအားရှင် (နှစ်ရှည်ဥယျာဉ်ခြံ) အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။ မျှော်စင်ကျွန်းမှ စိန်ခေါ်သံတွင် စောဖွဲလေး၏ ခြေကန်ချက်ဖြင့် ရှုံးခဲ့ရသော မိုက်ခဲမျာ ဒဏ်ရာဟောင်း ထပ်ထိ၍ ရွှေခါးပတ်နှင့် အလှမ်းဝေးခဲ့ရသည်။ တောင်ကလေးကလပ်မှ လက်ဝှေ့ကျော်များ လမိုင်းမကပ်ခဲ့ဟု ဆိုရပေမည်။

## မမျှော်လင့်ဘဲအရှုံး

ပွဲစဉ်(၂၁)အဖြစ် ရွှေထွန်းယုံ(ဘိလပ်မြေစက်ရုံ)နှင့် နိုင်းဝမ်းလေး(မြို့တော်စည်ပင်)တို့ ယှဉ်ပြိုင် ထိုးသတ်ကြရာ တတိယအချီအထိ အသာစီးမှ ထိုးနေသော နိုင်းဝမ်းလေး မမျှော်လင့်ဘဲအရှုံးနှင့်ရင်ဆိုင်လိုက်ရသည်။ ၂၀၀၀ပြည့်နှစ် ရွှေခါးပတ် ချန်ပီယံ နိုင်းဝမ်းလေး အသက်ရလာ၍ ယခင်လို လက်သီး မပြင်း၊ မမြန်တော့ချေ။ နိုင်းဝမ်းလေး သမ္မာနှင့် ဝါသာပြီး လက်ဝှေ့ပညာရည်ပြည့်၍သာ စတုတ္ထအချီ ရောက်ခဲ့သော်လည်း ရိုးရာလက်ဝှေ့ မျက်စိအမြင်ရှိသူများက ပထမအချီမှာပင် နိုင်းဝမ်းလေးကို အားမလိုအားမရ ဖြစ်ခဲ့ကြသည်။

တတိယအချီ၌ ရွှေထွန်းယုံ မျက်ခုံးကွဲပြီး သွေးစီးကျနေ၍ ဆရာဝန်ပြရာ ဆရာဝန်က ဆက်ထိုးခွင့်ပြုသည်။ ရွှေထွန်းယုံ ညာဘက်မျက်လုံး ပိတ်နေသည့်ကြားမှ နိုင်းဝမ်းလေးကို သူတင်ကိုယ်တင် ခံထိုးသည်။ ရွှေထွန်းယုံ ခံနိုင်ရည်ရှိသည်နှင့်အမျှ နိုင်းဝမ်းလေး လက်သီးများ အားမပါဘဲဖြစ်လာသည်။ စတုတ္ထအချီပြန်စသည့်အခါ ရွှေထွန်းယုံ အမောလုံလာပြီး ဝုန်းဒိုင်း ကြဲလေရာ နိုင်းဝမ်းလေး ယှဉ်မထိုးနိုင်တော့ဘဲ ကြမ်းပြင်ပေါ် လှဲချ၍ ရှောင်နေသည်။ နိုင်းဝမ်းလေး အခြေမဟန်မှန်း ရိပ်စားမိသည့် အကူလူများက မျက်နှာသုတ်ပဝါပစ်တင်၍ အရှုံးပေးလိုက်ရာ အနီထောင့်မှ ရွှေထွန်းယုံ စတုတ္ထအချီ ၃၃စက္ကန့်၌ အနိုင်ရရှိသွားသည်။

## နဖူးကွဲ၍ပွဲသိမ်း

ပွဲစဉ် (၂၂)အဖြစ် သောကြာထွန်း (ရန်ကုန်တိုင်း)နှင့် ဒေါဂျစ် (လယ်ယာ/ဆည်မြောင်း)တို့ ယှဉ်ပြိုင်ထိုးသတ်ကြရာ ရိုးရာပရိသတ်များ ထင်ကြေးပေးထားကြသည့်အတိုင်း ဒေါဂျစ် (လယ်ယာ/ဆည်မြောင်း)က ပထမအချီ ၁မိနစ်၅၅စက္ကန့်၌ အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။ သောကြာထွန်းက ခုန်ဆွခုန်ဆွဖြင့် ဟန်ရေးပြကောင်းသော်လည်း နင်လားငါလား ထိုးသည့်အခါ ပုံမလာဘဲဖြစ်နေသည်။ နှစ်ဦးသားပူးမိပြီး ဆွဲအလှဲ၌ ဒေါဂျစ်၏ ဒူးက သောကြာထွန်းနဖူးကို မိတ်ဆက်မိသောအခါ သောကြာထွန်း နဖူးကွဲ၍ ပွဲသိမ်းခဲ့ရသည်။

၅၇ကီလိုဖယ်သာဝိတ်တန်း အကြိုဗိုလ်လုပွဲစဉ်များကို စက်တင်ဘာ၂ရက်တွင် ကျင်းပမည်ဖြစ်ရာ ဘိုင်ရထားသော ရှမ်းသွေးလေး (ဒေါင်းမြန်မာ) နှင့် စွမ်းအားရှင် (နှစ်ရှည်ဥယျာဉ်ခြံ)၊ ရွှေထွန်းယုံ (ဘိလပ်မြေစက်ရုံ)နှင့် ဒေါဂျစ် (လယ်ယာ/ဆည်မြောင်း) တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည် ဖြစ်သည်။

ပွဲစဉ်(၂၄)အဖြစ် အာကာဟိန်း (မြို့တော်စည်ပင်)နှင့် ကြယ်တစ်ပွင့် (မြန်မာပြည်သား)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ပွဲမကောင်းလှဘဲ တတိယအချီ ၂မိနစ်၃၁စက္ကန့်၌ ကြယ်တစ်ပွင့် (မြန်မာပြည်သား)က အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။ အာကာဟိန်း ကြမ်းပြင်ပေါ်လဲကျ၍ ကြိုးဝိုင်းဒိုင်က အမှတ်စဉ် ရေတွက်ရာ အမှတ်စဉ် ရှစ်အရောက်၌ ပြန်ထလာသော်လည်း ငူငူငိုင်ငိုင်ဖြစ်နေသည်။ ကြိုးဝိုင်းဒိုင်က အမှတ်စဉ်ဆက်မရေတွက်ဘဲ ဆရာဝန်ပြရာ ဆရာဝန်က ဆက်ထိုးခွင့်ပြုသော်လည်း ဒိုင်ချုပ်က ရိုးရာလက်ဝှေ့စည်းကမ်းအရ ကြယ်တစ်ပွင့်(မြန်မာပြည်သား)ကို အလဲထိုးဖြင့် အနိုင်ပေးလိုက်ခြင်း ဖြစ်သည်။

၇၁ ကီလို လိုက်မစ်ဒယ်ဝိတ်တန်း အကြိုဗိုလ်လုပွဲစဉ်များကို စက်တင်ဘာ ၂ရက်တွင် ကျင်းပမည်ဖြစ်ရာ ဘိုင်ရထားကြသော မြလေးနွယ်(တောင်ကလေး)နှင့် ထွန်းထွန်း(အင်းစိန်မြို့နယ်)၊ ဘိလပ်မြေစတား (ဘိလပ်မြေစက်ရုံ) နှင့်ကြယ်တစ်ပွင့်(မြန်မာပြည်သား)တို့ ယှဉ်ပြိုင် ထိုးသတ်ကြရမည်ဖြစ်သည်။

**သောကြာထွန်း (ရန်ကုန်တိုင်း)ကို ပထမအချီတွင် အလဲထိုး အနိုင်ရရှိသွားသော ဒေါဂျစ် (လယ်ယာ/ဆည်မြောင်း)။**

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

**မိုက်ခဲ (တောင်ကလေး)ကို ပထမအချီ၌ အနိုင် ရရှိသွားသော စွမ်းအားရှင် (နှစ်ရှည်ဥယျာဉ်ခြံ)။**

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

## လိုက်မစ်ဒယ်ဝိတ်တန်း

၇၁ကီလို လိုက်မစ်ဒယ်ဝိတ်တန်း ကွာတားဖိုင်နယ်ပွဲစဉ် ပွဲစဉ်(၂၃)အဖြစ် ဘိလပ်မြေစတား(ဘိလပ်မြေစက်ရုံ) နှင့် စောပဂရေမူး (K.L.N)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ပွဲကောင်း ဖြစ်မလာဘဲ ဒိုင်ပွဲရပ်ဖြင့် အဆုံးသတ်ခဲ့ရသည်။ ကိုယ်လုံးကိုယ်ထည် သာသည့်အပြင် ထိုးလုံး ထိုးကွက် အဆင့်မြင့်သော ၂၀၀၆ခုနှစ် ရွှေခါးပတ်ချန်ပီယံ ဘိလပ်မြေစတားက တရစပ် လိုက်ထိုးသမျှ စောပဂရေမူးက လှဲချလိုက်၊ အိပ်ချလိုက်လုပ်ပြီး အကြာကြွေးဆွဲနေ၍ ဒိုင်များက ပွဲရပ်ပြီး အနီထောင့်မှ ဘိလပ်မြေစတား(ဘိလပ်မြေစက်ရုံ)ကို ပထမအချီ ၂မိနစ် ၂၁စက္ကန့်၌ အနိုင်ပေးလိုက်သည်။

## တွေ့ဆုံမေးမြန်း

အတန်းလိုက် ကွာတားဖိုင်နယ် ဒုတိယနေ့ ပွဲစဉ်များအပြီးတွင် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားကြသော ရိုးရာလက်ဝှေ့ကျော်အချို့အား တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

ရှေးဦးစွာ ကြယ်တစ်ပွင့် (မြန်မာပြည်သား)က **"ရိုးရာလက်ဝှေ့စည်းကမ်းအရ ကျွန်တော့်ကို အနိုင်ပေးတဲ့အတွက် အထူးပဲ ဝမ်းသာမိပါတယ်။ ကျွန်တော့်အသက် ၃၅နှစ်ရှိပါပြီ။ လက်ဝှေ့ထိုးသက်ကတော့ အနှစ် ၂၀ကျော်ပါတယ်။ အာကာဟိန်းနဲ့အရင်က မထိုးဖူးပါဘူး။ ဒီပွဲ မတိုင်မီက တမူးမှာ မြားတစ်စင်းကို ဒုတိယအချီမှာ အလဲထိုးနဲ့အနိုင်ရခဲ့ပါတယ်။ မန္တလေးတိုင်းကနေ ရန်ကုန်ကို ရောက်လာတာပါ။ ၂၀၀၀ပြည့်နှစ်နောက်ပိုင်းမှာ နှစ်နှစ်လောက်နားနေပြီးမှ ပြန်ထိုးတာပါ။ အနိုင်ရမယ်ဆိုတာ ယုံကြည်ပြီးသားပါ။ သမ္မာကစကားပြောလာတော့ စိတ်လှုပ်ရှားတာမျိုးလဲမရှိတော့ပါဘူး"**ဟု ပြောကြားသည်။

## အလုပ်တစ်ခုလိုဖြစ်နေ

ဒေါဂျစ် (လယ်ယာ/ဆည်မြောင်း) ကလည်း **"အနိုင်ရမယ်လို့ ယုံကြည်ထားပေမယ့် အခုလို ရွှေခါးပတ်လုပွဲမျိုးမှာ သတိဝီရိယထားပြီး ထိုးရပါတယ်၊ လျင်မြန်ဖျတ်လတ်မှုလဲ လိုပါတယ်၊ ကျွန်တော့်အသက် ၂၇နှစ်ရှိပါပြီ၊ ၂၀၀၁ခုနှစ်မှာ ရိုးရာလက်ဝှေ့ စထိုးခဲ့တာပါ၊ သောကြာထွန်းနဲ့ အရင်ကမထိုးဖူးပါဘူး၊ လက်ဝှေ့ထိုးနေကျဆိုတော့ အလုပ်တစ်ခုလို ဖြစ်နေပြီး စိတ်လှုပ်ရှားတာမျိုး မရှိတော့ပါဘူး၊ ကျိုက္ကဆံကွင်း စိန်ခေါ်ပွဲမှာ ဘိလပ်မြေမောင်မောင်ကို စတုတ္ထအချီမှာ အလဲထိုးပြီး အနိုင်ရခဲ့ပါတယ်၊ အဲဒီပွဲနောက်ပိုင်းမှာ ဒီပွဲကို ပြန်ထိုးတာပါ၊ ရွှေခါးပတ်ဆုရမယ်လို့ ယုံကြည်ပါတယ်"** ဟု ပြောကြားသည်။

ဆက်လက်၍ ဘိလပ်မြေစတား (ဘိလပ်မြေစက်ရုံ) ကိုမေးမြန်းရာတွင် **"ဒီလောက်မြန်မြန် ပွဲသိမ်းမယ်လို့တော့ မထင်ခဲ့ပါဘူး။ ကျွန်တော့် အသက် ၂၅ နှစ်ပါ။ ရိုးရာလက်ဝှေ့ ထိုးတာ လေးနှစ်လောက် ရှိပါပြီ။ ၂၀၀၆ခုနှစ် ရွှေခါးပတ်လုပွဲ မှာ ၄၅ ကီလိုတန်းမှာ ဇာနည်ဆင်ရိုင်းကို အနိုင်ရပြီး ရွှေခါးပတ် ရခဲ့ပါတယ်။ လက်ဝှေ့မထိုးဘဲ နားနေခဲ့တာ ကြာပါပြီ။ လေ့ကျင့်မှု နှစ်ပတ်လောက်ပဲ ရပါတယ်။ ရွှေခါးပတ် ချန်ပီယံဆုကို ဆက်လက်ထိန်းသိမ်းဖို့ အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်သွားမှာပါ"**ဟု ပြောကြားသည်။

**လိုက်ဖလိုင်းဝိတ်တန်း ၄၈ကီလိုတန်း ကွာတားဖိုင်နယ်ပွဲစဉ်တွင် ပြိုင်ဘက် နေဇော်(ဒေါင်းမြန်မာ)အား ပထမအချီ ၁မိနစ် ၃၅စက္ကန့်၌ ညာဒူးတိုက်ချက်ဖြင့် ပွဲသိမ်းလိုက်သည့် မိုးသီး (မြန်မာပြည်သား)။**

ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

## ဖွဲ့အပြည့်သွင်း

ရွှေထွန်းယုံ (ဘိလပ်မြေစက်ရုံ) က လည်း **"နိုင်းဝမ်းလေးနဲ့ အရင်က မထိုးဖူးပါဘူး၊ သူထိုးတာကိုတော့ မြင်ဖူးပါတယ်။**

**သူ့လို သမ္မာရင့် ဝါရင့်နဲ့ ထိုးရတာဆိုတော့ စိတ်လှုပ်ရှားပါတယ်။ စိတ်ဓာတ်နဲ့ ဖွဲ့အပြည့် သွင်းပြီး ယှဉ်ပြိုင်လို့ အနိုင်ရခဲ့တာပါ။ အသက် ၁၉နှစ်ပါ၊ လက်ဝှေ့ထိုးတာ နှစ်နှစ်ပဲ ရှိပါသေးတယ်။ ဒီပွဲမတိုင်ခင် ရှမ်းသွေးလေး (ဒေါင်းညိုလေး)ကို ရန်ကုန်မှာ သရေထိုးခဲ့ပါတယ်။ အရင်က ရွှေခါးပတ်လုပွဲ မထိုးဖူးပါဘူး။ ကျွန်တော့်ရဲ့ ဆရာက ဦးမိုးပုလဲပါ"**ဟု ပြောကြားသည်။

ပွဲသိမ်းမြန်သော စွမ်းအားရှင် (နှစ်ရှည်ဥယျာဉ်ခြံ)အား မေးမြန်းရာတွင် **"မိုက်ခဲနဲ့ ထိုးရမယ်ဆိုတော့ အခုလို မြန်မြန်နဲ့ ပွဲသိမ်းမယ်လို့ မထင်ခဲ့ပါဘူး။ အမှတ်နဲ့ပဲ နိုင်မယ်လို့ ထင်ခဲ့တာပါ၊ ကျွန်တော့်အသက် ၂၆နှစ်ပါ၊ လက်ဝှေ့ထိုးသက် လေးနှစ်ရှိပါပြီ။ ဒီပွဲမတိုင်ခင် ဘားအံမှာ ဓာတ်လိုက်နဲ့ မြတ်လေးနွယ်တို့ကို သရေစီ ထိုးခဲ့ပါတယ်။ ကျွန်တော့် လက်ဝှေ့ထိုး သက်တမ်းမှာ အရင်ကလဲ ခြေကန်ချက်နဲ့ ပွဲသိမ်းခဲ့တာမျိုး ရှိပါတယ်"** ဟု ပြောကြားသည်။

## အကြိုဗိုလ်လုပွဲ

၂၀၀၇ခုနှစ် မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံလုပွဲ အကြိုဗိုလ်လုပွဲစဉ်များကို စက်တင်ဘာ ၁ရက်နှင့် ၂ရက်တို့တွင် ရန်ကုန်မြို့ အမျိုးသား အားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းမြင်ကွင်းအဖြစ် တင်ဆက်လိုက်ရပါကြောင်း။ ။

**(မြန်မာ့အလင်း)**

**စတုတ္ထအကြိမ်မြောက် ကိုယ်အလေးချိန်အတန်းလိုက် မြန်မာ့ရိုးရာလက်ဝှေ့ ၂၀၀၇ခုနှစ် ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲကြီးကို သုဝဏ္ဏအမျိုးသားအားကစားပြိုင်ပွဲရုံ(၁)တွင် ကျင်းပရာ ဤသို့ပွဲကြည့်ပရိသတ်များ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။**

ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

**"သမ္မာက စကားပြောလာတော့ စိတ်လှုပ်ရှားတာမျိုးလဲ မရှိတော့ပါဘူး"**
**ကြယ်တစ်ပွင့် (မြန်မာပြည်သား)**

**"ရွှေခါးပတ်ဆုရမယ်လို့ ယုံကြည်ပါတယ်"**
**ဒေါဂျစ် (လယ်ယာ/ဆည်မြောင်း)**

**"ရွှေခါးပတ်ချန်ပီယံဆုကို ဆက်လက်ထိန်းသိမ်းဖို့ အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်သွားမှာပါ"**
**ဘိလပ်မြေစတား(ဘိလပ်မြေစက်ရုံ)**

**"စိတ်ဓာတ်နဲ့ ဖွဲ့အပြည့်သွင်းပြီး ယှဉ်ပြိုင်လို့ အနိုင်ရခဲ့တာပါ"**
**ရွှေထွန်းယုံ(ဘိလပ်မြေစက်ရုံ)**

**"မြန်မြန်နဲ့ ပွဲသိမ်းမယ်လို့ မထင်ခဲ့ပါဘူး"**
**စွမ်းအားရှင် (နှစ်ရှည်ဥယျာဉ်ခြံ)**

# ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းအား ထိုင်းနိုင်ငံမှ ဧည့်အဖွဲ့ လာရောက်တွေ့ဆုံ

**ရန်ကုန် ဩဂုတ် ၂၆**

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းအား ရန်ကုန်မြို့၌ ရောက်ရှိနေသော ထိုင်းနိုင်ငံ (Dynamic Group)၏ Group Managing Director, Mr. Thaweesin Charuwongkhachon နှင့်အဖွဲ့သည် ယနေ့ နံနက် ၉နာရီက ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး ဧည့်ခန်းမသို့ လာရောက် တွေ့ဆုံနှုတ်ဆက်ပြီး ငါးလုပ်ငန်းဆိုင်ရာ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများညှိနှိုင်း ဆွေးနွေးကြသည်။

**တက်ရောက်**

ထိုသို့တွေ့ဆုံရာသို့ မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ ဦးကျော်လွင်၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ရွှေ၊ မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာသန်းရွှေ၊ ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အလိုတော်ပြည့်ဝိပဿနာ ခုနစ်ရက်တရားစခန်း

**ရန်ကုန် ဩဂုတ် ၂၆**

ရန်ကုန်တိုင်း တာမွေမြို့နယ် တာမွေလေးရပ်ကွက် ပင်ရွှေညောင်လမ်းရှိ အောင်မြေဗောဓိမ္မရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်တွင် ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၆ရက်အထိ ပြည်တွင်းပြည်ပ သာသနာပြု အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အလိုတော်ပြည့် ဆရာတော် ဒေါက်တာဘဒ္ဒန္တ အရိယဝံသ ဆရာတော်ကြီးကိုယ်တိုင် ခုနစ်ရက် ဝိပဿနာသတိပဋ္ဌာန် အလုပ်ပေးတရားဟောကြားပြသမည်ဖြစ်သည်။ တရားစခန်း ဝင်ရောက်လိုသူများသည် ဩဂုတ် ၃၀ရက် ညနေ အရောက် တရားစခန်းသို့ ဝင်ရောက်ကြရမည်ဖြစ်ပြီး အလိုတော်ပြည့်ကျောင်းတိုက် ဂေါပကအဖွဲ့ ရုံးဖုန်း-၅၄၈၈၆၁ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

# ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

* *ကနေဒါနိုင်ငံအနောက်ပိုင်း ဆူရာရေးမြို့မှ ဩဂုတ် ၂၄ ရက်က စတင်ပျံသန်းခဲ့သော ခရီးသည် ၁၂ဦးနှင့် မိုးပျံပူဖောင်း မောင်းနှင်သူတစ်ဦးပါရှိသည့် အပျော်စီး မိုးပျံပူဖောင်းကြီးတစ်ခု မြေပြင်မှ အမြင့်ပေ ၄၀၀ ခန့်တွင် မီးလောင်ထိုးကျခဲ့ရာ လူနှစ်ဦးသေဆုံးပြီး ၁၁ဦး ဒဏ်ရာရရှိသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။* ***(ယာပုံ)***

* ***ကူဝိတ်နိုင်ငံ အယ်ဂျာဟာမြို့ရှိ ဆေးရုံတစ်ရုံ ဩဂုတ် ၂၄ ရက်က မီးလောင်မှုဖြစ်ပွားရာ လူနာနှစ်ဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့ကြောင်း၊ မီးလောင်မှုကြောင့် ဆေးရုံအစိတ်အပိုင်းအတော်များများ မီးလောင်ကျွမ်းခဲ့ကြောင်း၊ မီးလောင်မှုနှင့် ပတ်သက်၍ စုံစမ်းလျက်ရှိကြောင်း ကူဝိတ်မီဒီယာ များက ဖော်ပြသည်။***

* *မက္ကဆီကိုနိုင်ငံ အရှေ့တောင်ပိုင်းတွင် ဩဂုတ် ၂၄ ရက်က ကုန်တင်မော်တော်ယာဉ်တစ်စီးပေါ်ရှိ သေတ္တာများအတွင်းမှ လူမှောင်ခိုတင်ဆောင်လာသူ ၁၇၈ဦးကို မက္ကဆီကိုရဲတပ်ဖွဲ့က ရှာဖွေဖမ်းဆီးမိခဲ့ကြောင်း မက္ကဆီကိုရဲတပ်ဖွဲ့က ပြောကြားသည်။*

* ***ပါလက်စတိုင်းရှိ ဂါဇာကမ်းမြောင်မှ အီဂျစ်နိုင်ငံသို့ မြေထဲပင်လယ်ကမ်းရိုးတစ်လျှောက် ဩဂုတ် ၂၆ ရက်မှစတင်ကာ တစ်ဦးတည်းရေကူးကာ ခရီးနှင်နေသော အီဂျစ်နိုင်ငံသား လူငယ်တစ်ဦးက မိမိသည် ပါလက်စတိုင်းပြည်သူတို့၏ ဘဝကို ကမ္ဘာကသိရှိရန် ယခုကဲ့သို့ ရေကူးပြီး ခရီးနှင်နေခြင်းဖြစ်ကြောင်း ပြောကြားသည်။***

* *ဂျာမနီနိုင်ငံတောင်ပိုင်း အီလန်ဂင်မြို့အနီး မွေးမြူရေးခြံတစ်ခုတွင် ဩဂုတ် ၂၆ ရက်က ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု တွေ့ရှိရသဖြင့် ကြက်ကောင်ရေ ၁၆၀၀၀၀ ကို သတ်ပစ်ခဲ့ရကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။*

* ***တရုတ်နိုင်ငံမြောက်ပိုင်း အတွင်းမွန်ဂိုလီးယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဗူလန်ချာဘူမြို့တွင် နေထိုင်သော အသက် ၁၉ နှစ်အရွယ် ဟီပင်းပင်းအမည်ရှိ လူငယ်တစ်ဦးသည် အရပ် ၇၃ စင်တီမီတာသာရှိရာ ကမ္ဘာပေါ်တွင် အရပ်အပုဆုံးလူသားအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဩဂုတ် ၂၄ ရက်က ဖော်ပြခံရသည်။***

* *ဗြိတိန်နိုင်ငံ ဗန်ကူဗားမြို့အနီး အကြိုမင်္ဂလာညစ့်ခံပွဲတစ်ခုသို့ တက်ရောက်ရန်အတွက် အမျိုးသမီးတစ်ဦးမောင်းနှင်လာသော မော်တော်ယာဉ်တစ်စီး ဩဂုတ် ၂၅ ရက်က တိမ်းမှောက်သွားရာ ခြောက်ဦးသေဆုံးပြီး ၁၇ဦးဒဏ်ရာရရှိသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။*

* ***ဂရိနိုင်ငံ အေသင်မြို့အရှေ့ဘက်တွင် သစ်တောမီး အကြီးအကျယ်လောင်ကျွမ်းမှု ဆက်လက်ဖြစ်ပွားလျက်ရှိရာ အေသင် အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် အေသင်မြို့အကြား အဓိက အဝေးပြေးကားလမ်းမကြီးကို ပိတ်ထားလိုက်ပြီး အရေးပေါ်သတိပေးချက်များထုတ်ပြန်ထားရကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။*** *(အင်တာနက်)*

# မန်ယူအတွက် အနိုင်ဂိုးသွင်းပြီး နာနီ ကျွမ်းထိုးအောင်ပွဲခံ မစ်ဒယ်ဘရော့နှင့် နယူးကာဆယ်တို့ နှစ်ဂိုးစီ သရေပွဲဖြစ်

**သတင်းမှတ်စု**
**မောင်ချစ်ကြည်**

လန်ဒန် ဩဂုတ် ၂၆

**ပရီမီယာလိဂ်ပွဲစဉ်(၄) လက်ကျန်ပွဲများကို ဩဂုတ် ၂၆ ရက်က ဆက်လက်ကစားရာ မန်ယူနှင့်စပါးတို့ပွဲတွင် မန်ယူက တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲစတင်ရရှိသွားပြီး မစ်ဒယ်ဘရော့နှင့် နယူးကာဆယ်တို့ပွဲ၌ တစ်ဖက်နှစ်ဂိုးစီ သရေပွဲဖြစ်သွားခဲ့သည်။**

**မန်ယူအတွက် အနိုင်ဂိုးသွင်းပြီး နာနီ ဤသို့ကျွမ်းထိုးအောင်ပွဲခံခဲ့သည်။**
(ဓာတ်ပုံ-အင်တာနက်)

**မန်ယူနှင့် စပါး**

နိုင်ပွဲရမှုဖြစ်မည့် မန်ယူတို့ အိမ်ကွင်း အိုးထရက်ဖို့ဒ်၌ စပါးကို ခက်ခက်ခဲခဲကစားခဲ့ရသည်။ မန်ယူ တိုက်စစ်ကို တီဗက်ဇ်တစ်ဦးတည်း တင်ကစားကာ ကွင်းလယ်မှ ပေါလ်စခိုး၊ နာနီ၊ အိုဝင်ဟားဂရေ့ဗ်၊ ဂစ်နှင့် ကာရစ်တို့က တိုက်စစ်ကို ဝန်းရံစေခဲ့သည်။

**ဖိကစား**

မန်ယူနောက်တန်းတွင် ဘရောင်း၊ အီဗရာ၊ ဖာဒီနန်နှင့် ဗီဒစ်တို့ အပြည့်ထုတ်သုံးကာ ခြေထောက်ဒဏ်ရာရနေသော ဂိုးသမား ဗန်ဒါးဆားလည်း ဝင်ရောက်ကစားခဲ့သည်။ မန်ယူသည် ပွဲစသည်နှင့် ဂိုးရရှိရေး တိုက်စစ်ဖွင့်ကစားခဲ့ရာ စပါးအသင်းဘက်သို့ ဖိကစားနိုင်ခဲ့သည်။

မန်ယူတို့ ကစားကွက်အသာစီးရပြီး ကွင်းလယ်မှ တိုက်စစ်စတင်ကာ စပါးနောက်တန်းကို ထိုးဖောက်ကစားခဲ့ရာ ပထမပိုင်း၌ပင် ဂိုးသွင်းခွင့် အခွင့်အရေး ၁၀ ကြိမ်ကျော် ရရှိခဲ့သည်။ ပထမပိုင်းတွင် အပိုင်ကန်သွင်းခွင့် နှစ်ကြိမ်ခန့်ရရှိခဲ့သော်လည်း တီဗက်ဇ်၏ ကိုက် ၂၀ အကွာမှ ကန်သွင်းချက် လွဲချော်ခဲ့သလို မိုက်ကယ်ကာရစ်၏ ကန်ချက်မှာလည်း လွဲချော်ခဲ့ရသည်။

ထို့အတူ ပွဲချိန် ၃၈ မိနစ်၌ စပါး ပယ်နယ်တီဂိုးဧရိယာအတွင်းမှ နာနီ၏ အပိုင်ကန်သွင်းမှုလည်း လွဲခဲ့သဖြင့် မန်ယူတို့ နစ်နာခဲ့ရသည်။ ပထမပိုင်း ပွဲချိန်အတွင်း မန်ယူတို့ ဂိုးမသွင်းနိုင်ခဲ့ချေ။ ဒုတိယပိုင်း ၅၆ မိနစ်တွင် မန်ယူမှ မိုက်ကယ်ကာရစ်အစား အီးဂဲလ် ဝင်ရောက်ကစားခဲ့သည်။ ရော်ဘီကိန်းနှင့် ဘာဘာတော့ဗ်တို့ ဦးဆောင်သည့် တိုက်စစ်ကို မန်ယူခံစစ်မှူးများ နိုင်နိုင်နင်းနင်းဟန့်တားနိုင်ခဲ့သဖြင့် စပါးတို့ အပိုင်ကန်သွင်းခွင့် အခွင့်အရေး နည်းပါးခဲ့သည်။

**နာနီ၏ဂိုး**

စပါးတို့ အပိုင်ဂိုးသွင်းခွင့် အခွင့်အရေး နှစ်ကြိမ်ရရှိခဲ့သော်လည်း ဖာဒီနန်နှင့် ဘရောင်းတို့ ဟန့်တားဖျက်ထုတ်နိုင်မှုကြောင့် မန်ယူတို့ သက်သာခဲ့ရခြင်း ဖြစ်သည်။ မန်ယူအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပွဲချိန် ၆၈ မိနစ်၌ တီဗက်ဇ်ဖြတ်ပေးလိုက်သည့် ဘောလုံးကို နာနီက ကိုက် ၃၀ အကွာမှ အမြောက်ဘော ကန်သွင်းသဖြင့် ဂိုးရရှိခဲ့ခြင်းဖြစ်သည်။

နာနီ၏ ယခုဂိုးသည် ပရီမီယာလိဂ်၌ မန်ယူအတွက် ပထမဦးဆုံးဂိုးဖြစ်ပြီး မန်ယူကိုလည်း နိုင်ပွဲစတင်ရရှိစေခဲ့သည့်ဂိုးလည်း ဖြစ်သည်။ ယခုပွဲ အနိုင်ရရှိသဖြင့် မန်ယူသည် တန်းစီဇယား၌ အဆင့် ၁၉ မှ အဆင့် ၁၀ သို့ တက်လာခဲ့သည်။

**မစ်ဒယ်ဘရော့နှင့်နယူးကာဆယ်**

အိမ်ကွင်း၌ အနိုင်ရယူလိုစိတ်ဖြင့် မစ်ဒယ်ဘရော့တို့ ပွဲအစကတည်းကပင် တိုက်စစ်ဖွင့်ကစားခဲ့သည်။ မစ်ဒယ်ဘရော့တိုက်စစ်တွင် မီဒိုနှင့် ဂျယ်ရီမီးတို့ကိုထားရှိပြီး တိုက်စစ်ဆင်ကစားစေခဲ့ရာ နယူးကာဆယ် နောက်တန်းကို အကြိမ်ကြိမ်ထိုးဖောက်နိုင်ခဲ့သည်။

နယူးကာဆယ်တို့ကလည်း ၃:၄:၃ ပုံစံဖြင့် တိုက်စစ်တွင် ဗီဒူကာ၊ အလန်စမစ်နှင့် မာတင်တို့ကို ထုတ်သုံးခဲ့ရာ အဝင်အထွက်ကြမ်းကြမ်းဖြင့် ကစားသော မစ်ဒယ်ဘရော့ ခံစစ်မှူးများကြောင့် ထိထိရောက်ရောက် မကျော်ဖြတ်နိုင်ဘဲ ဖြစ်ခဲ့ရသည်။

မစ်ဒယ်ဘရော့တိုက်စစ်မှူး မီဒို ထိုးဖောက်မှုကိုလည်း နယူးကာဆယ် နောက်တန်းမှ စတီဗင်တေလာ၊ ရိုဇီနယ်နှင့် စတီဖင်ကားတို့ ကြိုးစားဟန့်တားခဲ့ရသည်။ သို့သော် နယူးကာဆယ်အတွက် အဖွင့်ဂိုးကို တန်ပြန်တိုက်စစ်မှတစ်ဆင့် ကွင်းလယ်ကစားသမား ဗိုဘီရာက သွင်းယူလိုက်သဖြင့် နယူးကာဆယ်တို့ ဂိုးစတင်ရရှိသွားသည်။

**ချေပဂိုး**

မစ်ဒယ်ဘရော့တို့ ချေပဂိုးရရှိရေး ကစားရှိန်မြှင့်တင်ခဲ့ရာ ပွဲချိန် ၂၈မိနစ်၌ မစ်ဒယ်ဘရော့တိုက်စစ်မှူး မီဒိုက ချေပဂိုး ပြန်သွင်းယူနိုင်ခဲ့သည်။

မစ်ဒယ်ဘရော့တို့ နယူးကာဆယ်ဘက်သို့ ၁၂ ကြိမ်ထိုးဖောက်ကန်သွင်းနိုင်ခဲ့သလို အပိုင်ဂိုးသွင်းခွင့် ခုနစ်ကြိမ်ထက်မနည်း ရရှိခဲ့သည်။ သို့သော် နယူးကာဆယ်တို့က မစ်ဒယ်ဘရော့၏ ကစားအရှိန်ကိုထိန်းရင်း ပွဲချိန် ၇၇ မိနစ်၌ နယူးကာဆယ်တိုက်စစ်မှူး ဗီဒူကာက တစ်ဂိုးသွင်းယူခဲ့သဖြင့် နှစ်ဂိုး-တစ်ဂိုးဖြစ်နေခဲ့သည်။ မစ်ဒယ်ဘရော့၏ ချေပဂိုးကို ပွဲချိန်မိနစ် ၈၀ တွင် နောက်တန်းခံစစ်မှူး အာကာက သွင်းယူခဲ့သဖြင့် နှစ်ဂိုးစီ သရေပွဲဖြစ်သွားခဲ့သည်။ ။

**(အင်တာနက်)**

## ပွဲစဉ်(၄)အပြီး ပရီမီယာလိဂ်အသင်းများရပ်တည်မှု

| | အဆင့် | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|---|
| ၁။ | ချယ်လ်ဆီး | ၄ | ၃ | ၁ | ၀ | ၁၀ |
| ၂။ | မန်စီးတီး | ၄ | ၃ | ၀ | ၁ | ၉ |
| ၃။ | ဝီဂန် | ၄ | ၂ | ၁ | ၁ | ၇ |
| ၄။ | လီဗာပူး | ၃ | ၂ | ၁ | ၀ | ၇ |
| ၅။ | အဲဗာတန် | ၄ | ၂ | ၁ | ၁ | ၇ |
| ၆။ | အာဆင်နယ် | ၃ | ၂ | ၁ | ၀ | ၇ |
| ၇။ | နယူးကာဆယ် | ၄ | ၁ | ၃ | ၀ | ၆ |
| ၈။ | ပို့စ်မောက် | ၄ | ၁ | ၂ | ၁ | ၅ |
| ၉။ | ဘလက်ဘန်း | ၃ | ၁ | ၂ | ၀ | ၅ |
| ၁၀။ | မန်ယူ | ၄ | ၁ | ၂ | ၁ | ၅ |
| ၁၁။ | အက်စ်တွန်ဗီလာ | ၃ | ၁ | ၁ | ၁ | ၄ |
| ၁၂။ | ဘာမင်ဂမ် | ၄ | ၁ | ၁ | ၂ | ၄ |
| ၁၃။ | မစ်ဒယ်ဘရော့ | ၄ | ၁ | ၁ | ၂ | ၄ |
| ၁၄။ | ဝက်စ်ဟမ်း | ၃ | ၁ | ၁ | ၁ | ၄ |
| ၁၅။ | ရက်ဒင်း | ၄ | ၁ | ၁ | ၂ | ၄ |
| ၁၆။ | ဆန်းဒါးလန်း | ၄ | ၁ | ၁ | ၂ | ၄ |
| ၁၇။ | တော့တင်ဟမ် | ၄ | ၁ | ၀ | ၃ | ၃ |
| ၁၈။ | ဘောလ်တန် | ၄ | ၁ | ၀ | ၃ | ၃ |
| ၁၉။ | ဖူလ်ဟမ် | ၄ | ၁ | ၀ | ၃ | ၃ |
| ၂၀။ | ဒါဘီ | ၄ | ၀ | ၁ | ၃ | ၁ |

ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား

# ပရီမီယာလိဂ်ပွဲစဉ်(၄)မှ နည်းပြတို့၏ရင်ဖွင့်သံ

သုံးသပ်တင်ပြသူ - **မောင်မောင်မြင့်ဆွေ**

လန်ဒန် ဩဂုတ် ၂၆

**ပရီမီယာလိဂ်ပွဲစဉ်(၄)ကို ဩဂုတ် ၂၅ရက်က ပွဲစဉ်အချို့ကစားသွားခဲ့ပြီးဖြစ်ပါတယ်။ အာဆင်နယ်၊ ချယ်လ်ဆီးနဲ့ လီဗာပူးတို့ နိုင်ပွဲကိုယ်စီ ရရှိခဲ့ကြပေမယ့် ဒီနှစ် ပရီမီယာလိဂ်နည်းပြတွေအထဲမှာ စိတ်ဝင်စားမှု အခံရဆုံးဖြစ်တဲ့ အဲရစ်ဆင်နဲ့ ရှိုင်ကိန်းတို့ ရှုံးပွဲတွေ ရင်မှာပိုက်ခဲ့ကြရလို့ ပရီမီယာလိဂ် ထိပ်တန်းအသင်းကြီးတွေနဲ့ဆုံရင် တန်းမမီသေးဘူးဆိုတာ သဘောပေါက်သွားခဲ့ကြပြီ ဖြစ်ပါတယ်။**

**လွယ်လွယ်နဲ့ အနိုင်ရခဲ့တာမဟုတ်ပါဘူး။**
(ဘင်နီတက်ဇ်)

ဒါကြောင့်မို့လို့ နိုင်ပွဲရခဲ့ကြတဲ့ အသင်းကြီးတွေရဲ့ နည်းပြတွေပြောစကားနဲ့ ရှုံးပွဲကြုံတွေ့ခဲ့ရတဲ့ အဲရစ်ဆင်နဲ့ ရှိုင်ကိန်းတို့ရဲ့ ခံစားရမှုကို ဖော်ပြလိုက်ပါတယ်။

## အနိုင်ရခဲ့

ပရီမီယာလိဂ် ရာသီအစမှာ နိုင်ပွဲဆက်တိုက်ရခဲ့တဲ့ မန်စီးတီးကို အနိုင်ယူပြီးတဲ့နောက်မှာ အာစင်ဝင်းဂါးက "မန်စီးတီးရဲ့ နောက်တန်းခံစစ်မှူးတွေ သိပ်တော်တယ်။ တိုက်စစ်ကို စနစ်တကျ ဟန့်တားနိုင်ကြတယ်။ စုစည်းမှုကော၊ ထိန်းသိမ်းမှုပါ တကယ်ကောင်းကြပါတယ်။ ကျွန်တော့်ကစားသမားတွေ ခြေကုန်ထုတ် ကစားခဲ့ကြရတယ်။ ဗန်ပါစီ ပယ်နယ်တီဝင်အောင် မကန်သွင်းနိုင်တာက ကျွန်တော်တို့အတွက် အတော်လေး နစ်နာတယ်။ ဒါပေမယ့် နောက်ဆုံးပွဲချိန်တွေမှာ ကျွန်တော်တို့ ဂိုးသွင်းနိုင်မယ်လို့ ယုံကြည်နေတဲ့အတိုင်း ဖြစ်လာခဲ့လို့ အနိုင်ရရှိခဲ့တာပါ"ဟု အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက ပြောကြားသွားခဲ့ပါတယ်။

## အမြဲတမ်း နိုင်ပွဲမရနိုင်

ဒီလိုပါပဲ ပရီမီယာလိဂ်ပွဲစဉ်(၄)မှာ ပထမဆုံး ရှုံးပွဲကြုံတွေ့လိုက်ရတဲ့ မန်စီးတီးနည်းပြအဲရစ်ဆင်ကလည်း **"ဒီပွဲမှာ ကျွန်တော်တို့လူတွေ အကောင်းဆုံး မကစားနိုင်ခဲ့ကြဘူး။ အမှားအယွင်းအချို့ လုပ်ခဲ့တာတွေလည်း ရှိပါတယ်။ လက်ရှိအချိန်မှာတော့ ပရီမီယာလိဂ် ထိပ်ဆုံးနေရာ**

**ထိပ်ဆုံးနေရာကိုတော့ ဖယ်ပေးလိုက်ရပြီ။**
(အဲရစ်ဆင်)

**ကို ဖယ်ပေးလိုက်ရပြီ ဖြစ်ပေမယ့် ကျွန်တော်တို့ ထပ်ကြိုးစားသွားမှာပါ။ ပရီမီယာလိဂ်ပြိုင်ပွဲမှာ ဘယ်အသင်းမှ အမြဲတမ်း နိုင်ပွဲမရနိုင်ပါဘူး။ အခု အာဆင်နယ်နဲ့ပွဲမှာ ကျွန်တော်တို့ အတွေ့အကြုံကောင်းတွေ အများကြီး ရရှိခဲ့ပါတယ်။ ဒီပွဲရလဒ်ကို ကျွန်တော်ကျေနပ်စွာ လက်ခံရမှာပါ"**လို့ ပြောကြားသွားခဲ့ပါတယ်။ အဲရစ်ဆင်ဟာ မန်စီးတီးအတွက်ကတော့ နည်းပြကောင်းတစ်ဦးပါပဲ။ သေချာတာကတော့ မနှစ်ကထက် ဒီနှစ် မန်စီးတီးဟာ ခြေစွမ်းထက်မြက်လာတာကတော့ အမှန်ဖြစ်ပါတယ်။

**အနိုင်ရမယ်လို့ ယုံကြည်နေခဲ့ပါတယ်။**
(အာစင်ဝင်းဂါး)

ဆန်းဒါးလန်းကို အဝေးကွင်းမှာ နှစ်ဂိုးပြတ်သွင်းပြီး အနိုင်ယူခဲ့တဲ့ လီဗာပူးနည်းပြ ဘင်နီတက်ဇ်ကတော့ **"ဆန်းဒါးလန်းကို အနိုင်ရခဲ့တာဟာ သိပ်တော့မလွယ်ပါဘူး။ ကျွန်တော့်လူတွေ အားထုတ်ခဲ့ကြရတယ်။ အခွင့်အရေးတွေ အများကြီးရခဲ့ပေမယ့် ဂိုးသွင်းမသေချာလို့ ဂိုးများများ မသွင်းယူနိုင်ခဲ့တာပါ။ ကျွန်တော့်အသင်း ခံစစ်မှူးတွေမှာ အားနည်းချက် ရှိနေသေးတာကို ပြုပြင်ရမယ်။ ပွဲတိုင်း ရလဒ်ကောင်းတော့ ပြင်ဆင်မှုတွေ ဒီထက်ထပ်လုပ်ရဦးမှာပါ"**လို့ ပြောကြားသွားခဲ့ပါတယ်။

## လိုနေသေး

လီဗာပူးကို နှစ်ဂိုးပြတ်ရှုံးနိမ့်ခဲ့ရတဲ့ ဆန်းဒါးလန်းနည်းပြ ရှိုင်ကိန်းကတော့ **"လီဗာပူးအသင်း ဒီပွဲမှာ အခွင့်အရေးအများကြီးရသွားတယ်။ ကျွန်တော့်အသင်းမှာ လိုအပ်ချက်တွေရှိနေတာမို့ ဖြည့်ဆည်းရပါဦးမယ်။ ဒီပွဲမှာ ကစားသွားတာ အားရစရာလည်း မကောင်းပါဘူး။ ဘောလုံးသမားတွေ စွမ်းရည်ပျောက်သလိုမျိုး ဖြစ်နေတယ်။ ဒီပွဲကစားပြီးနောက်ပိုင်းမှာ လေ့လာမှုတွေ၊ လေ့ကျင့်မှုတွေလုပ်ဖို့ လိုနေသေးတာကို သတိပေးလိုက်သလိုပါပဲ"**လို့ ပြောကြားသွားခဲ့ပါတယ်။

ရှိုင်ကိန်းကတော့ လီဗာပူးအသင်းဟာ ဒီနှစ် ပရီမီယာလိဂ်ဖလားရယူနိုင်တဲ့ ခြေစွမ်းမျိုး ပိုင်ဆိုင်ထားတယ်လို့ ထုတ်ဖော် ပြောကြားလိုက်ပါတယ်။

## ပိုင်ဆိုင်ထား

အိမ်ကွင်း ၆၄ပွဲ ရှုံးပွဲမရှိ စံချိန်တင်လိုက်နိုင်ပြန်တဲ့ ချယ်လ်ဆီးဟာ ပို့စ်မောက်ကို ကံကောင်းစွာနဲ့ အနိုင်ရရှိခဲ့ပါတယ်။ ပို့စ်မောက်လို ကစားရခက်တဲ့ အသင်းကို ချယ်လ်ဆီးတို့ အနိုင်ရယူခဲ့တာနဲ့ ပတ်သက်ပြီး ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက **"လမ်းပတ်ရဲ့ဂိုးကြောင့် အနိုင်ရခဲ့တာပါ။ လမ်းပတ်ဟာ ရက်ဒင်းနဲ့ပွဲရော လီဗာပူးနဲ့ပွဲတွေမှာပါ ဂိုးသွင်းနိုင်ခဲ့တာပါ။ သူ့ရဲ့ ဒီနှစ်ဂိုးသွင်းခြေစွမ်းက အများကြီးတိုးတက်လာနေပါပြီ။ ချယ်လ်ဆီးအသင်းဟာ ပြိုင်ဘက်အသင်းတွေကို အနိုင်ရယူနိုင်တဲ့ ခြေစွမ်းလည်း ပိုင်ဆိုင်ထားပါတယ်။ ဒီနှစ်မှာ ဒုတိယနဲ့**

**ဒီနှစ် ချန်ပီယံကလွဲပြီး ဘာမှမလိုချင်ပါဘူး။**
(မော်ရင်ဟို)

**တတိယဆိုတဲ့ နေရာတွေကို လုံးဝမလိုချင်ပါဘူး၊ ချန်ပီယံကလွဲပြီး ဘာမှမလိုချင်ပါဘူး"**လို့ မော်ရင်ဟိုက ပြောကြားခဲ့ပါကြောင်း တင်ပြလိုက်ပါတယ်။ ။

**(ကိုးကားချက်-အင်တာနက်)**

# ကမ္ဘာ့ပြေးခုန်ပစ် ချန်ပီယံရှစ်ပြိုင်ပွဲ ယှဉ်ပြိုင် ကင်ညာအမျိုးသားမာရသွန်ပြိုင်ပွဲ၌ ဗိုလ်စွဲ

စုစည်းတင်ပြသူ **မြင့်မောင်စိုး**

အိုဆာကာ ဩဂုတ် ၂၆

**ဂျပန်နိုင်ငံ အိုဆာကာမြို့၌ ဩဂုတ် ၂၅ရက်က အိုင်အေအေအက်ဖ် ကမ္ဘာ့ချန်ပီယံရှစ် ပြေးခုန်ပစ် အားကစား ပြိုင်ပွဲကြီးကို စတင်ကျင်းပခဲ့သည်။**

**မီတာ ၁၀၀၀၀ ချန်ပီယံ ဒီဘာဘာ။**

အဆိုပါ အားကစားပြိုင်ပွဲတွင် ကင်ညာနိုင်ငံသား လူကေးကီးဘတ်သည်မာရသွန်ပြိုင်ပွဲ၌ဗိုလ်စွဲသွားခဲ့သည်။ ၎င်းသည် စံချိန် ၂နာရီ ၁၅မိနစ် ၅၉ စက္ကန့်ဖြင့် ဗိုလ်စွဲသွားခြင်း ဖြစ်သည်။

## အမျိုးသမီး မီတာ ၁၀၀၀၀

အမျိုးသမီး မီတာ ၁၀၀၀၀ပြိုင်ပွဲတွင် အီသီယိုးပီးယားနိုင်ငံသူ ဒီဘာဘာသည် စံချိန် ၃၁ မိနစ် ၅၅ဒသမ၄၁ စက္ကန့်ဖြင့် ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။ တူရကီမှ အဘေလီဂိစ်က စံချိန် ၃၁ မိနစ် ၅၉ ဒသမ ၄၀ စက္ကန့်ဖြင့် ဒုတိယဆု ဆွတ်ခူးနိုင်ခဲ့သည်။ ဒီဘာဘာသည် ယင်းပြိုင်ပွဲတွင် မီတာ ၁၀၀၀၀ ချန်ပီယံဆုကို ကာကွယ်နိုင်သည့် ပထမဆုံး အမျိုးသမီးအပြေးမယ် ဖြစ်လာသည်။

## မီတာ ၁၀၀

အမျိုးသား မီတာ ၁၀၀ပြေးပွဲတွင် ဂျပန်မှ အဆာဟာရာက စံချိန် ၁၀ ဒသမ ၁၉ စက္ကန့်ဖြင့် ဗိုလ်စွဲပြီး

**ဆိုသာတန်၏ သုံးလုံးပစ် ပြိုင်ပွဲဝင်ဟန်။**

**တန်းကျော်ပြေးပွဲတွင် ပြိုင်ပွဲဝင်နေသော အန်းနစ်။**

အမေရိကန်မှ တိုင်စန်ဂေးက ဒုတိယဆု ရရှိခဲ့သည်။

## ခုနစ်မျိုးပြိုင်ပွဲ

ဗြိတိသျှ ပြေးခုန်ပစ်မယ် ကယ်လီဆိုသာတန်သည် ပြိုင်ပွဲခုနစ်မျိုးတွင် လေးပွဲယှဉ်ပြိုင်အပြီး ကြေးတံဆိပ်ဆွတ်ခူးရန် သေချာသွားပြီဖြစ်သည်။ ယင်းပြိုင်ပွဲခုနစ်မျိုးတွင် ဗြိတိသျှ ပြေးခုန်ပစ်အားကစားမယ် ဂျက်ဆီကာအန်းနစ်သည် စတုတ္ထနေရာသို့ ရောက်သွားပြီး လက်ရှိချန်ပီယံ အမေရိကန်မှ ကလွတ်က ရမှတ် ၁၄၈မှတ်ဖြင့် ဦးဆောင်နေသည်။

ဆိုသာတန်သည် တန်းကျော်ပြေးပွဲနှင့် မီတာ ၂၀၀ပြေးပွဲတွင် ဗိုလ်စွဲထားနိုင်ခဲ့သည်။ အမြင့်ခုန်တွင် အန်းနစ်သည် ၁ ဒသမ ၈၉ မီတာ အမြင့်သာ ခုန်နိုင်ပြီး ဆိုသာတန်က အမြင့် ၁ ဒသမ ၈၆မီတာအထိ ခုန်နိုင်ခဲ့သည်။

ထိုနေ့ပြိုင်ပွဲနှစ်ခုအပြီး အန်းနစ်သည် အမှတ်အများဆုံးဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေသော ကလွတ်နောက်မှ လိုက်နေသည်။ ကလွတ်သည် တန်းကျော်ပြေးပွဲတွင် စံချိန် ၁၃ ဒသမ ၁၅ စက္ကန့်ဖြင့် စံချိန်ချိုးနိုင်သကဲ့သို့ အမြင့်ခုန်တွင်လည်း ၁ ဒသမ ၉၅မီတာ ခုန်ကာ အကောင်းဆုံး စံချိန်များ ရရှိထားသည်။

## သံလုံးပစ်

ညနေပိုင်း သံလုံးပစ်ပွဲတွင် အန်းနစ်သည် အကွာအဝေး ၁၁ ဒသမ ၉၃မီတာအထိသာ ပစ်နိုင်ခဲ့ပြီး ဆိုသာတန်က ၁၄ ဒသမ ၁၄ မီတာ အထိ ပစ်နိုင်ခဲ့သည်။

အသက် ၂၄နှစ်ရှိ ကင်ညာအပြေးသမား လူကေးကီးဘတ်သည် အနှစ် ၂၀ အတွင်း ကမ္ဘာ့မာရသွန် ပြိုင်ပွဲတွင် ပထမဆုံး ရွှေတံဆိပ်ဆွတ်ခူးနိုင်သူ ဖြစ်လာသည်။

## အမျိုးသားသံလုံးပစ်

အမျိုးသားသံလုံးပစ်ပြိုင်ပွဲတွင် အမေရိကန် နပန်းသမားဟောင်း ရက်ဆေးဟော့ဖာသည် တစ်နိုင်ငံ

**မာရသွန်ပြိုင်ပွဲတွင် ဗိုလ်စွဲသွားသော လူကေးကီးဘတ် ပန်းဝင်လာစဉ်။**

တည်းသား အဒန်နယ်ဆင်ကို ကျော်ဖြတ်လျက် ဗိုလ်စွဲခဲ့ပြီး ဘီလာရုစ်မှ မိခမ်နီဗစ်က တတိယချိတ်နိုင်ခဲ့သည်။ ဟော့ဖာသည် အကွာအဝေး ၂၂ ဒသမ ၀၄မီတာအထိ ပစ်နိုင်ခဲ့သည်။

**(အင်တာနက်)**

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ အမှတ် ၆၉၄၊ ရွာမအရှေ့ရပ်၊ ရတနာသိခ်လမ်းနေ ဦးထွန်းလွင်(မြန်မာ့မီးရထား၊ငြိမ်း)-ဒေါ်သန်းသန်းထွန်းတို့၏သား (မောင်အောင်မျိုးထွန်း)၏ညီ

**ဗိုလ်အောင်ကျော်မြင့်**

**(D.S.A), B.Sc (ELEC:), UFL(Russia)**

**နှင့်**

ရန်ကုန်တိုင်း၊ သန်လျင်မြို့နယ်၊ အမှတ် ၂၇(A)၊ အမှုထမ်းရပ်၊ ပိတောက်လမ်းနေ ဦးခင်မောင်လွင်(Mariner Co.)-ဒေါ်အေးအေးသန်းတို့၏သမီး

**မမြတ်စုလင်း B.A (History)**

တို့သည် ၂၄-၈-၂၀၀၇ရက်တွင် နှစ်ဖက်သောမိဘများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်အောင်ကျော်မြင့်-မမြတ်စုလင်း။**

## မွေးနေ့ဆုတောင်း

ချစ်ဖေဖေ **ဦးမောင်မောင်လှ** (Director WHK Co., Ltd.)၏ ၂၇-၈-၂၀၀၇ရက်တွင်ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်း(၁၂၀)တိုင်အောင် အောင်မြင်ပျော်ရွှင်သော ဘဝကို မိသားစုနှင့်အတူ တည်ဆောက်နိုင်ပါစေ။

**ချစ်ဇနီး - ဒေါ်ခင်ခင်စီ**
**(အထက-၁၊ ဒဂုံ)**
**ချစ်သမီး - မကြည်ပြာဝတ်မှုံ**
**SMa School of Management.**


ရေခဲမုန့်၊ မစ်ရှိတ်၊ အအေးစုံ ကိတ်၊ မုန့်ဖုတ်သင်တန်း
စီးပွားဖြစ်အချိုရည်၊ ယိုမျိုးစုံ၊ ဂျယ်လီထုတ်လုပ်သင်တန်း
သင်တန်းရက် (1) (29-8-07) ၊ (3-9-07) သင်တန်းရက် (2) (31-8-07)၊ (5-9-07) ထိ
Master စားသောက်ကုန်သင်တန်း အမှတ်(၁၄၇)၂၄-လမ်း(အလယ်)ရွှေပါတိုင်(မြ)
နာရီဆိုင်အပေါ်ထပ်၊ရန်ကုန်ဖုန်း- 09-5134497 (MRTV-4 VCD ရမည်)


## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်တောင်ရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ် ၆၅ နေ ဦးပေါက်ပေါက်ဦး(S.L- Electronic)-ဒေါ်ချိုချိုဦး တို့၏သားကြီး

**မောင်ပြည့်စုံဦး ( 2nd Year, Physics)**

**နှင့်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်ရပ်ကွက်၊ တိုက် ၆၊ အခန်း ၁၆ နေ ဦးစိုးမြင့်(ရေယာဉ်မှူး၊ ငြိမ်း) မွေးမြူရေးနှင့်ရေလုပ်ငန်းဦးစီးဌာန၊ အလုံ-ဒေါ်ကြည်ကြည်မော်တို့၏သမီးကြီး

**မခိုင်ဝင့်ဝါလွင် B.A (English)**

တို့သည် ၂၄-၈-၂၀၀၇ရက်တွင် နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်အရ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ပြည့်စုံဦး-မခိုင်ဝင့်ဝါလွင်။**


ဂုဏ်ရည်အရိုးအကြောလိမ်းဆေးအဆီ

ဝဝဝ၈ ဒိုင် ၀၇၆၀၁
၁၁/၂၀၀၅ တဆထလ/ပုံး (၀၂၉၉)

ဤလိမ်းဆေးသည် ဆေးစွမ်းထက်မြက်လှသည့်ဆေးခေါက်၊ ဆေးမြစ်၊ သစ်ဥ၊ ဆေးရွက်တို့ကိုပေါင်းခံကာ အဆီအနှစ် သီးသန့်ထုတ်လုပ်ထားသည့် အတွက် အဆစ်ရောင်ကိုက်ရောဂါကြောင့် ကိုက်ခဲခြင်း၊ ကျီးပေါင်း တက်ခြင်း၊ ဇက်ကြောတက်ခြင်း၊ဇက်ခိုင်၊ ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ အရိုးအကြော အဆစ်ရောင်ရမ်းခြင်း၊ ခါးနာ၊ ခါးကိုက်ခြင်း၊ ဒူး၊ ဖနောင့်၊ ဖဝါး၊ ခြေလက်ထုံကျဉ်ခြင်း၊ အကြော တက်ခြင်း၊ နာကျင်ခြင်းများကို သက်သာပျောက်ကင်းစေသည်။

ဤဆေး၏ ထူးခြားချက်မှာ ဖယောင်းလုံးဝမပါရှိသည့်အတွက် ချွေးပေါက်ပိတ်ခြင်းမရှိပါ။
အမှတ် (၈၂/၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်။ Ph: 641501,
အမြို့မြို့ရှိ ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။



**ရောင်းမည်**

၁။ အင်းလျားလမ်း
မြေ ၁၁၀ x ၁၂၀၊
၂။ ရွှေတောင်ကြား ၈၀ x ၁၂၀
နှစ်ထပ်တိုက်၊
၃။ ပါရမီလမ်းမပေါ်
မြေ ၁၀၀ x ၁၀၀၊
**ဖုန်း-၇၂၇၅၅၈၊**
**၀၉-၅၀-၁၀၂၄၇။**

**ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ၂၀၀၇-၂၀၀၈ စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၁၃ရက်က အလုံမြို့နယ်ခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်က စီမံကိန်းရည်မှန်းချက် တာဝန်များပေးအပ်စဉ်။**

(က-ပ)

## ပရမတ္ထ ဓမ္မာရုံနှင့် အဝိဇ္ဇာနိတရားစခန်း

**ရန်ကုန် ဩဂုတ် ၂၆**

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ငါးဆူတောင် (၅)ရပ်ကွက်တွင် ထေရဝါဒ ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအဖွဲ့ (သန့်-တည်-ပွား)၏ မြင့်မြတ်အလင်းရိပ်သာ ပရမတ္ထဓမ္မာရုံ ဖွင့်ပွဲနှင့် (၂၄)ကြိမ်မြောက် အဝိဇ္ဇာနိတရားစခန်းဖွင့်ပွဲ အခမ်းအနားများကို စက်တင်ဘာ ၉ရက် (တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် ကျင်းပမည်ဖြစ်သည်။

တရားစခန်းဝင်ရောက်လိုသူများနှင့် ငါးဆူတောင်သို့လိုက်ပါလိုသူ ယောဂီများသည် ဖုန်း-၀၁-၃၈၂၁၁၁ သို့ စက်တင်ဘာ ၆ရက် နောက်ဆုံးထား၍ ဆက်သွယ် စာရင်းပေးသွင်းပြီး ရွှေတိဂုံဘုရား အရှေ့ဘက်တိပိဋကဓမ္မရက္ခိတဗိမာန်တော် အမှတ် ၁၅ ကြားတောရလမ်း ဗဟန်းမြို့နယ်သို့ စက်တင်ဘာ ၉ရက် နံနက် ၇နာရီအရောက် လာရောက်ကြရန် နှိုးဆော်ထားသည်။

**(က-ပ)**

## ဆောင်းပါးရှင် ဦးဇော်၏ဆောင်းပါးပေါင်းချုပ် စာအုပ်ထုတ်ဝေဖြန့်ချိ



**ရန်ကုန် ဩဂုတ် ၂၆**

ဆောင်းပါးရှင် ဦးဇော်၏ **"ပြည်ထောင်စုအရေး၊ ပြည်ထောင်စုအတွေး၊ ပြည်ထောင်စုတိုးတက်ရေးနှင့်အခြားဆောင်းပါးများ"** စာအုပ်ကို ထုတ်ဝေ ဖြန့်ချိလိုက်ကြောင်း သိရသည်။

အဆိုပါစာအုပ်တွင် ဆောင်းပါး (၂၉)ပုဒ် စုစည်းပါရှိပြီး စာအုပ်များကို ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း အရောင်းဆိုင်နှင့် ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

**ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးဌာနမှူး ဦးကျော်ဇေယျ ဗိုလ်တထောင်မြို့နယ် ရောဝတီရေတပ်စခန်းဌာနချုပ် စစ်သည်အိမ်ထောင်သည် မိသားစုဝင်များထံ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်စဉ်။**

(သတင်းစဉ်)

## နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ ဗိုလ်တထောင်မြို့နယ်တွင်ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၆**

ရန်ကုန် အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှနိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ဩဂုတ် ၂၄ရက် နံနက် ၁၀ နာရီက ဗိုလ်တထောင်မြို့နယ်ရှိ ရောဝတီ ရေတပ်စခန်းဌာနချုပ် သီဟသူရထွန်းတင် ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဒုတိယတိုင်းဦးစီးဌာနမှူး ဦးကျော်ဇေယျ၊ ရောဝတီ ရေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး ထိန်ဝင်းနှင့် ဗိုလ်မှူးကျော်ထွေး၊ ဗိုလ်တထောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဋ္ဌေးနိုင်၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဦးစီးအရာရှိ ဦးလှစိုး၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ အတွင်းရေးမှူး ဦးအေးလွင်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ယူကြမည့် စစ်သည်မိသားစုဝင်များ တက်ရောက်ကြသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် ရောဝတီရေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးထိန်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဒုတိယတိုင်းဦးစီးဌာနမှူး ဦးကျော်ဇေယျက နိုင်ငံသားစိစစ်ရေးကတ်ပြား လွယ်ကူလျင်မြန်စွာ ထုတ်ပေးရေးလုပ်ငန်း အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသော တာဝန်ရှိသူများက စိစစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား၂၀၄ ကတ်အား စစ်သည် အိမ်ထောင်သည်မိသားစုများထံ ပေးအပ်သည်။ **(သတင်းစဉ်)**

## ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

## တက္ကသိုလ်အားကစားသမားဟောင်းများအာစရိယပူဇော်

**ရန်ကုန် ဩဂုတ် ၂၆**

တက္ကသိုလ် အားကစားဆရာဟောင်းများအား တက္ကသိုလ်အားကစားသမားဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ယနေ့နံနက် ၈နာရီခွဲက ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များဓမ္မာရုံ၌ကျင်းပသည်။

**ပူဇော်ကန်တော့**

ရှေးဦးစွာ တက္ကသိုလ်အားကစား ဆရာဟောင်းများအား တက္ကသိုလ်အားကစားသမားဟောင်းများက ကန်တော့ချီးဖြင့် ပူဇော်ကန်တော့ကြပြီး ကန်တော့ခံဆရာလေးဦးအား တစ်ဦးလျှင် ငွေကျပ်တစ်သိန်းစီနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

ထို့နောက် ကန်တော့ခံဆရာများဖြစ်ကြသော ဆရာ ဦးငြိမ်း (တက္ကသိုလ်အားကစားအရာရှိ၊အငြိမ်းစား)၊ ဆရာဦးဘတုတ်(မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်၊ အငြိမ်းစား)၊ ဒေါက်တာခင်မောင်ဝင်း (ပညာရေးဝန်ကြီးဌာန ဝန်ကြီး၊ အငြိမ်းစား)နှင့် ဒေါက်တာမောင်ဒီ (ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အငြိမ်းစား)တို့က ဩဝါဒစကားများ ပြောကြားကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယင်းနောက် တက္ကသိုလ်အားကစားသမားဟောင်းများကိုယ်စား ဦးဝေလင်းက ကျေးဇူးတင်စကားပြောကြားပြီး တက္ကသိုလ်အားကစားသမားဟောင်းများ၏အားကစားလှုပ်ရှားမှု မှတ်တမ်းဗီဒီယိုကိုပြသကာ ကန်တော့ခံ ဆရာများနှင့် တက္ကသိုလ်အားကစားသမားဟောင်းများ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(မြန်မာ့အလင်း)**

## NLD ပါတီသည် ပြည်တွင်းပြည်ပအဖျက်သမားများနှင့်ပူးပေါင်း၍ နိုင်ငံနှင့်လူမျိုးအကျိုးပျက်စီးရာပျက်စီးကြောင်းကြံစည်လုပ်ဆောင် လပွတ္တာမြို့နယ်မှ ပါတီဝင် ၁၂ဦး စုပေါင်းနုတ်ထွက်

**ရန်ကုန် ဩဂုတ် ၂၆**

ဧရာဝတီတိုင်း လပွတ္တာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဒေါ်ဇင်မာထိုက်၊ ဒေါ်ခင်မာရီ၊ ဦးမန်းဖိုးထူး၊ ဦးစောဟင်နရီ၊ ဦးသန်းဦး၊ ဦးပေါ်လူး၊ ဦးနိုင်ဦးနှင့် ဦးစောရီတို့အပါအဝင် ပါတီဝင် ၁၂ဦးတို့သည် ဩဂုတ် ၁၇ရက်တွင် ၎င်းတို့သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှနုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်စာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

လပွတ္တာမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သောနုတ်ထွက်လွှာတွင် NLD ပါတီသည် ပြည်တွင်းပြည်ပအဖျက်သမားများနှင့်ပူးပေါင်း၍ နိုင်ငံနှင့်လူမျိုးအကျိုး ပျက်စီးရာပျက်စီးကြောင်း ကြံစည်လုပ်ဆောင်လျက်ရှိကြောင်း၊ ပါတီ၏လုပ်ရပ်များကို လက်ခံနိုင်မှုမရှိတော့သဖြင့် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြသည်။ **(သတင်းစဉ်)**

# မေတ္တာလည်းပွား၊ သဒ္ဓါတရားလည်းထက်သန်ကြသည့် ဝါခေါင်လ

မင်းရော(မြေလတ်)

သိပ်ဟ်ရာသီ ဝါခေါင်လသို့ ရောက်ရှိခဲ့လေပြီ။ တန်ခူး၊ ကဆုန်မှ စလာခဲ့သည့် မိုးပဇ္ဇုန်သည် တရွေ့ရွေ့အငြိုးပြင်းလာသည်။ နေ့မလင်း၊ ညမလင်း အာကာဘောင်တစ်ခွင်တွင် ညာဘယ်မလပ်၊ တိမ်ညိုသင်တိုင်း အထပ်ထပ်တို့က လွှမ်းပတ်ကာ ယှက်ထွေးနေတတ်သည်။

မိုးသံလေသံ သောသောညံပြီး ရွာလေမစဲတသည်းသည်း ဖြစ်နေတတ်သည်။ မိုးရေကို ဝလင်စွာသောက်သုံးကြရသဖြင့် ခတ္တာပန်းတို့ ငွားငွားစွင့်စွင့် ဖူးပွင့်လျက်ရှိကြသည်။

သံဃာတော်အရှင်သူမြတ်တို့ ဝါကပ်ကြသော ဝါတွင်းသုံးလတွင် ဝါဆိုလက ၁၅ရက်ပါသည်။ ဝါခေါင်လက ရက် ၃၀၊ တော်သလင်းလက ရက် ၃၀၊ သီတင်းကျွတ်လက ၁၅ရက် ပါဝင်ပါသည်။ ဝါတွင်းသုံးလကို ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ အထွတ်အမြတ် ထားကြသည်။

ဝါတွင်းကာလတွင် တရားအားထုတ်မှု၊ စာပေသင်ကြားပို့ချမှု ပြုနေကြသော သံဃာတော် အရှင်သူမြတ်များအား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး ဒါယကာခံယူ၍ လှူဒါန်းကြသည်။ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ် အစုစုအဝဝ ယူကြသည်။ အချို့ကလည်း သက်သတ်လွတ်စားသည်။ အချို့ကလည်း ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ ဆောက်တည်ကြသည်။ မြန်မာတို့ သူတော်ကောင်းတရား ပိုမိုပွားများရာ ဝါတွင်းလဖြစ်ပါသည်။

**"ဝါဆို ဝါခေါင် ရေဖောင်ဖောင်"**ဆိုစကားနှင့်အညီ ဝါခေါင်လသည် မိုးဖြိုင်ဖြိုင်ကျသော လဖြစ်သည်။ လယ်ယာလုပ်ငန်းခွင်၌ ကောက်စိုက်ကြပြီ ဖြစ်သည်။ လယ်မြေအနှံ့တွင် စိမ်းသန့်သော ကောက်ပင်ပျိုများကို စိုစိုလန်းလန်း မြင်တွေ့နိုင်သည်။ မြန်မာ့မြေတွင် မြကမ္ဗလာခင်းလေပြီ။

ထိုလတွင် **"ဝါခေါင်တစ်ကြောင်း ထနောင်းကြောင်ခြစ်၊ ဆူးရစ်ပွင့်ခါ မိုးမရွာ၊ ရွာပါသော်လည်း မိုးမသည်း"**ဟူ၍လည်း အဆိုရှိပေသည်။ မိုးပါးရပ်ဝန်းဒေသနေ တောင်သူလယ်သမားတို့အတွက် ရှေးခေတ်မိုးလေဝသခန့်မှန်းချက် ဆောင်ပုဒ်ဖြစ်သည်။

ဝါခေါင်လသည် မိုးများသောဒေသများအဖို့ **"သပြေကသီး ရေကကြီး၊ ထန်းသီးကကြွေ မိုးကစွေ"**ဆိုသည့်အတိုင်း ရေများပြည့်လျှံ၍ လယ်မြေတစ်ခွင်၌လည်း ရေပြင်အတိ ဖြစ်နေသည်။ တစိမ့်စိမ့်နှင့်စွေနေသော မိုးကြောင့် အအေးဓာတ်က ဝင်ရောက်လာသည်။ ဤလတွင် ကောက်စိုက်ကြသည်။

ကျေးလက်ဒေသ၏ သမီးပျိုလေးများသည် မိုးထဲ၊ ရေထဲ၊ ရွှံ့ထဲ၊ နွံထဲ ကောက်စိုက်၍ ရိက္ခာထုတ်လုပ်နေကြသည်။ ပြည့်ဝမ်းစာကို ရှာဖွေဖြည့်ဆည်းနေသူလေးများပင် ဖြစ်ပါသည်။

ဝါခေါင်လ၌ သဗ္ဗညုဘုရားရှင်သည် မေတ္တာသုတ်ကို ဟောကြားတော်မူခဲ့ရာ ဝါခေါင်လပြည့်နေ့ကို မေတ္တာအခါတော်နေ့အဖြစ် သတ်မှတ်ထားကြသည်။

မိုးများသော ဝါခေါင်လတွင် သတ္တလောကတစ်ခွင်လုံး မိုးဖြိုင်ဖြိုင်ရွာ၍ အေးစိမ့်နေသည်။ စိမ်းလန်းစိုပြည်သော ဤလတွင် မြတ်ဗုဒ္ဓက မေတ္တာသုတ်တရားတော်ကို ဟောကြားတော်မူသည်။ ရှင်တော်ဗုဒ္ဓသည် သတ္တလောကအား မေတ္တာရေကြည် အမြိုက်ဆေး တိုက်ကျွေးခဲ့သည်။

မေတ္တာသည် **"ပြစ်မှားခြင်း သဘောမရှိ၊ မေတ္တာစိတ်နှင့်ပြည့်စုံသည်။ စောင့်ရှောက်ခြင်း သဘောရှိသည်။ အကျိုးစီးပွားကို ဆောင်တတ်ခြင်း သဘောရှိသည်။ သနားကြင်နာသော စိတ်ရှိသည်။ အမျက်ဒေါသ၏ ဆန့်ကျင်ဘက်ဖြစ်သည်"**ဟု အဓိပ္ပာယ် ဖွင့်ဆိုကြပါသည်။

မြတ်စွာဘုရားရှင် လက်ထက်တော်က သံဃာတော်အရှင်သူမြတ်တို့ ပရိယတ္တိ၊ ပဋိပတ္တိတရားများ အားထုတ်၍ မရနိုင်လောက်အောင် အနှောင့်အယှက်ပေးသော နေရာကိုရောက်ရှိနေသဖြင့် ဘုရားရှင်အား သွားရောက် လျှောက်ထားရာ...

ဘုရားရှင်က**"ချစ်သားရဟန်းတို့ သင်တို့နှင့် သင့်လျော်သော နေရာ အရပ်ကတော့ အခြားဘယ်နေရာ အရပ်ကိုမှ မမြင်ဘူး။ နေမြဲတောအုပ်ကိုသာ ပြန်သွားကြပါ။ ဒါပေမယ့် ဒီအတိုင်းတော့မဖြစ်ဘူး ချစ်ခြင်းမေတ္တာပွားများပြီးနေကြပါ"** ဟုအမိန့်ရှိကာ ရဟန်းငါးရာတို့အား မေတ္တာသုတ်ပရိတ်ကို သင်ကြားပေးလိုက်ပါသည်။

ဝါခေါင်လသည် သိပ်ဟ်ရာသီဖြစ်သည်။ သိပ်ဟ်ရာသီသည် ပါဠိသီဟ ရာသီဖြစ်၍ ကောင်းကင်တွင် ကြယ်အချို့ ခြင်္သေ့ရုပ်အသွင်ဖြင့် တွေ့မြင်နိုင်သည်။ သရဝဏ်နက္ခတ် ထွန်းလင်းသည်။ ဝါခေါင်လ၏ ရာသီပန်းအဖြစ် ခတ္တာပန်းများ ပွင့်ကြသည်။

မေတ္တာဘာဝနာပွားများသော ပုဂ္ဂိုလ်သည် အောက်ဖော်ပြပါ အကျိုးများကို ခံစားရကြောင်း သိရပါသည်။

**"ချမ်းသာစွာအိပ်စက်ရခြင်း၊ ချမ်းသာစွာနိုးရခြင်း၊ မကောင်းသော အိပ်မက် မမက်ခြင်း၊ လူတို့ချစ်ခင်ခြင်း၊ နတ်ဗြဟ္မာတို့ စောင့်ရှောက်ခြင်း၊ လူမှ တစ်ပါးသောသူတို့ချစ်ခင်ခြင်း၊ မီး၊ အဆိပ်၊ ပယောဂနှင့် လက်နက်ကြီးငယ်များ မထိခိုက်ခြင်း၊ မျက်နှာအဆင်း အထူးကြည်လင်ခြင်း၊ မတွေမဝေသေရခြင်း၊ သေလွန်သောအခါ မဂ်ဖိုလ်မရလျှင် ဗြဟ္မာပြည် ရောက်ရခြင်း"**တို့ ဖြစ်သည်။

ဝါခေါင်လ၏ ရာသီပွဲတော်တစ်ခုဖြစ်သော စာရေးတံအလှူပွဲကား ဘုရားရှင်လက်ထက်တော်ကပင် အိန္ဒိယနိုင်ငံတွင် ပေါ်ထွန်းခဲ့သော အလှူပွဲဖြစ်သည်။ အခါတစ်ပါး၌ ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူသည်။ ထိုအချိန်၌ ရာဇဂြိုဟ် တစ်ပြည်လုံးတွင် အစာငတ်မွတ်ခေါင်းပါးသော ဘေးကြီးကျရောက်လေရာ ဒကာများသည် တစ်ကျောင်းတိုက်လုံးရှိ သံဃာတော်များအား ဆွမ်းလှူဒါန်းရန် မတတ်နိုင်ကြကုန်။ အချို့က သံဃာတော်များထဲမှ တစ်ပါး၊ နှစ်ပါး၊ တစ်ကျိပ်၊ နှစ်ကျိပ် စသည်ဖြင့် လှူဒါန်းလိုကြသည်။ အချို့က ဥပုသ်နေ့တွင် ဥပုသ်သီလဆောက်တည်ပြီး မိမိတို့စားသောက်ရန် ယူဆောင်လာသော ဆွမ်းခဲဖွယ်ဘောဇဉ်များကို သံဃာအချို့အား ဆက်ကပ်လိုကြသည်။ အချို့ကမူ ဥပုသ်နေ့တွင် ဆွမ်းပေါများကြ၍ ဥပုသ်ကျော်(၁)ရက်နေ့၌ ဆွမ်းရှားပါးလေ့ရှိသဖြင့် ပို၍အကျိုးများစေရန် ဥပုသ်ကျော်(၁)ရက်နေ့၌ ဆွမ်းလှူဒါန်းလိုကြသည်။

ဤအကြောင်းကို ဘုရားရှင်အား လျှောက်ထားကြလေရာ ဘုရားရှင်က–

(၁) သံဃာအားလုံး ဆွမ်းလှူဒါန်းသောဆွမ်း (သံဃာဘတ်)
(၂) တစ်ပါး၊ နှစ်ပါးစသည် ရည်ညွှန်း၍ လှူဒါန်းသောဆွမ်း (ဥဒ္ဒေသဘတ်)
(၃) ပင့်ဖိတ်၍လှူဒါန်းသောဆွမ်း (နိမန္တနဘတ်)
(၄) စာရေးတံမဲချ၍ လှူဒါန်းသောဆွမ်း (သလာကဘတ်)
(၅) လဆန်းပက္ခ၊ လဆုတ်ပက္ခ၌ လှူဒါန်းသောဆွမ်း (ပက္ခိကဘတ်)
(၆) ဥပုသ်နေ့၌ လှူဒါန်းသောဆွမ်း (ဥပေါသထိကဘတ်)
(၇) ဥပုသ်ကျော်(၁)ရက်နေ့၌ လှူဒါန်းသောဆွမ်း(ပါဋိပဒိကဘတ်)

တို့ကို လှူဒါန်းနိုင်ကြောင်း ခွင့်ပြုတော်မူပေသည်။ ဤသို့ ဘုရားရှင် ခွင့်ပြုတော်မူချိန်မှစ၍ စာရေးတံမဲချ၍ လှူဒါန်းရသောဆွမ်းအလှူ (သလာကဘတ်) ဖြစ်ပေါ်လာခဲ့ပါသည်။

**ရှေးမြန်မာတို့သည် ဝါခေါင်လကား သံဃာတော်များ တစုတရုံးတည်း စုဝေးတည်ရှိနေချိန် ဆွမ်းပန်းကိစ္စ အခက်အခဲ မဖြစ်စေရအောင် ရည်ရွယ်၍ ဤစာရေးတံမဲပွဲကို ဝါခေါင်လတွင် ကျင်းပခဲ့။**

ရှင်တော်မြတ်ဘုရားက လှူဒါန်းမှုနှင့်ပတ်သက်၍ ဤသို့ ဟောကြားတော်မူခဲ့သည်။

(၁) အိုဒါယကာတို့ ... အကြင်သူ တစ်ယောက်သည် လှူဒါန်းရာ၌ ကိုယ့်ပစ္စည်းကို ကိုယ်သာလှူရန် သင့်ပေသည်။ သူတစ်ပါးကို တိုက်တွန်းခြင်းဖြင့် အကျိုးမရှိဟု ထင်လေ၍ ကိုယ်တိုင်သာလှူသည်။ သူတစ်ပါးအား တိုက်တွန်းခြင်းမပြု၊ ထိုသူသည် ဖြစ်လေရာရာ ဘဝ၌ စည်းစိမ်ဥစ္စာပြည့်စုံ၏ အခြံအရံကား နည်းပါးတတ်သည်။
(၂) အိုဒါယကာတို့ ... အကြင်သူ တစ်ယောက်သည် မိမိဥစ္စာကိုကား မလှူ၊ သူတစ်ပါးကိုမူ လှူရန် တိုက်တွန်းပေ၏။ ထိုသူသည် ဖြစ်လေရာရာဘဝ၌ စည်းစိမ်ဥစ္စာ ချို့တဲ့၏။ အခြံအရံမူကား များတတ်သည်။
(၃) အိုဒါယကာတို့ ... အကြင်သူသည် ကိုယ်တိုင်လည်း မလှူရက်၊ သူတစ်ပါးအားလည်း တိုက်တွန်းဖော်မရ၊ ထိုသူသည် ဖြစ်လေရာရာ သံသရာတစ်ခွင် ကျင်လည်ရာ၌ ဥစ္စာလည်း နွမ်းပါး၊ အခြံအရံလည်း ရှားပါးတတ်သည်။
(၄) အိုဒါယကာတို့ ... အကြင်သူ တစ်ယောက်သည်ကား ကိုယ်တိုင်လည်းလှူ၏။ သူတစ်ပါးအားလည်း လှူရန်တိုက်တွန်း၏။ ထိုသူသည် ဖြစ်လေရာရာ ဘဝကြီးငယ် အသွယ်သွယ်တို့၌ စည်းစိမ်နှင့်လည်း ပြည့်စုံ၏။ အခြံအရံလည်း များတတ်လေသည်။

ထိုစဉ် မိမိလည်းလှူ၍ လှူရန်လည်းဆော်ဩသော နိဗ္ဗာန်ဆော် ဒကာများ ပေါ်ပေါက်လာခဲ့သည်။

စာရေးတံမဲဖြင့် လှူဒါန်းရာတွင် အလှူရှင်များက မဲနှိုက်ကြသည်။ ကျရာသံဃာ၊ မဲပေါက်သော သံဃာတော်များအား လှူဒါန်းကြရသည်။

ဗုဒ္ဓမြတ်စွာ လက်ထက်တော်အခါက ဘုရားရှင်၏ ခွင့်ပြုညွှန်ကြားတော်မူချက်အရ သံဃာတော်များက ရဟန်းတစ်ပါးကို ဆွမ်းညွှန်းသူ (ဘတ္တုဒ္ဒေ သက)အဖြစ် သံဃာသမ္မုတိပေးကာ တင်မြှောက်ထားကြရသည်။ တင်မြှောက်ထားခံရသော ရဟန်းသည် ဆန္ဒဂတိ၊ ဒေါသဂတိ၊ မောဟဂတိ၊ ဘယာဂတိဟူသော အဂတိလေးပါး မလိုက်စားရခြင်း၊ ညွှန်းပြီး မညွှန်းရသေးတို့ကို သိရှိရခြင်းစသော အင်္ဂါငါးပါးနှင့် ပြည့်စုံရသည်။ ဘုရားရှင်လက်ထက်တော်က ဆွမ်းညွှန်းသူအဖြစ် တင်မြှောက်ခံရသော ပုဂ္ဂိုလ်ကား မလ္လာမင်း၏သား ရှင်ဒဗ္ဗမည်သော ရဟန္တာမထေရ်တည်း။

ဆွမ်းညွှန်းရဟန်းသည် စာရေးတံဆွမ်းကိစ္စကို ဆောင်ရွက်သည့်အခါ၌ ဤမည်သော ဒကာ၏ စာရေးတံဆွမ်းတည်းဟု ဒကာ၏ အမည်ကိုရေးသားထားသော သစ်သားနှစ်ဖြင့် ပြုလုပ်ထားသော အတံကလေးများကိုဖြစ်စေ၊ ဝါးခြမ်းပြား၊ နှီးပြား၊ ထန်းရွက်၊ ပေရွက်တို့ကို ဖြစ်စေ မဲအဖြစ်အသုံးပြုရသည်။ ထိုစာရေးတံ မဲကလေးများကို ခြင်းတောင်း၌ လည်းကောင်း၊ သင်္ကန်းလိပ်၌ လည်းကောင်း၊ ထည့်မွှေပြီး ထပ်တလဲလဲ ထက်အောက်ပြောင်းပြန်လှုပ်ကာ အလှည့်အစဉ်ရှိက အလှည့်အစဉ် ရောက်သည့် ရဟန်းမှစ၍ စာရေးတံမဲနှိုက်ယူစေရသည်။ အလှည့်အစဉ်မရှိက မထေရ်ကြီးမှစ၍ နှိုက်ယူစေရသည်။ စာရေးတံမဲကျပြီးသော သံဃာတော်များသည် စာရေးတံမဲကျသည့်အိမ်သို့ ဒကာ၏ ပင့်လျှောက်ချက်အရ အသီးသီး ဆွမ်းစားကြရပေသည် ဤသည်ကို စာရေးတံဆွမ်းအလှူပွဲ (သလာကဘတ်)ဟု ခေါ်ပါသည်။

စာရေးတံဆွမ်းအလှူကို ဘုရားရှင်လက်ထက်တော်က မည်သည့်လရာသီတွင် လှူဒါန်းရမည်ဟု သတ်မှတ်ချက် မတွေ့ရပါ။ ဘုရင် အမှူးရှိသော **ရှေးမြန်မာတို့သည် ဝါခေါင်လကား သံဃာတော်များ တစုတရုံးတည်း စုဝေးတည်ရှိနေချိန် ဆွမ်းပန်းကိစ္စ အခက်အခဲ မဖြစ်စေရအောင် ရည်ရွယ်၍ ဤစာရေးတံမဲပွဲကို ဝါခေါင်လတွင် ကျင်းပခဲ့ကြပါသည်။**

ပထမတွင် အစဉ်အလာအတိုင်း ဆွမ်းကိုသာလှူဒါန်းကြသော်လည်း နောက်ပိုင်းတွင် သဒ္ဓါတရားထက်သန်လျှင် ထက်သန်သည့်အတိုင်း ဝတ္ထုပစ္စည်းများ လှူဒါန်းကြပါသည်။

သို့ဖြစ်ရာ ဝါခေါင်လ အခါသမယတွင် ဗုဒ္ဓဘာသာဝင်တို့အဖို့ မေတ္တာစိတ်၊ မေတ္တာသံများ ကျန်အချိန်ကာလများထက် ပိုမိုလွှမ်းခြုံပျံ့နှံ့နေကြပြီး သဒ္ဓါတရားများသည်လည်း ထက်သန်ပွားများလျက် ရှိကြပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## မြန်မာ့အသံ နားဆင်စရာ

**၁၃၆၉ ခုနှစ်**
**ဝါခေါင်လပြည့်နေ့**
**၂၈–၈–၂၀၀၇**
**(အင်္ဂါနေ့)**

**နံနက်ပိုင်း**

- ၀၇:၀၀ တရားတော် (ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့ တရားတော်)

**နေ့လယ်ပိုင်း**

- ၀၉:၀၀ နဝင်္ဂဥပေါသထ သီလပေး တရားတော် (နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘဏ ညောင်တုန်း ပါဠိတက္ကသိုလ်ကျောင်းတိုက်)
- ၁၀:၀၀ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝါသနာရှင် (ဒုတိယတန်း)အဆင့် အမျိုးသမီးအဆိုပြိုင်ပွဲဝင်များ လေ့လာနားဆင်ရန် (ကာလပေါ်တေး/ခေတ်ဟောင်းတေး)
- ၁၁:၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (လှိုင်သာယာစက်မှုဇုန်မှ ဂျယ်လီနှင့် သကြားလုံးစက်ရုံ အကြောင်း)
- ၁၁:၃၀ မြန်မာ့မှုဟန် ဇာတိမာန် ဟောပြောချက် (စာရေးဆရာ ဦးလတ်၏ ရွှေပြည်စိုး–သာရဝေါစိုးကြည်)
- ၁၂:၀၀ သူ့အတွေးနှင့် သူ့အရေး (ကိုယ်ပြုတဲ့ကံ ကိုယ့်ထံပြန်–ခင်စောတင့်)
- ၁၂:၁၀ ဇာတ်လမ်းပမာနားဆင်စရာ (အလှဆုံး ဆရာမ)
- ၁၂:၃၀ ဝါခေါင်လပြည့်တရားတော်
- ၁၃:၁၀ ပညာရေး အသံလွှင့်အစီအစဉ် (အလယ်တန်း–အင်္ဂလိပ်စာ–Tenses)

**ညနေပိုင်း**

- ၁၆:၀၀ မင်းကွန်းဆရာတော်ကြီး၏ အာဋ္ဌာနာဋိယသုတ်ပါဠိနှင့်အနက်
- ၁၇:၀၀ တပ်မတော်စာတိုက်
- ၁၇:၁၀ မော်ဘီမြို့ စန္ဒကူးမြိုင်တရားစခန်း အကြောင်း
- ၁၇:၃၀ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (ကျန်းမာရေးအတွက် လိုအပ်သော ကိုယ်လက်လှုပ်ရှားမှု)
- ၁၇:၅၀ သောတရှင်အတွက် ပြန်ကြားချက်
- ၁၈:၂၅ ကျေးလက်ဇာတ်လမ်း (အနားမှာနေပါကွယ်)
- ၁၉:၁၅ မြန်မာမှု မြန်မာ့သဘင်(ကွက်စိပ်) (တွံတေးဒဂုံဆရာညွှန့်၏ ဗုဒ္ဓဝင်တောထွက်ခန်း)
- ၂၀:၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
  - (၁) ငြင်းပယ်မှာပဲစိုးမိတယ် (ကိုသန်းလှိုင်)
  - (၂) ချစ်တာပမာန (တင်တင်မြ)
  - (၃) အကျည်းတန်ချစ်သူ (မောင်မောင်ကြီး)
- – အရပ်(၁၀)မျက်နှာ မေတ္တာဘာဝနာတရားတော်

# မိတ္ထီလာမြို့နယ်လုံးကျွတ် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ကျန်းမာရေးပညာပေး၊ ရေစီးရေလာကောင်းမွန်ရန်ဆောင်ရွက်

မိတ္ထီလာ ဩဂုတ် ၁၂

**မန္တလေးတိုင်း မိတ္ထီလာ မြို့နယ်လုံးကျွတ် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ကျန်းမာရေး ပညာပေးခြင်း၊ သောက်ရေသုံးရေများ စနစ်တကျထားရှိရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်း ဆောင်ရွက်ခြင်းတို့ကို ဩဂုတ် ၄ရက် နံနက် ၈နာရီခွဲက ရန်မျိုးအောင်ရပ်ကွက်၌ ကျင်းပသည်။**

ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌ ဦးမြင့်သန်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မြင့်က ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

**ဆောင်ရွက်**

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဦးမြင့်သန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မြင့်၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ချိုချိုသိန်းနှင့်အသင်းဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်ဖြူဖြူခင်နှင့် အသင်းဝင်များ၊ ခရိုင်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောဌေး၊ မြို့နယ် အသင်းအတွင်းရေးမှူး ဦးစိုးသန်းနှင့် အလုပ်အမှုဆောင်များ၊ သူနာပြုများ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ရပ်ကွက်အတွင်းမှ ပြည်သူ့စွမ်းအားရှင်များ၊မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ အုပ်စုသုံးစု ခွဲကာ ရပ်ကွက်အတွင်းရှိ နေအိမ်များသို့ တစ်အိမ်တက်ဆင်း သွားရောက်ကာ သောက်သုံးရေများ စနစ်တကျထားရှိ ရေး ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းဆောင်ရွက်ခြင်း၊ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးတို့ကို ဆောင်ရွက်ကြသည်။

**ပညာပေး**

ဆက်လက်၍ အဆိုပါ အဖွဲ့များသည် မိတ္ထီလာမြို့ မြို့ပေါ်ရပ်ကွက်များ ဖြစ်သည့် အောင်ဇေယျာ မြို့မ၊ အောင်ဆန်းဈေးအရှေ့ပြင်၊ သီရိမင်္ဂလာ (ဝန်ဇင်း)၊ ကျီတော်ကုန်း၊ ပေါက်ချောင်း၊ ချည်စက်၊ နန်းတော်ကုန်း၊ ရတနာမာန်အောင်၊ ပြည်သာယာတောင်၊ ပြည်သာယာမြောက်ရပ်ကွက်များသို့ သွားရောက်ကာ ကျန်းမာရေး အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

**ဇူလိုင် ၃၁ရက်က သပိတ်ကျင်းမြို့နယ် ဥက္ကဋ္ဌ ဦးမျိုးဟန် လိုက်ပါလျက် အမှုဆောင်အရာရှိ ဦးကျော်ချမ်းမြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ဇင်ဇင်သက်တို့ ကျေးရွာ ၁၅ရွာ၏ ကျေးရွာရေရရှိရေးလုပ်ငန်းများ လည်ပတ်နိုင်မှု ရှိ၊ မရှိကို ကွင်းဆင်းစစ်ဆေးကြစဉ်။** (မြို့နယ်စည်ပင်)

# ရွှေနဝေ (စံပြ) စာကြည့်တိုက် အလှူရှင်များ ဂုဏ်ပြုလွှာပေးအပ်ပွဲ မြင်းကကုန်း၌ ကျင်းပ

**မြင်းကကုန်း ဩဂုတ် ၂၂**

မြင်းကကုန်းမြို့ ကိုယ့်အားကိုယ်ကိုး ရွှေနဝေ(စံပြ)စာကြည့်တိုက် အခြေခံပညာ အထက်တန်းကျောင်းသို့ စာအုပ်လှူဒါန်းပွဲနှင့် အလှူရှင်များသို့ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၂၁ရက်က မြင်းကကုန်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

**ဂုဏ်ပြုလွှာ**

အခမ်းအနားတွင် အခြေခံပညာ အထက်တန်းကျောင်းသို့ ကျောင်းသူကျောင်းသားများ ဖတ်ရှုရန်အတွက် သုတ၊ ရသစွယ်စုံစာအုပ်များ၊ ဘာသာရေးစာအုပ်များ ပေးအပ်လှူဒါန်းခြင်း၊ (စံပြ) စာကြည့်တိုက်ဖြစ်မြောက်ရေးနှင့် စာကြည့်တိုက်ထာဝစဉ် တည်တံ့ခိုင်မာရေးအတွက် ကူညီပံ့ပိုးထောက်ပေးသူ ၁၉ဦးနှင့် လစဉ် စာပေဒါနအလှူရှင် ၂၂ ဦးတို့အား ရပ်ကွက်ဥက္ကဋ္ဌ ဦးခင်စိုး၊ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ကြီး **(အောက်ပုံ)**၊ အတွင်းရေးမှူး ဦးမြင့်စိုးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှ စခန်းမှူး သန့်ဇော်တို့က ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။ **(ဝ၂ဝ)**

**ဘော်လခဲမြို့ သန့်ရှင်းသပ်ရပ်လှပစေရန် အဖွဲ့ဝန်ထမ်းများ ဇွန် ၁၅ရက်က ကယားပိုင်းရပ်ကွက် စောလဖော်လမ်းဘေး ဝဲယာ တစ်လျှောက် သန့်ရှင်းရေး ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးမောင်တင်ဦး ကြီးကြပ်ပေးစဉ်။** (မြို့နယ်စည်ပင်)

# ကျိုက်မရော၌ ခရီးသည်များသွားလာရေး သတ်မှတ်ကူးတို့နှုန်းထားဖြင့် ကောက်ခံ

**ကျိုက်မရော ဩဂုတ် ၉**

ကျိုက်မရောမြို့နယ် ကျိုက်မရော-ကော့ပနော့ ကူးတို့ဆိပ်ကမ်းတွင် ခရီးသည်များ လွယ်ကူချောမွေ့စွာ သွားလာနိုင်ရေးနှင့် သတ်မှတ်ထားသော ကူးတို့နှုန်းထားများအတိုင်း ကောက်ခံမှုကို ဇူလိုင် ၂၃ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကြိုင် ကွင်းဆင်းစစ်ဆေးကြည့်ရှုရာ အမှုဆောင်အရာရှိ ဦးသန့်ဇင်က လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**(မြို့နယ်စည်ပင်)**

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျန်းမာရေးဦးစီးဌာန ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များစုပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ဇူလိုင် ၂၇ရက်က စည်ပင်သာယာရေးအဖွဲ့ ကျန်းမာရေးမှူး ဦးတင်ဝင်းလှိုင်နှင့် ဝန်ထမ်းများ အမှတ်(၄)ရပ်ကွက်အတွင်းရှိ ရေမြောင်းများ၊ နေအိမ်များအတွင်း အဖွဲ့ပိုင် ခြင်ဆေးဖျန်းစက်ဖြင့် ဖျန်းကြစဉ်။

(မြို့နယ်စည်ပင်)

# စဥ့်ကူးမြို့ မာလဲနတ်တောင်ဆည်အတွင်း ငါးမျိုးများစိုက်ထည့်ပွဲ အခမ်းအနားကျင်းပ

စဥ့်ကူး ဩဂုတ် ၂၀

**မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် စဥ့်ကူးမြို့နယ်တွင် သား၊ ငါး သယံဇာတများ ပေါကြွယ်ဝစေရန်ရည်ရွယ်၍ မာလဲ နတ်တောင်ဆည်အတွင်း ငါးမျိုးများ စိုက်ထည့်ပွဲ အခမ်းအနားကို ဩဂုတ် ၉ရက် နံနက် ၉နာရီကကျင်းပသည်။**

အခမ်းအနားသို့ ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းလွင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဆည်မြောင်းဦးစီးဌာနနှင့် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက် အားပေးကြပြီး ငါးသားပေါက်ကောင်ရေ သုံးသိန်းကို မာလဲ နတ်တောင် ဆည်အတွင်းသို့ ငါးမျိုးများ စုပေါင်းစိုက်ထည့်ပေးကြသည်။ **(ယာပုံ)**

**စုပေါင်းစိုက်ထည့်**

အလားတူ မြို့နယ်တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများသည် ငါးမျိုးစိုက်ထည့်ခြင်း လုပ်ငန်းများကို ဩဂုတ် ၁၀ရက်က စဥ့်ကူးမြို့နယ် ညောင်ဝန်းကျေးရွာ ဧရာဝတီမြစ်နှင့် ဆက်စပ်လျက်ရှိသည့် မောင်းမကန် သဘာဝရေလျှံကွင်းအတွင်းသို့ ငါးမျိုးသားပေါက်ကောင်ရေ သိန်း ၆၀ ကို စုပေါင်းစိုက်ထည့်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**မုဒုံမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ၂၀၀၆-၂၀၀၇ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇူလိုင် ၂၁ရက်က အထက(၁) ရှင်အရဟံခန်းမတွင် ကျင်းပရာ မိဘဆရာအသင်း အမှုဆောင်တစ်ဦးက ပထမတန်းမှ တတိယတန်းအထိ သုံးနှစ်ဆက်တိုက် ပထမဆုရ မနှင်းပွင့်ဖြူအား ဆုချီးမြှင့်စဉ်။** (မြို့နယ်ပညာရေး)

# အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်း သင်တန်းဆင်းပွဲ မင်းတပ်၌ကျင်းပ

*မင်းတပ် ဩဂုတ် ၁၅*

*မင်းတပ် အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်း၏ အခြေခံ စက်ချုပ်သင်တန်း အမှတ်စဉ်(၁၁)၊ အဆင့်မြင့်စက်ချုပ် သင်တန်းအမှတ်စဉ်(၆)၊ သိုးမွေးစက်ဆွဲ သင်တန်းအမှတ်စဉ် (၉)၊ ကနုကမာ ကျောက်စီသင်တန်း အမှတ်စဉ်(၉)၊ အခြေခံ ရက်ကန်းသင်တန်း အမှတ်စဉ် (၅) သင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၁၀ရက် နံနက် ၉နာရီက အဆိုပါ ကျောင်း၌ ကျင်းပသည်။*

*အ ခမ်း အ နား တွင် မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းမြင့်က အမှာ စကား ပြောကြားပြီး သင်တန်းဆင်း အောင်လက်မှတ်များနှင့် သင်တန်းထူးချွန်ဆု များကို ချီးမြှင့်ရာ သင်တန်းဆင်း အောင်လက်မှတ်များကို နယ်လှည့်ဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းနောင်က ပေးအပ်ပြီး အဆင့်မြင့် စက်ချုပ်သင်တန်း၌ ထူးချွန်ဆုရ သင်တန်းသူအား ခရိုင်ဥက္ကဋ္ဌဦးသန်းမြင့်က အပ်ချုပ်စက်ခေါင်းတစ်လုံးကို လည်းကောင်း၊ အခြေခံစက်ချုပ်သင်တန်း၌ထူးချွန်ဆုရ သင်တန်းသူအား မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်သိန်းက အပ်ချုပ် စက်ခေါင်းတစ်လုံးကို လည်းကောင်း ဆုချီးမြှင့်ကြသည်။*

*ထို့နောက် အမျိုးသမီးရေးရာအဖွဲ့၏ သက်ငယ်အဖွဲ့ဝင် အသိအမှတ်ပြုလွှာများကိုခရိုင်အမျိုးသမီးရေးရာအဖွဲ့အတွင်းရေးမှူးက ပေးအပ်သည်။အဆိုပါ သင်တန်းကို သုံးလသင်ကြားပေးခဲ့ပြီး သင်တန်းသူ ၅၄ ဦး တက်ရောက်ကြသည်။*

*(ခရိုင် ပြန်/ဆက်)*

## သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်မှ ရိုက်နှိပ်ထုတ်ဝေဖြန့်ချီလျက်ရှိသော ကျမ်းစာအုပ်များကို သာသနာရေးဦးစီးဌာန အရောင်းဆိုင်တွင် ရောင်းချလျက်ရှိကြောင်း

သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်မှရိုက်နှိပ်ထုတ်ဝေဖြန့်ချီလျက်ရှိသော ပါဠိတော်များ၊ တိပိဋကပါဠိ–မြန်မာအဘိဓာန်များ၊ (၂၀၀၈–၂၀၁၁)ပြဋ္ဌာန်း ဇာတကအဋ္ဌကထာ (ကြီး၊ လတ်၊ ငယ်) စသည့် စာသင်သားသုံးကျမ်းစာများ၊ မဟာဗုဒ္ဓဝင်၊ ပဋ္ဌာန်းပါဠိတော်၊ ပိဋကသုံးပုံပါဠိတော်၊ မြတ်ဗုဒ္ဓ၏တရားစုများ (ပ)တွဲ၊ ဋီကာကျော် မြန်မာပြန် (ပ) (ဒု) (တ)၊ ဆယ်စောင်တွဲ၊ ဝတ်ရွတ်စဉ်၊ လစဉ်ထုတ် သာသနာ့ရောင်ခြည်နှင့် အခြားလေ့လာမှတ်သား ဖတ်ရှုဖွယ်ကျမ်းစာအုပ်ကောင်းအမျိုးမျိုးတို့ကို ကမ္ဘာအေးဘုရားလမ်းရှိ သာသနာရေးဦးစီးဌာန ကျမ်းစာအုပ်အရောင်းဆိုင်တွင် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချပေးလျက်ရှိကြောင်း ဝယ်ယူလှူဒါန်းလိုသည့် ဓမ္မဒါနအလှူရှင်များသည် ကျမ်းစာအုပ်များကို တယ်လီဖုန်းအမှတ် ၆၆၀၈၄၃၊ ၆၆၁၃၀၂တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သာသနာရေးဦးစီးဌာန။**

## Vacancy
## Agriculturist ဝန်ထမ်းအလိုရှိသည်
### (ပြည်တွင်း၌မြန်မာကျပ်ငွေဖြင့် ခန့်ထားရန်)

ပြည့်ပြည့်ဝဝကုမ္ပဏီလီမိတက်၏ မျိုးစေ့ထုတ်လုပ်ရေးလုပ်ငန်းနှင့် မျိုးစေ့ဈေးကွက် ရှာဖွေရေးလုပ်ငန်းအား တာဝန်ထမ်းဆောင်ရန် အသက် ၃၀အောက် အမျိုးသားစိုက်ပျိုးရေးပညာရှင် Agriculturist (၁၀)ဦး အလိုရှိသည်။ စိုက်ပျိုးရေးဘာသာရပ်နှင့် ရင်းနှီးကျွမ်းဝင်သည့် အခြေခံပညာအထက်တန်းအောင်မြင်သူ၊ စိုက်ပျိုးရေးဒီပလိုမာ(သို့)စိုက်ပျိုးရေးဘွဲ့ရရှိသူဖြစ်ရမည်။ မြန်မာနိုင်ငံ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းဒေသများတွင် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။ အရည်အချင်းပြည့်မီပြီး စိတ်ပါဝင်စားသူတိုင်း ကိုယ်ရေး ရာဇဝင်ဖောင် CV Form ဖြင့် ၂၀၀၇ ခုနှစ် စက်တင်ဘာ ၅ ရက် မတိုင်မီ ပြည့်ပြည့်ဝဝကုမ္ပဏီ လီမိတက်သို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်သည်။ လစာအရည်အချင်းပေါ်မူတည်သည်။ အလုပ်သမားမှတ်ပုံတင်မိတ္တူပါရှိရမည်။

**ဆက်သွယ်ရန်ဖုန်းအမှတ်** ၀၁–၆၃၈၁၇၄၊ ၆၅၁၈၃၅။
**ဆက်သွယ်ရန်လိပ်စာ** အမှတ် ၁/ဘီ၊
အခန်းအမှတ် ၁၀၃–၁၀၄(အေ/ဘီ)၊ ရတနာအိမ်ရာ၊ ပြည်လမ်း၊ ကိုးမိုင်၊
မရမ်းကုန်းမြို့နယ်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၃ B၊ မြေကွက်အမှတ် ၅၊ မြေကွက်တည်နေရာ အမှတ်(၃၇) ဦးထွန်းမြတ်လမ်း တာမွေ ဦးမာမက်ရှဖီး အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက်ဦးမာမက်ရှဖီးကွယ်လွန်သဖြင့် ဒေါ်စကီနာဘီ ၁၂/တမန(နိုင်)၀၇၆၅၂၇ က ဇနီးတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အပိုင်ပေးစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။**

## သမဝါယမဝန်ကြီးဌာန
## သမဝါယမဦးစီးဌာန
## ရန်ကုန်သမဝါယမဒီဂရီကောလိပ်
## သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန(ရန်ကုန်သမဝါယမဒီဂရီကောလိပ်)၏ အစီအစဉ်ဖြင့် အောက်ပါသင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၁။ **ဖွင့်လှစ်မည့်သင်တန်းများ** (၁) ဒီပလိုမာသင်တန်းများ
( i) Diploma in English
(ii) Diploma in Computer Studies
(၂) လက်မှတ်ရသင်တန်းများ
( i) Certificate in English Proficiency Course
(ii) Certificate in Business English Course
(iii) Certificate in Basic Computer Course
(iv) Certificate in Computerized Accounting Course(MYOB)
(v) Certificate in Basic Programming (VB 6.0)Course
(ပြင်ပကျွမ်းကျင်ပညာရှင်များဖြင့် ပူးပေါင်းပို့ချမည်)

၂။ **သင်တန်းအောင်လက်မှတ်** – ဒီပလိုမာသင်တန်း(Diploma)
– လက်မှတ်ရသင်တန်း(Certificate)

၃။ **သင်တန်းကာလ** – ဒီပလိုမာသင်တန်း–(၁)နှစ်
– လက်မှတ်ရသင်တန်း–(၃)လ

၄။ **သင်တန်းဝင်ခွင့်အရည်အချင်း**– ဒီပလိုမာသင်တန်းအတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူများ
– လက်မှတ်ရသင်တန်းအတွက် အနိမ့်ဆုံးအခြေခံပညာအထက်တန်းအဆင့်ရှိသူများ

၅။ **လျှောက်လွှာပုံစံယူရန်နှင့် သင်တန်းတည်နေရာ** – ရန်ကုန်သမဝါယမဒီဂရီကောလိပ် (ဒီပလိုမာသင်တန်းခွဲ)
– သမဝါယမကုန်သည်ရောင်းဝယ်ရေးဗဟိုဌာန (တတိယထပ်)၊ ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းသစ်လမ်းထောင့်၊ ဗဟန်းမြို့နယ်။

၆။ **သင်တန်းဖွင့်မည့်ရက်** – ဒီပလိုမာသင်တန်း (၂၄–၉–၂၀၀၇)ရက်
လက်မှတ်ရသင်တန်း(၂၀–၁၀–၂၀၀၇)ရက်

၇။ **အသေးစိတ်အချက်အလက်စုံစမ်းရန်** – အထက်ပါသင်တန်းခွဲရုံး၊
– ဖုန်း– ၅၄၂၈၁၅၊ ၅၅၉၁၇၃။


သင့် ရင်သွေးအတွက် အမှန်ကန်ဆုံးသော နာမည် လှလှတွေ ရစေဖို့
ကွန်ပျူဗေဒသုခုမ မှာ စိတ်ချရတယ်။
◆ ဖုန်းသာ ဆက်လိုက်ပါ။ အိမ်အရောက် ဝန်ဆောင်မှုဖြင့် ပို့ပေးနေပါသည်။
အမှတ် – ၁၅ ၊ ၄၉ လမ်း ၊ ရန်ကုန်မြို့။
Ph: 723102 ,, 297175 ,, 0951-74226



နိုင်ငံခြားသွားမည့်သူများအတွက်ယုံကြည်အားထားရတဲ့သင်တန်းတစ်ခုလည်းတန်းမှာပေါ်ပေါက်လာပြီ
နိုင်ငံခြားသွားအထူးအမြန်သင်တန်း
နိုင်ငံတကာအတွေ့အကြုံ (၁၀) နှစ်ကျော်ရှိ ဆရာ ဦးအောင်ကျော်မင်း(Ex.Comm.Officer) ကိုယ်တိုင်သင်သည်။
အသုံးချအင်္ဂလိပ်စကားပြောအပြင်လေယာဉ်ပေါ်မှာ White Card ဖြည့်တာကအစ အလုပ်ခွင်ဝင်တဲ့အထိ သင်စိတ်ပူနေတာတွေ၊ လိုအပ် နေတာတွေအားလုံး ပြည့်စုံအဆင်ပြေသွားစေရမယ်။
ပုံမှန်မိုးမိုး အင်္ဂလိပ်စကားပြောနှင့်အင်တာဗျူး တန်းများ လည်းဖွင့်ပြီ။
EDUMAP LANGUAGE CENTRE 095191046
တိုက်(၁)၊အခန်း(၁၈)ပထပ်၊လှည်းတန်းလမ်းဆုံးအနီး။ 505965



## ကန်ထရိုက်တာများဆက်သွယ်ပါ

တည်ဆောက်ရေးလုပ်ငန်းများ (RC - Work)များအား နေရာဒေသမရွေး သွားရောက်လုပ်ကိုင်နိုင်သူများ ဆက်သွယ်ပါ။
ဆက်သွယ်ရန် ဖုန်း၊ ၀၉ - ၅၀၀၈၅၁၇


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၄၄/သမိုင်း၊ မြေကွက်အမှတ် ၉/ဆ^၁၊ မြေကွက်တည်နေရာ အမှတ်(၁၅၅)၊ မစိုးရိမ်ကျောင်းလမ်း အမှတ်(၅)ရပ်ကွက် မရမ်းကုန်းမြို့နယ် ဒေါ်ကြည်ကြည် အမည်ပေါက် B မြေပိုင်မြေအား အမည်ပေါက် မိခင်ဒေါ်ကြည်ကြည်နှင့် ဖခင်ဦးမြတ်သိန်း ကွယ်လွန်သဖြင့် (၁) ဒေါ်သင်းသင်းသွယ် ၁၂/ကမတ(နိုင်)၀၁၈၇၀၇၊ (၂) ဦးသန့်ရွှေ ၁၂/မရက(နိုင်)၀၆၀၄၇၇၊ (၃) ဒေါ်မြတ်နှင်းအေး ၁၂/ပဇတ(နိုင်)၀၀၃၄၇၅၊ (၄) ဒေါ်မြတ်မဉ္ဇူ ၁၂/လမတ(နိုင်)၀၂၁၄၃၄ တို့က သား သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အပိုင်ပေး စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။**

**ပြင်ဆင်ဖတ်ရှုပါရန်** ၁၉–၅–၂၀၀၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၁၇)ပါ ကြော်ငြာစာ ဦးစု ၉/မရမ (နိုင်) ၀၃၉၄၆၄ အမှုတွဲအမှတ် ၀၁၆၄/ဘ(ပြောင်း) ၂၀၀၇–၂၀၀၈အစား ၀၀၆၄/ဘ(ပြောင်း) ၂၀၀၇–၂၀၀၈ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ရောင်းရန်ကြော်ငြာ
### (တရားမကျင့်ထုံး ကိုဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
### မန္တလေးတိုင်းတရားရုံး
### ၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်–၁၅၀(အမ်)

မြန်မာ့စီးပွားရေးဘဏ် (၂) **နှင့်** ၁။ ဦးကျော်အေး
မန္တလေးမြို့။ ၂။ ဒေါ်သောင်းညွန့်
**တရားနိုင်** **တရားရှုံး**

၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ် ၂၉ တွင်ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၇ ခုနှစ် အောက်တိုဘာ ၁၀ ရက်(မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် တော်သလင်းလပြည့်ကျော် ၁၄ ရက်) မွန်းမတည့်မီ ၁၀နာရီ အချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း**

မိုးကုတ်မြို့ ကသဲအောင်သစ်လွင်ရပ်ကွက် အကွက်အမှတ်(ကွင်းပြင်)၊ ဦးပိုင်အမှတ်(၉) ဧရိယာ ၀၁၁၁မဝ၇၄ဧကရှိ မြေနှင့်ယင်းမြေပေါ်ရှိ အကျယ် (၃၀x၃၇)ပေရှိ နှစ်ထပ်နံကပ်တိုက်တွဲ လျက် အကျယ် (၃၀x၁၂)ပေရှိ တစ်ထပ်နံကပ်အုတ်ခင်း။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း ၁၁၀။**
**ရောင်းချရန် စည်းကမ်းချက်များ**

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့် အတိုင်းရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင် ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ ခုနှစ် ဩဂုတ် ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**လေးလေးမွန်**
**တွဲဖက်တိုင်းတရားသူကြီး(၄)**
**မန္တလေးတိုင်းတရားရုံး။**

## အမည်ဖြည့်စွက်ခေါ်ဆိုပါရန်

တောင်ငူမြို့ ၁၂ရပ်ကွက် ဦးဝင်းစူလမ်းနေ ကျွန်မဒေါ်အေးအေးမြင့်အား ဇဗေဒါ(ခ)ခင်ခင်စိန်ဟု အမည်ဖြည့်စွက်ခေါ်ဆိုပါရန်။

**ဒေါ်အေးအေးမြင့်**
**၇/တငန (နိုင်) ၀၉၄၆၉၅။**


တာမွေ ကျွန်းကရစ် အလှပန်းကန် ရုံး
မေတ္တာညွန့် မဟာဝီရဂုဏ်လင်း
Ph 543604 09-51-88062 09-80-34928



## K.I.S ကားငှားလုပ်ငန်း

ကားမျိုးစုံငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပါ။
**ဖုန်း–၂၉၃၂၉၄၊ ၀၉–၅၁–၃၇၇၇၈၊ ၀၉–၅၀–၀၂၄၄၀။**


## ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ ပထမတန်း စက်ခန်းအုပ် လက်မှတ် အမှတ် ၄၆/၉၈ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပါရန်။ **ဦးထွန်းလှိုင်**
**ဖုန်း–၅၄၄၆၇၀။**

## ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ရေကြောင်းပို့ဆောင်ရေးဌာနမှ စက်ခန်းအုပ် လက်မှတ် အမှတ် စမပ ၃၇/၈၇သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကပေးပို့ပါရန်။
**ဦးမောင်ကို**
**ဖုန်း–၀၉–၅၁–၇၄၉၅၀။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပုဇွန်တောင်မြို့နယ်မြေတိုင်း ရပ်ကွက်အမှတ် ၁၀ အိုင်^၂ မြေကွက်အမှတ် ပထမတန်းစား ၆၊ မြေကွက်တည်နေရာ အမှတ် (၁၉၈/၂၀၀) မဟာဗန္ဓုလလမ်းနှင့် အမှတ် (၇၁/၇၃) ၅၁လမ်း ပုဇွန်တောင်မြို့နယ် ကိုကြည်ညွှန့်နှင့် မခင်ကြည် အမည်ပေါက် နှစ် ၉၀ ဂရန်မြေအား အမည်ပေါက် ဖခင်ဦးကြည်ညွှန့်နှင့် မိခင်ဒေါ်ခင်ကြည်ကွယ်လွန်သဖြင့် ဦးမြင့်သိန်း(ခ)ဦးခင်မောင်ဦး ၁၂/ပဇတ(နိုင်)၀၀၃၄၇၆က သားတော်စပ်ကြောင်း၊ အခြားညီအစ်ကိုများဖြစ်ကြသော ဦးခင်မောင်ကြည်နှင့် ဦးခင်မောင်ညွန့်တို့သည် လူပျိုကြီးဘဝဖြင့် ကွယ်လွန်ကြကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။**


THREE FRIENDS CONSTRUCTION CO.,LTD. (မှ) [PAE စနစ်] ဖြင့်တာဝန်ယူ၍ တည်ဆောက်ပေးနေသည့်လုံးချင်းအိမ်များ

❖ အထပ်မြင့်နှင့် လုံးချင်းအိမ်များတည်ဆောက်ပေးခြင်း၊ (PAE)
❖ အိမ်အတွင်းအပြင်အလှဆင်ပေးခြင်း၊
❖ အိမ်အလှဆင်ပစ္စည်းများထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးခြင်း၊

၄၄၊အေ(၁)၊ကျိုက်တော်အိမ်ရာ၊ ရန်ကုန်(ကုန်သွယ်မှုဗဟိုဌာန)အနောက်၊ မင်္ဂလာတောင်ညွန့်၊ရန်ကုန်။

01 - 299947,294864, 298341,201478, 09-50 11443, 09-50 10289, 09-51 55037, 09-51 54853

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၅ ရက်က ဧရာဝတီတိုင်း ပုသိမ်မြို့ တိုင်းဦးစီးဌာနမှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းအတွင်းရှိ တိုင်းရင်းဆေးရုံ၊ ခရိုင်နှင့်မြို့နယ်တိုင်းရင်းဆေးကုဌာနများမှ တာဝန်ရှိတိုင်းရင်းဆေးရုံအုပ်နှင့် တိုင်းရင်းဆေးမှူးများအား တိုင်းဦးစီးဌာနမှူးဦးသိန်းဝင်းက လုပ်ငန်းဆွေးနွေးစဉ်။ (က–ပ)

## ဆုချီးမြှင့်

သန်လျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံ ပိုက်ကျော်ခြင်း ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ဇူလိုင် ၃၀ရက်က သီဟဒီပ အားကစားခန်းမ၌ ကျင်းပရာ တံခွန်စိုက် ပထမဆုရ မြို့မတောင်ရပ်ကွက်အသင်းအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဌေးက ဆုချီးမြှင့်စဉ်။ (ခရိုင်ပြန်/ဆက်)

# တောင်ဥက္ကလာပနှင့် လှိုင်မြို့နယ်ရှိ ဘုန်းတော်ကြီးစာသင်တိုက်နှင့် သီလရှင်စာသင်တိုက်များသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်း

**ရန်ကုန် ဩဂုတ် ၂၆**

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၁၉ တိုက်သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီ မဟာမုနိဓမ္မာရုံကြီး၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဆရာတော်သံဃာတော်များအား သက်နှုန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**တက်ရောက်ကြည်ညို**

အခမ်းအနားသို့ တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်များမှ ပဓာနနာယက ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ *စာမျက်နှာ ၄ ကော်လံ ၁* *

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက် ၁၉ တိုက်သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများပေးအပ်လှူဒါန်းပွဲတွင် အလှူရှင်များထံမှ လှူဒါန်းငွေများကို လက်ခံစဉ်။** (သတင်းစဉ်)

## အသက် (၁၇)နှစ်အောက် အာဆီယံလူငယ်ဘောလုံးပြိုင်ပွဲ မြန်မာလူငယ်အသင်းက လာအိုလူငယ်အသင်းကို အနိုင်ရ

**ရန်ကုန် ဩဂုတ် ၂၆**

၂၀၀၇ခုနှစ် အသက် (၁၇)နှစ်အောက် အာဆီယံလူငယ်ဘောလုံးပြိုင်ပွဲကို ယနေ့ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲက ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ဆက်လက်ကျင်းပသည်။

**ယှဉ်ပြိုင်ကစား**

ပြိုင်ပွဲတွင် (ခ)အုပ်စုမှ မြန်မာလူငယ်လက်ရွေးစင် ဘောလုံးအသင်းနှင့် လာအိုလူငယ်လက်ရွေးစင် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာလူငယ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

မြန်မာလူငယ်အသင်းအတွက် အနိုင်ဂိုးများကို ပထမပိုင်း ၃၉ မိနစ်တွင် ဇင်လင်းထက်က စတင် တစ်ဂိုးသွင်းယူပြီး ပထမပိုင်းတွင် မြန်မာလူငယ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

**အနိုင်ရရှိ**

ဒုတိယပိုင်း အချိန်ပို ၃ မိနစ်တွင် မြန်မာလူငယ်အသင်းမှ ကောင်းထက်အောင်က ဒုတိယဂိုးကို သွင်းယူကာ နှစ်ဂိုး-ဂိုးမရှိဖြင့် မြန်မာလူငယ်အသင်းက အနိုင်ရရှိသွားသည်။

မြန်မာလူငယ်အသင်းသည် (ခ) အုပ်စုတွင် သုံးပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး လေးမှတ်ရရှိထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မဲခေါင်ဒေသနိုင်ငံများ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ မြန်မာလူငယ်ဘောလုံးအသင်း အနိုင်ရဖိုလ်စွဲ

**ရန်ကုန် ဩဂုတ် ၂၆**

၂၀၀၇ခုနှစ် ဩဂုတ် ၂၂ ရက်မှ ၂၇ ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပလျက်ရှိသော မဲခေါင်ဒေသနိုင်ငံများ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲတွင် မြန်မာလူငယ်ဘောလုံးအသင်းက အနိုင်ရဖိုလ်စွဲသွားသည်။

**အနိုင်ရဖိုလ်စွဲ**

မြန်မာလူငယ်အသင်းသည် ငါးသင်းပတ်လည် ယှဉ်ပြိုင်ကစားခဲ့ရာတွင် ရှုံးပွဲမရှိ လေးပွဲစလုံးအနိုင်ရရှိပြီး ဖိုလ်စွဲသွားခြင်းဖြစ်သည်။

**လေးပွဲစလုံးအနိုင်ရ**

မြန်မာလူငယ်အသင်းသည် ဩဂုတ် ၂၄ ရက် နံနက်ပိုင်းပြိုင်ပွဲတွင် လာအိုအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ညနေပိုင်းပြိုင်ပွဲတွင် ကမ္ဘောဒီးယားအသင်းကို ၁၀ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ဩဂုတ် ၂၆ရက် နံနက်ပိုင်းပြိုင်ပွဲတွင် ဗီယက်နမ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ညနေပိုင်းပြိုင်ပွဲတွင် ထိုင်းအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း လေးပွဲစလုံးအနိုင်ရရှိပြီး ဖိုလ်စွဲသွားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်လုပွဲ ဆက်လက်ယှဉ်ပြိုင်
## စွမ်းအားရှင်က မိုက်ခဲကို စက္ကန့်ပိုင်းအတွင်းအလဲထိုး ဘိလပ်မြေစတားက စောပဂရေမူးကို ဒိုင်ပွဲရပ်ဖြင့် အနိုင်ရ

**၇၁ ကီလို လိုက်မစ်ဒယ်ဝိတ်တန်းတွင် ကြယ်တစ်ပွင့် (မြန်မာပြည်သား)၏ ဘယ်ညာလက်သီးတွဲများကို အာကာဟိန်း (မြို့တော်စည်ပင်) ဤသို့ တိမ်းရှောင်ခဲ့ရသည်။** (မြန်မာ့အလင်း)

သတင်းမြင်ကွင်း - ကိုထွေး

ဓာတ်ပုံ - တင်စိုးနှင့် သိန်းဝင်းလေး (မြန်မာ့အလင်း)

**ရန်ကုန် ဩဂုတ် ၂၆**

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်တို့က ကြီးမှူး၍ ကယ်လ်ဆမ်ကွေကာ (MDG Co., Ltd.)၏ အဓိကပံ့ပိုးကူညီမှုဖြင့် ၂၀၀၇ ခုနှစ် မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံလုပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ဆက်လက်ကျင်းပသည်။

**တစ်ခဲနက်ရှုစား**

ကွာတားဖိုင်နယ် ပထမနေ့ပွဲစဉ်များအဖြစ် ကီလိုတန်းလေးတန်း၌ ရိုးရာ လက်ဝှေ့ကျော် ၂၄ဦးတို့က ရိုးရာလက်ဝှေ့ ၁၂ ပွဲကို ယှဉ်ပြိုင်ထိုးသတ်ကြရာ အားကစားဝါသနာရှင်များ တစ်ခဲနက်ရှုစားအားပေးကြသည်။

**လိုက်ဖလိုင်းဝိတ်တန်း**

၄၈ ကီလို လိုက်ဖလိုင်းဝိတ်တန်း ကွာတားဖိုင်နယ်ပွဲစဉ် ပွဲစဉ်(၁၃) အဖြစ် စောသဲဝေ(သူရဲကောင်း)နှင့် *စာမျက်နှာ ၁၁ ကော်လံ ၁* ●

**၇၁ ကီလို လိုက်မစ်ဒယ်ဝိတ်တန်းတွင် ဘိလပ်မြေစတား (ဘိလပ်မြေစက်ရုံ)၏ ဘယ်လက်သီးနှင့် ညာခြေကန်ချက်များကို စောပဂရေမူး(KLN) ဤသို့ ကာကွယ်ခဲ့ရသည်။**(မြန်မာ့အလင်း)